# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တော်သလင်းလကွယ်နေ့ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်၊ အင်္ဂါနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၁၃]


**အေးစေ မြဲစေ မေတ္တာရေ**

- နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှိမမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

(စံကင်းဆရာတော်ဘုရားကြီး)

## KNU၊ ABSDF၊ RCSS / SSA-S တို့အား မတရားအသင်းအဖြစ်မှ ပယ်ဖျက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထဲရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၅)**

**၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁၄) ရက်**

**၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်**

**မတရားအသင်းအဖြစ်မှ ပယ်ဖျက်ခြင်း**

နိုင်ငံတော်သမ္မတသည် မတရားအသင်းများအက်ဥပဒေအရ မတရားအသင်းများအဖြစ် ကြေညာထားသော အောက်ပါအဖွဲ့အစည်းများအား(၁၂-၁၀-၂၀၁၅) ရက်နေ့မှစ၍ မတရားအသင်းအဖြစ်မှ ပယ်ဖျက်လိုက်သည်-

၁။ ကရင်အမျိုးသားအစည်းအရုံး
(Kayin National Union-KNU)

၂။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး
(All Burma Students Democratic Front -ABSDF)

၃။ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)
{Restoration Council of Shan State -( RCSS ) / Shan State Army-South -(SSA-S)}

**အမိန့်အရ-**

**ဒုတိယဗိုလ်ချုပ်ကြီး ကိုကို**
**ပြည်ထောင်စုဝန်ကြီး**

## ABSDF၊ RCSS / SSA-S တို့အား အကြမ်းဖက်သူများအဖြစ်မှ ပယ်ဖျက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထဲရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၅)**

**၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁၄) ရက်**

**၂၀၁၅ ခုနှစ် ၊ အောက်တိုဘာလ (၁၂) ရက်**

**အကြမ်းဖက်သူများအဖြစ်မှ ပယ်ဖျက်ခြင်း**

နိုင်ငံတော်သမ္မတသည် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်သူများအဖြစ်မှ ကြေညာထားသော အောက်ပါအဖွဲ့အစည်းများအား (၁၂-၁၀-၂၀၁၅) ရက်နေ့မှစ၍ အကြမ်းဖက်သူများအဖြစ်မှ ပယ်ဖျက်လိုက်သည်-

၁။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး
(All Burma Students Democratic Front- ABSDF)

၂။ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)
{Restoration Council of Shan State -(RCSS)/ Shan State Army- South-(SSA-S)}

**အမိန့်အရ-**

**ဒုတိယဗိုလ်ချုပ်ကြီး ကိုကို**
**ပြည်ထောင်စုဝန်ကြီး**

# ရေဘေးသင့်ကလေးဒေသ ပြန်လည်ထူထောင်ရေးဆောင်ရွက်နေ



ကလေးမြို့နယ်ကျောက္ကာကျေးရွာမှ ရေဘေးဒဏ်သင့်ခဲ့သည့် ကျေးရွာသူ ကျေးရွာသားများအတွက် အလှူရှင်များ လှူဒါန်းသော ငွေ၊ ပစ္စည်းများဖြင့် အိမ်ရာသစ်များဆောက်လုပ်နေစဉ်။


**သတင်းဆောင်းပါးနှင့်ဓာတ်ပုံ**
**ခရမ်းစိုးမြင့်**


ကလေးခရိုင်၏ ရေဘေးသည် ကလေးဝ-ကျီကုန်း-တမူးကားလမ်းကိုလည်း ချမ်းသာမပေးခဲ့ပေ။ ကားလမ်းတစ်လျှောက် နေရာပေါင်း ၄၇ နေရာတို့တွင် ကတ္တရာလမ်းသားများ ရေတိုက်စားခြင်း၊ လမ်းတာပေါင်မြေသားများပဲ့ကျခြင်း၊ တံတားများ ရေတိုက်စားသဖြင့် မျောပါကုန်ခြင်း၊ လမ်းပေါ်၌ ရွှံ့နွံတန်းကြီးများ ဖြစ်ပေါ် တင်ကျန်နေခဲ့ခြင်းတို့ ဖြစ်ခဲ့သဖြင့် တန်ဖိုးငွေကျပ် ၁၂၄၄ သန်း ပျက်စီးဆုံးရှုံးခဲ့သောကြောင့် ယာယီပြင်ဆင်မှုများကို ငွေကျပ်သန်း ၃၅၀ အကုန်အကျခံ၍ ပြုလုပ်ထားရကြောင်း သိရသည်။

အောက်တိုဘာ ၄ ရက် မွန်းလွဲပိုင်းက ကလေးလမ်းဦးစီးဌာနမှ အင်ဂျင်နီယာ S.A.E ဒေါ်ဥမ္မာအပါအဝင်


*စာမျက်နှာ ၁၀ ကော်လံ ၁ ✻*





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ရှေးဟောင်းတန်ဖိုး ချစ်မြတ်နိုး

နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ယဉ်ကျေးမှုများရှိပါသည်။ မိမိနိုင်ငံ၊ မိမိလူမျိုးကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်ခဲ့ကြောင်းကို ရှေးဟောင်းသမိုင်းအထောက်အထားများက သက်သေထူပြနိုင်ခဲ့ပါသည်။ ရှေးဟောင်းအမွေအနှစ်ပစ္စည်းများသည် လူ့သမိုင်းကိုဖော်ထုတ်ပြသရာတွင် ခိုင်မာသော အထောက်အထားများဖြစ်ပါသည်။ ထို့ကြောင့်လည်း နိုင်ငံတိုင်း၊ လူမျိုးတိုင်းက မိမိတို့၏ ရှေးဟောင်းအမွေအနှစ်ပစ္စည်းများကို အမြတ်တနိုးထိန်းသိမ်းစောင့်ရှောက်လေ့ရှိပါသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံအနေဖြင့် ပုဂံခေတ်မတိုင်မီ ထွန်းကားခဲ့သော ပျူရှေးဟောင်းအမွေအနှစ်များကို အစောဆုံးအဖြစ် ထိန်းသိမ်းထားနိုင်ခဲ့ပါသည်။ ပြီးခဲ့သည့်နှစ်က ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်လာခဲ့သည့် ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာရှေးဟောင်းမြို့များသည် ပျူရှေးဟောင်းအမွေအနှစ် မြို့များဖြစ်ပါသည်။ ဤရှေးဟောင်းမြို့များ အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ခေတ်အဆက်ဆက်ကတည်းရှိခဲ့သော ရှေးဟောင်းအမွေအနှစ်အားလုံးကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက် ထားလျက်ရှိပါသည်။

ယခုတစ်ဖန် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ မြစေတီဘုရားရင်ပြင်ရှိ ပျူ၊ မွန်၊ မြန်မာ၊ ပါဠိလေးဘာသာဖြင့် ရေးထိုးထားသည့် မြစေတီကျောက်စာနှင့် ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့ Gottfried Wihelm Leibniz စာကြည့်တိုက်၌ ထိန်းသိမ်းထားရှိသော မြန်မာဘုရင်အလောင်းဘုရားက ဗြိတိန်ဂျော့ဘုရင်-၂ ထံသို့ပေးပို့ခဲ့သော ရွှေပေလွှာတို့မှာ ယူအေအီးနိုင်ငံ အဘူဒါဘီမြို့၌ အောက်တိုဘာ ၄ ရက်မှ ၆ ရက် အထိကျင်းပသော ကမ္ဘာ့မှတ်တမ်းအမွေအနှစ် အစီအစဉ် အပြည်ပြည်ဆိုင်ရာ အကြံပေးကောင်စီ၏(၁၂)ကြိမ်မြောက် အစည်းအဝေးတွင် ၂၀၁၅ ခုနှစ်အတွက် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် လျှောက်ထားမှုပေါင်း ၈၈ ခုအနက်မှ ယူနက်စကို ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းတွင် ထည့်သွင်းအတည်ပြု သတ်မှတ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

မြစေတီကျောက်စာကို ယခုအခါ ရာဇကုမာရ်ကျောက်စာဟုလည်း ခေါ်ကြသည်။ ထိုကျောက်စာကို ကျန်စစ်သားမင်းနှင့် သမ္ဘူလမိဖုရားတို့၏သားဖြစ်သူ အမတ်ကြီးရာဇကုမာရ်က ဖခင်ဖြစ်သူ ကျန်စစ်သားမင်းကြီး၏ ကျေးဇူးတရားကို အောက်မေ့ကာ ဂူပြောက်ကြီး (မြင်းကပါ)စေတီတည်ထားကိုးကွယ်မှု သမိုင်းမှတ်တမ်းကျောက်စာဖြစ်ပြီး သက္ကရာဇ် ၄၇၅ (အေဒီ ၁၁၁၃) ခုတွင် ရေးထိုးခဲ့ကြောင်း သိရသည်။ ဤကျောက်စာကိုလေ့လာခြင်းဖြင့် ပုဂံခေတ်တွင် ပျူ၊ မွန်၊ မြန်မာနှင့်ပါဠိစာပေများ ထွန်းကားခဲ့ကြောင်း အထင်အရှားတွေ့ရမည်ဖြစ်ပါသည်။ ဤသည်မှာ ရှေးဟောင်းအမွေအနှစ်များ၏ တန်ဖိုးပင်ဖြစ်ပါသည်။ ယခုအခါ ဤကျောက်စာမှာ မြန်မာ့အမွေအနှစ်အဖြစ်သာမက ကမ္ဘာ့အမွေအနှစ်အဖြစ်သို့ပင် ရောက်ရှိသွားပြီဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပုဂံခေတ်တွင် စာပေယဉ်ကျေးမှုထွန်းကားခဲ့ကြောင်း ကမ္ဘာကို ထုတ်ဖော်ပြသလိုက်ခြင်းပင် ဖြစ်ပါသည်။ မြန်မာတစ်နိုင်ငံလုံးရှိ တိုင်းရင်းသားပြည်သူအားလုံးအတွက် ဂုဏ်ယူဖွယ်ရာပင်ဖြစ်ပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားအားလုံးက မိမိတို့၏ဒြပ်ရှိ၊ ဒြပ်မဲ့ ရှေးဟောင်းအမွေအနှစ်များကို သမိုင်းပေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ အလေးအနက်တန်ဖိုးထား၍ ထိန်းသိမ်းစောင့်ရှောက်အပ်ပေကြောင်း။ ။


# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


# ပြည်ထဲရေးဝန်ကြီးဌာန တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင် ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၂**

(၁၇)ကြိမ်မြောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို အောက်တိုဘာ ၉ ရက်က နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဘော်လီဘော အားကစားရုံ(B)၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ အမျိုးသား ဘော်လီဘောအသင်း ခြောက်သင်း၊ အမျိုးသမီး ဘော်လီဘောအသင်း ခြောက်သင်း ပါဝင်ယှဉ်ပြိုင်ကြကာ ဗိုလ်လုပွဲအခမ်းအနားကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး တက်ရောက်အားပေးသည်။



အမျိုးသား ဗိုလ်လုပွဲစဉ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့(က)အသင်းက အကျဉ်းဦးစီးအသင်းကို သုံးပွဲ တစ်ပွဲဖြင့် အနိုင်ရရှိပြီး အမျိုးသမီး ဗိုလ်လုပွဲစဉ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့(က)အသင်းက အကျဉ်းဦးစီးအသင်းကို သုံး ပွဲပြတ်ဖြင့် အနိုင်ရရှိကာ အမျိုးသားအသင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းက ပထမ၊ အကျဉ်းဦးစီးအသင်းက ဒုတိယ၊ မီးသတ်ဦးစီးဌာနအသင်းက တတိယ အသီးသီးရရှိကြပြီး အမျိုးသမီး အသင်းတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့(က)အသင်းက ပထမ၊ အကျဉ်းဦးစီးအသင်းက ဒုတိယ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ခ) အသင်းက တတိယအသီးသီးရရှိခဲ့ပြီး အမျိုးသားအသင်း ပထမဆု၊ ဒိုင်းဆုနှင့် ငွေသားဆု၊ အမျိုးသမီး အသင်း ပထမဆု၊ ဒိုင်းဆုနှင့် ငွေသားဆုတို့ကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပေးအပ်ပြီး ဒုတိယဆု၊ တတိယဆု၊ တစ်ဦးချင်းပင့်ထောင်၊ ရိုက်ခုတ်၊ ပိတ်ဆို့ဆု၊ စပေးဘောဆု၊ ဆယ်မဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုများကိုလည်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကွင်းဆင်းဆေးကုသပညာပေး စကားဝိုင်းပြုလုပ်

**ပျဉ်းမနား အောက်တိုဘာ ၁၂**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် နတ်သူရကျေးရွာအုပ်စု ပေါစံခေါကျေးရွာ၌ အောက်တိုဘာ ၁၁ ရက်က ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရန် ကွင်းဆင်းဆေးကုသပညာပေးစကားဝိုင်းပြုလုပ်သည်။

အဆိုပါ အခမ်းအနားသို့ နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်း၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှူး (ညွှန် ကြားရေးမှူး) ဒေါက်တာဒေါ်လှလှကြည်၊ ပျဉ်းမနားမြို့နယ် ခုတင် ၂၀၀ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မြင့်နှင့် ရန်ကုန်ဆေးတက္ကသိုလ် (၁) နောက် ဆုံးနှစ် (က)မှ



ကျောင်းသား ကျောင်းသူများ ပူးပေါင်းပါဝင် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုမျိုး (ရွှေပေါက္ကံ)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး

**ကော့ကရိတ် အောက်တိုဘာ ၁၂**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့အတွင်းရှိ ပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းဝေးရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ကော့ကရိတ်ခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဦးကျော်စိုး-၁ ဦးဆောင်၍ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၁ ရက်က ကော့ကရိတ်မြို့ အလက(ခွဲ)လှိုင်ဝ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံးမှ စစ်ဆေးရေးမှူး-၃ ဦးသန့်ဇော်ဦးက ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးမှုကို ကျောင်းသား ကျောင်းသူများအား ဟောပြောပို့ချခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၂-၁၀-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၆၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၅ |
| ဥရောပ | တစ်ယူရို | ၁၄၄၇.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၈.၂၄ |
| ထိုင်း | တစ်ဘတ် | ၃၅.၂၆၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၀၁ |
| တရုတ် | တစ်ယွမ် | ၂၀၂.၃၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၀.၄၉ |

ခင်ရတနာ-စုစည်းသည်။

၅-၁၀-၂၀၁၅ မှ ၉-၁၀-၂၀၁၅ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၆၃၈ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၅၉၉ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

# ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ လိုအပ်ချက်များ ဆန်းစစ်ချက် အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၂**

ရေဘေးလွန်ကာလ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရာတွင် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆန်းစစ်မှုများကို ပြုလုပ်ခဲ့ပါကြောင်း၊ အဆိုပါ ဆန်းစစ်မှုများတွင် ရေဘေးလွန်ကာလ ပြန်လည်ထူထောင်ရေး အတွက် ဦးစားပေးဆောင်ရွက်ရမည့် ကဏ္ဍများ၊ အမျိုးသမီးများ၊ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းများ စသည့် ထိခိုက်လွယ်အုပ်စုများအတွက် လူမှုကာကွယ်ရေးဆိုင်ရာများနှင့် ထောက်ပံ့ကူညီမှုများကိုပါ ထည့်သွင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျဖြင့် အဆင့်အလိုက် ဆောင်ရွက်နိုင်ရန်အတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက် ထားရှိပါကြောင်းဖြင့် ရေဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းမှုကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ လိုအပ်ချက်များ ဆန်းစစ်ချက် အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။ **(ယာပုံ)**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ရေဘေးလွန်ပြန်လည်ထူထောင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ UN ၊ EU ၊ JICA ၊ ကမ္ဘာ့ဘဏ်တို့မှ ပညာရှင်များနှင့် ပြည်တွင်းမှ ကျွမ်းကျင်ပညာရှင်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ယနေ့ဆွေးနွေးပွဲတွင် ရေဘေးသင့်ဒေသများဆိုင်ရာ အရေးပေါ်လုပ်ငန်းဌာနများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးဌာနတို့၏ ဆောင်ရွက်မှုများအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းတို့က လည်းကောင်း၊ ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာလိုအပ်ချက်များ ဆန်းစစ်ချက်အပေါ် ကမ္ဘာ့ဘဏ်မှ မစ္စတာ မိုက်ကယ်ဂရေပန်တင်က လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့ပြင် ဆွေးနွေးပွဲတွင် ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ တွေ့ရှိချက်များ၊ လူမှုကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ အခြေခံအဆောက်အအုံကဏ္ဍ စသည်ဖြင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ မဟာဗျူဟာဆောင်ရွက်မှုများအပေါ် နိုင်ငံတော်သမ္မတ အကြံပေးများဖြစ်ကြသော ဒေါက်တာဒေါ်ရင်ရင်နွယ်၊ ဦးတင်ထွဋ်ဦး၊ ဦးဇော်ဦးတို့ ဦးဆောင်ကာ တက်ရောက်လာကြသူများက စုပေါင်းဆွေးနွေးခဲ့ကြသည်။

ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ပြည်သူ ၁ ဒသမ ၆ သန်းသည် ရေဘေးဒဏ်ကို တိုက်ရိုက်ခံစားခဲ့ကြရပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သဘာဝဘေးဆိုင်ရာ အကျိုးသက်ရောက်မှုများရှိခဲ့သည်။ ထို့ပြင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် အခက်အခဲများ၊ စိန်ခေါ်မှုများ ဖြစ်ပေါ်ခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ရေဘေးသင့်ဒေသများ ပြန်လည် ထူထောင်ရေးဆိုင်ရာ လိုအပ်ချက်များ လုပ်ဆောင်နိုင်ရန် ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂ၊ JICA ၊ EU နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းကာ ဆန်းစစ်ချက် အစီရင်ခံစာကို ရေးဆွဲခဲ့သည်။

ထို့ပြင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂ၊ အီးယူ၊ JICA တို့မှ ပညာရှင်များနှင့် ပြည်တွင်းမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်သော ပြန်လည်ထူထောင်ရေးဖိုရမ်ကိုလည်း နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ အောက်တိုဘာ ၁၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



## ရေလမ်းအကောက်ခွန်စခန်းကို မန္တလေးဆိပ်ကမ်း၌ ဒီဇင်ဘာလတွင် ဖွင့်မည်

**မန္တလေး အောက်တိုဘာ ၁၂**

ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစ်ကြောင်းသွားရေယာဉ်များကို ရေလမ်းဖြတ်သန်းခ အကောက်စခန်းများ ဖွင့်လှစ်ကောက်ခံနေပြီဖြစ်ရာ မန္တလေးဆိပ်ကမ်း၌ လာမည့် ဒီဇင်ဘာလတွင် ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ဧရာဝတီနှင့် ချင်းတွင်းမြစ်ကြောင်းအတွင်း သွားလာနေကြသည့် ရေယာဉ်များကို ရေလမ်းဖြတ်သန်းခ အကောက်စခန်း ၁၀ ခု ဖွင့်လှစ်ကောက်ခံမည်ဖြစ်သည်။

"ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများထိန်းသိမ်းရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်အတိုင်း ကောက်ခံတာပါ။ ရရှိလာတဲ့ အခွန်ငွေကို ရေယာဉ်များအန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရေးအတွက် မြစ်ချောင်းများ ပြုပြင်ထိန်းသိမ်းရာမှာ ပြန်လည်အသုံးပြုသွားမှာပါ" ဟု ရေလမ်းညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်) လက်ထောက်ညွှန်မှူး ဦးခင်မောင်ဇော်က ပြောသည်။

ကောက်ခံသည့် နှုန်းများမှာ ၃၉ ပေအောက် ရေယာဉ်များကို တစ်တန်လျှင် ငွေကျပ် ၂၀၀၊ ၃၉ ပေအထက် ရေယာဉ်များကို တန် ၁၀၀ အထိ တစ်တန်လျှင် ငွေကျပ် ၅၀ နှင့် သစ်လုံးတစ်လုံး ငွေကျပ် ၃၀၊ မျှောတိုင်တစ်လုံးလျှင် ငါးကျပ်၊ ရိုးရိုးဝါးတစ်လုံး နှစ်ကျပ်ခွဲနှုန်းဖြင့် ကောက်ခံကြောင်း သိရသည်။

လက်ရှိကောက်ခံနေသည့် ပြည်၊ မကွေး၊ မုံရွာ ရေလမ်းဖြတ်သန်းခ အကောက်စခန်းတွင် တစ်ရက်လျှင် ရေယာဉ် အစုန်/အဆန် ပျမ်းမျှအစီးရေ ၆၀ ခန့် ဖြတ်သန်းသွားနေကြောင်း၊ ဧရာဝတီမြစ်ကြောင်းတွင် ပခုက္ကူ၊ ကသာ၊ ဗန်းမော်၊ ချင်းတွင်းမြစ်ကြောင်းတွင် ကလေးဝ၊ ဟုမ္မလင်းမြို့များ၌ ဖွင့်လှစ်မည်ဟုလည်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မိတ္ထီလာမြောက်ကန် မြေသားတာပေါင် ရေတိုက်စားခံရ

**မိတ္ထီလာ အောက်တိုဘာ ၁၂-** မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ မိုးအဆက်မပြတ် နေ့စဉ်ရွာသွန်းမှုကြောင့် မိတ္ထီလာမြောက်ကန် ကန်ဦးထိပ်၌ တည်ထားကိုးကွယ်သည့် ဓမ္မသုခရွှေစည်းခုံစေတီတော် ကုန်းတော်အရှေ့ဘက်မှ ကွန်ကရစ်ပြားတချို့နှင့် မိတ္ထီလာမြောက်ကန်အရှေ့ဘက် မြေသားတာပေါင်တချို့မှာ အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက မိုးရေတိုက်စားမှုဒဏ်ခံရကြောင်း သိရသည်။ "မိုးရွာသွန်းမှုကြောင့် ဓမ္မသုခရွှေစည်းခုံစေတီတော်ကုန်းတော်အရှေ့ဘက်မှာရှိတဲ့ မြေသားကိုကာရံထားတဲ့ ကွန်ကရစ်ပြားတချို့အတွင်းက မြေသားပြိုကျလို့ ပြုတ်ကျနေတာကိုတွေ့ရတယ်။ ပြီးတော့ ဓမ္မသုခရွှေစည်းခုံစေတီတော်အနီးကနေ ကန်သာယာရပ်အထိ မိတ္ထီလာမြောက်ကန်အရှေ့ဘက် မြေသားတာပေါင်တချို့ မိုးရေတိုက်စားထားတာတွေ့ရတယ်" ဟု ဈေးအရှေ့ပြင်ရပ်ကွက်မှ ဒေသခံတစ်ဦးက ပြောသည်။

**ချမ်းသာ(မိတ္ထီလာ)**

## မန္တလေးရှိ ဓာတ်အားပေးစက်ရုံစီမံကိန်းတွင် IFC က ကန်ဒေါ်လာ သန်း ၄၀ ရင်းနှီးမြှုပ်နှံမည်

အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC)သည် မန္တလေးတိုင်းဒေသကြီးအတွင်း၌ အကောင်အထည်ဖော်မည့် ဓာတ်အား မဂ္ဂါဝပ် ၂၂၅ ထုတ်လုပ်နိုင်သော ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းအတွက် ကန်ဒေါ်လာသန်း ၄၀ ရင်းနှီးမြှုပ်နှံရန်စီစဉ်နေပြီး ရင်းနှီးမြှုပ်နှံမှု လုပ်ဆောင်မည့်ပုံစံမှာ သတ်မှတ်ကာလတစ်ခုအတွင်း ပြန်လည်ပေးဆပ်ရမည့် ငွေကြေးပံ့ပိုးမှုဖြစ်ကြောင်း၊ ဓာတ်အားပေးစက်ရုံကို စင်ကာပူအခြေစိုက် Sembcorp Utilities ကုမ္ပဏီနှင့် MMID Utilities ကုမ္ပဏီတို့အပါအဝင် ကုမ္ပဏီများ ယာယီပူးပေါင်းထားသော အဖွဲ့အစည်းတစ်ခုမှ တည်ဆောက်မည်ဖြစ်ကြောင်း IFC ၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသော စီမံကိန်းဆိုင်ရာ အသေးစိတ်အချက်အလက်များအရ သိရသည်။

စီမံကိန်းကို ၂၀၁၆ ခုနှစ် ပထမသုံးလအတွင်း စတင်ရန်ရည်မှန်းထားပြီး စီမံကိန်းတစ်ခုလုံး ပြီးမြောက်သည်အထိ အကောင်အထည်ဖော်ရာတွင် နှစ်နှစ်နီးပါးကြာမြင့်မည်ဖြစ်ကြောင်း၊ ယင်းဓာတ်အားပေးစက်ရုံကို မြင်းခြံ သံမဏိစက်ရုံရှိ ဓာတ်အားခွဲရုံနှင့် ချိတ်ဆက်သွားမည်ဖြစ်ပြီး လုပ်ငန်းစတင်လည်ပတ်မှုကို ၂၀၁၈ ခုနှစ် ပထမသုံးလအတွင်းဖော်ဆောင်ရန် စီစဉ်ထားကြောင်း IFC မှ တာဝန်ရှိသူများက ပြောကြားသည်။

ယင်းဓာတ်အားပေးစက်ရုံ၌ ဓာတ်ငွေ့တာဘိုင်နှစ်ခု၊ ရေနွေးငွေ့သုံးမီးစက်နှစ်လုံး၊ ရေနွေးငွေ့သုံး တာဘိုင် ဓာတ်အားထုတ်ယူနစ်တစ်ခု၊ ရေအေးစက်စနစ်နှင့် ရေဆိုးသန့်စင်စက်ရုံတစ်ရုံနှင့် ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးရာနေရာတစ်ခုတို့ ပါရှိမည်ဖြစ်သည်။ ယင်းစီမံကိန်းအတွက် ကန်ထရိုက်တာလက်ခွဲအဖြစ် ဒီလိုက်အင်ဂျင်နီယာရင်း ကုမ္ပဏီ၊ ရွှေတောင်ဆောက်လုပ်ရေးကုမ္ပဏီ၊ အရုဏ်ဦး ဆောက်လုပ်ရေးကုမ္ပဏီနှင့် မြန်မာ့အလင်းရောင် ကုမ္ပဏီတို့ကဲ့သို့သော ပြည်တွင်းကုမ္ပဏီများက ဆောင်ရွက်ကြမည်ဖြစ်ပြီး IFC က အဆိုပြုချက်များကို ပြီးခဲ့သော ဇူလိုင်လအတွင်းက တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းမှ အတွင်းရေးမှူး ဦးအောင်မြတ်ကျော်က ပြောကြားသည်။

ဓာတ်အားပေးစက်ရုံအတွက် သုံးစွဲမည့်ဓာတ်ငွေ့မှာ တရုတ်နိုင်ငံသို့ ဓာတ်ငွေ့တင်ပို့ပေးသော ရွှေသဘာဝဓာတ်ငွေ့မြေမှဖြစ်ကြောင်း၊ စီမံကိန်းမြေ အကျယ်အဝန်းမှာ ၁၁ ဒသမ ၆ ဟက်တာ ဝန်းကျင်ရှိပြီး စီမံကိန်းတည်ရှိရာနေရာမှာ ဟက်တာ ၂၈၀ အကျယ်အဝန်းရှိသော နိုင်ငံပိုင်သံမဏိ စက်ရုံတစ်ရုံအတွင်း တည်ရှိမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သဲအိမ်**

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်

**ဘီးလင်း အောက်တိုဘာ ၁၂**

သထုံခရိုင် ဘီးလင်းမြို့နယ်၌ အောက်တိုဘာ ၆ ရက်က ဒုတိယအကြိမ်ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း သင်ကြား/သင်ယူနေသည့် သင်တန်းသား၊ သင်တန်းသူများနှင့် မွန်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးကြည်တို့ တွေ့ဆုံခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဦးစီးမှူးသည် သထုံခရိုင်ဦးစီးမှူး၊ ဘီးလင်းမြို့နယ်ဦးစီးမှူးတို့နှင့်အတူ သဘာဝဘေးကြောင့် ပျက်စီးသွားသည့် ဇုတ်သုတ်-ဇုက္ကလိတံတား (၁၉၀×၁၆×၂၄)ပေ ဘိုးပိုင်တူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## တူရကီတပ်ဖွဲ့များက ကာ့ဒ်စစ်သွေးကြွများနှင့် အိုင်အက်စ်အဖွဲ့များကို အရှိန်မြှင့်နှိမ်နင်း

**အန်ကာရာ အောက်တိုဘာ ၁၂**

တူရကီအစိုးရသည် ကာ့ဒ်စစ်သွေးကြွများနှင့် အိုင်အက်စ်အုပ်စုများကို နှိမ်နင်းမှုများ အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။ ထိုသို့အရှိန်မြှင့် လုပ်ဆောင်ခြင်းသည် မြို့တော်အန်ကာရာ၌ လွန်ခဲ့သော စနေနေ့က ပေါက်ကွဲမှုနှစ်ခု ဆက်တိုက်ဖြစ်ပြီး လူပေါင်း ၁၀၀ နီးပါး သေဆုံးခဲ့ပြီးနောက် စတင်ခဲ့ခြင်းဖြစ်သည်။

တူရကီလုံခြုံရေး တပ်ဖွဲ့များသည် နိုင်ငံတွင်းနှင့် အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကာ့ဒ်စစ်သွေးကြွအုပ်စုများကို တနင်္ဂနွေနေ့က တိုက်ခိုက်ခဲ့ရာ စစ်သွေးကြွ ၄၉ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ထို့အပြင် လုံခြုံရေးတပ်ဖွဲ့များက မြို့တော်ကိုညာနှင့် ဘန်လီယာဖာ အရှေ့တောင်ဘက်ဒေသများမှ အိုင်အက်စ်စစ်သွေးကြွ ၄၃ ဦးကို ထပ်မံဖမ်းဆီးခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**



## နိုင်ငံရေးအကျပ်အတည်းများကြားမှ နီပေါဝန်ကြီးချုပ်ခန့်အပ်

**ခတ္တမန္ဒူ အောက်တိုဘာ ၁၂**

နိုင်ငံရေး အကျပ်အတည်းများကြားမှ နီပေါ ပါလီမန်က ဝန်ကြီးချုပ်သစ်ကို ရွေးချယ်တင်မြှောက်လိုက်ပြီဖြစ်သည်။

မစ္စတာ အိုလီအား ဝန်ကြီးချုပ်အဖြစ် ပါလီမန်အဖွဲ့ဝင် ၅၉၇ ဦးရှိသည့်အနက် ၃၃၈ မဲဖြင့် ရွေးချယ်တင်မြှောက်လိုက်ခြင်းဖြစ်ကြောင်း အဆိုပါ လွှတ်တော်က ကြေညာသည်။

မစ္စတာ အိုလီက သူ့အား ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်လိုက်ခြင်းသည် ဂုဏ်ပြုမှုနှင့် စိန်ခေါ်မှုများကို ရွေးချယ်ပေးလိုက်ခြင်းဖြစ်ကြောင်း လွှတ်တော်အမတ်များအား ပြောကြားလိုက်သည်။

ဝန်ကြီးချုပ်သစ်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အပေါ် ဆန္ဒပြနေမှုများနှင့် ဧပြီလ မြေလျှင်နှင့်စက်သုံးဆီ ပြတ်လပ်မှုဖြစ်ပွားပြီးနောက် နိုင်ငံပြန်လည်တည်ဆောက်ရေးတို့ကို ရင်ဆိုင်ကိုင်တွယ်ရမည်ဟု ဆိုသည်။

မော်ဝါဒီ၊ ဗဟိုလက်ဝဲနှင့် တော်ဝင်ညွန့်ပေါင်းတို့ ကျောထောက်နောက်ခံပြုသော မစ္စတာ အိုလီသည် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ ပထမဆုံး ရွေးကောက်တင်မြှောက်သည့် ဝန်ကြီးချုပ်ဖြစ်လာပြီး ယခင်ဝန်ကြီးချုပ်ဟောင်း ဆူရှီးလ်ကွိုင်ယာလာ၏ နေရာတွင် ဆက်ခံမည်ဖြစ်သည်။

နီပေါနိုင်ငံတွင် လွန်ခဲ့သောနှစ်ပတ်က ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပြဋ္ဌာန်းလိုက်ရာ ဆန္ဒပြမှုများ ဖြစ်ပွားပြီး သေဆုံးသူ ၄၀ ရှိသွားပြီဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

## အန်ကာရာ ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် တူရကီက ကာ့ဒ်သူပုန်များကို စတင်ဗုံးကြဲ

**အန်ကာရာ အောက်တိုဘာ ၁၂**

တူရကီလေတပ်က မြို့တော်အန်ကာရာ၌ ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားပြီး တစ်ရက်အကြာတွင် ကာ့ဒ်စစ်သွေးကြွများကို ဗုံးကြဲတိုက်ခိုက်မှုစတင်ပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

တူရကီစစ်လေယာဉ်များက ကာ့ဒ်အလုပ်သမားပါတီ (ပီကေကေ)အားပစ်မှတ်ထားကာ နိုင်ငံအရှေ့တောင်ပိုင်းနှင့် အီရတ်နယ်စပ်တို့တွင် တိုက်ခိုက်မှုပြုလုပ်ခဲ့သည်။

စနေနေ့က မြို့တော်အန်ကာရာတွင် ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အနည်းဆုံးလူ ၉၅ ဦး သေဆုံးခဲ့ကြောင်း၊ သေပျောက်မှု အများဆုံးဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါ တိုက်ခိုက်မှုနောက်ကွယ်တွင် အိုင်အက်စ်တို့ကို သံသယရှိကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောသည်။

အစိုးရက စနေနေ့တွင် ပီကေကေတို့က အပစ်အခတ်ရပ်စဲရေးကြေညာချက်သစ်ကို ပယ်ချလိုက်ပြီးနောက် တူရကီလေတပ်က လေကြောင်း တိုက်ခိုက်မှုကို စတင်ခဲ့သည်။ တူရကီနိုင်ငံသည် နိုဝင်ဘာ ၁ ရက်တွင် အထွေထွေ ရွေးကောက်ပွဲကျင်းပသွားရန် စီစဉ်ထားရာ တင်းမာမှုများ အရှိန်မြှင့်တက်လာသည်။ **(ရိုက်တာ)**

## ဘယ်လာရုစ်သမ္မတ ရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ပေါ်ရိုရှန်ကို မဲအများဆုံးဖြင့် အနိုင်ရရှိ

**မင့်ခ် အောက်တိုဘာ ၁၂**

ဗဟိုရွေးကောက်ပွဲကျင်းပရေးကော်မတီက အောက်တိုဘာ ၁၂ ရက်၌ ထုတ်ပြန်လိုက်သော ကနဦးရလဒ်များအရ ဘယ်လာရုစ်သမ္မတ အလက်ဇန္ဒာ လူကာရှန်ကိုသည် စုစုပေါင်းမဲအရေအတွက် ၈၃ ဒသမ ၄၉ ရရှိပြီး ရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အခြားရွေးကောက်ပွဲဝင် သမ္မတလောင်းသုံးဦးမှာ မဲအရေအတွက် အနည်းငယ်သာရရှိခဲ့သည်။ အဓိက ပြိုင်ဘက်ဖြစ်သော တာတီရာနာကို ရော့တ်ကီဗစ်ချ်က ရွေးကောက်ပွဲတွင် မဲအရေအတွက် ၂၀ ရာခိုင်နှုန်းရရှိရန် မျှော်လင့်ထားသော်လည်း ၄ ဒသမ ၄၂ ရာခိုင်နှုန်း သာရရှိခဲ့သည်။ သူသည် ဘယ်လာရုစ်နိုင်ငံတွင် ပထမဆုံးရွေးကောက်ပွဲဝင် သမ္မတလောင်း အမျိုးသမီး တစ်ဦးဖြစ်ကြောင်း သိရသည်။

ဆာဂီဂိုင်ဒူကီဗစ်ချ်သည် မဲအရေအတွက် စုစုပေါင်း ၃ ဒသမ ၃၂ ရာခိုင်နှုန်းရရှိကာ နီကိုလိုင်းယူလာကို ဗစ်ချ်က ၄င်းထက်မဲအရေအတွက် ၁ ဒသမ ၆၇ ရာခိုင်နှုန်းအသာဖြင့် ၄င်းကိုကျော်ဖြတ်သွားကြောင်း သိရသည်။

ငါးကြိမ်မြောက် သမ္မတသက်တမ်းအတွက် ရွေးကောက်ပွဲဝင်ရောက်ခဲ့သော ပေါ်ရိုရှန်ကိုသည် မင့်ခ်မြို့၌ မဲအရေအတွက် ၆၅ ဒသမ ၅၈ ရာခိုင်နှုန်း ထောက်ခံမဲရရှိခဲ့သည်။

သမ္မတရွေးကောက်ပွဲတွင် မဲပေးရန် လူခုနစ်သန်းစာရင်းတင်သွင်းခဲ့သည့်အနက် ၈၇ ဒသမ ၂ ရာခိုင်နှုန်းသာ မဲပေးခဲ့ကြောင်း ဗဟိုရွေးကောက်ပွဲ ကျင်းပရေးကော်မတီက ကြေညာခဲ့သည်။ **(ဆင်ဟွာ)**

## အာဖရိကတိုက် ဆာဟာရဒေသတွင် ယောက်ျားလေးနှင့် မိန်းကလေးများအတွက် ပညာရေးတန်းတူရရှိမှုနှုန်း နိမ့်ပါးသေးကြောင်း ကုလသမဂ္ဂပြောကြား

**ဂျီနီဗာ အောက်တိုဘာ ၁၂**

ကမ္ဘာပေါ်ရှိနိုင်ငံများ၏ ထက်ဝက်ကျော်ခန့်သောနိုင်ငံများတွင် ကျောင်းနေအရွယ်မိန်းကလေးနှင့် ယောက်ျားလေးဦးရေတန်းတူရရှိရန် နည်းပါးသေးကြောင်းနှင့် အာဖရိကတိုက် ဆာဟာရသဲကန္တာရတောင်ပိုင်းရှိ နိုင်ငံများတွင်လည်း ပညာသင်ကြားရန်အခွင့်အလမ်း တန်းတူမရှိသေးကြောင်း အပြည်ပြည်ဆိုင်ရာ မိန်းကလေးငယ်များ အထိမ်းအမှတ်နေ့ဖြစ်သော တနင်္လာနေ့တွင် ကုလသမဂ္ဂမှအစီရင်ခံစာ ထုတ်ပြန်ခဲ့သည်။

ကုလသမဂ္ဂ ၁၉၃ နိုင်ငံအဖွဲ့အစည်းမှ ၂၀၀၀ ပြည့်နှစ်တွင်ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်ချမှတ်ခဲ့ရာတွင် ၂၀၀၅ ခုနှစ်တွင် မူလတန်းနှင့်အလယ်တန်းကျောင်းနေကလေးများ ၂၀၁၅ ခုနှစ်အရောက်၌ ပညာရေးအဆင့်အားလုံးတွင် အမျိုးသား အမျိုးသမီးတန်းတူရည်တူမရှိမှုကို အဆုံးသတ်နိုင်ရန်ဟု သဘောတူညီမှုပြုလုပ်ကာ ဆောင်ရွက်ခဲ့ကြသည်။

ကုလသမဂ္ဂယဉ်ကျေးမှုအေဂျင်စီဖြစ်သော ယူနက်စကိုနှင့် ကုလသမဂ္ဂမိန်းကလေးများဆိုင်ရာ ပညာရေးပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်တို့မှ ပြုလုပ်ခဲ့သော တိုးတက်မှုအစီရင်ခံစာအရ နိုင်ငံများအရေအတွက်အလိုက် မူလတန်းနှင့်အလယ်တန်းပညာရေးတွင် အမျိုးသား အမျိုးသမီးတန်းတူညီတူရရှိလာကြောင်း ယူနက်စကိုမှ ညွှန်ကြားရေးမှူး အီရီနာဘိုကိုဗာက ပြောကြားခဲ့သည်။

အဆိုပါအစီရင်ခံစာတွင် ၂၀၁၂ခုနှစ်တွင် ခန့်မှန်းခြေမူလတန်းအရွယ်ကလေး ၅၈ သန်းခန့်မှာ ကျောင်းမှထွက်ခဲ့ရသည်ဟု ဆိုထားသည်။ စာရင်းတွင်ဖော်ပြထားသော အမျိုးသား အမျိုးသမီးတန်းတူညီတူမရရှိစေသည့် ပိုမိုဆိုးရွားစေသောအချက်များတွင် အမျိုးသား အမျိုးသမီးအခြေပြုသည့် အကြမ်းဖက်မှုများ၊ ကလေးသူငယ်အိမ်ထောင်ရေး၊ မိသားစုများတွင် ယောက်ျား လေးများကို မျက်နှာသာပေးသည့်အတွက် ကျောင်းပညာရေး ရပ်ဆိုင်းခံရခြင်းနှင့် ကျောင်းနေရန် ကုန်ကျစရိတ် စသည့်အချက်များ ပါဝင်သည်။ **(ရိုက်တာ)**

## တရုတ်နိုင်ငံတွင် ဝင်ငွေနည်းမိသားစုများအတွက် လက်လှမ်းမီနိုင်သော အိမ်ရာအကောင်အထည်ဖော်နေ

**ပေကျင်း အောက်တိုဘာ ၁၂**

တရုတ်နိုင်ငံသည် နှစ်စဉ်ရည်မှန်းချက်ဖြစ်သော ၄င်း၏လက်လှမ်းမီနိုင်သော အိမ်ရာစီမံကိန်းကို အပြည့်အဝအကောင်အထည်ဖော်ရန် နီးကပ်လာပြီဖြစ်ကြောင်း အိမ်ရာနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ စာရင်းဇယားများအရ သိရသည်။

ယခုနှစ်တွင် လက်လှမ်းမီနိုင်သော အိမ်ရာပေါင်း ၆ ဒသမ ၈၅ သန်းကို စတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း သိရသည်။ တစ်နှစ်လုံးအတိုင်းအတာအားဖြင့်ဆိုလျှင် လက်လှမ်းမီနိုင်သော အိမ်ရာပေါင်း ၇ ဒသမ ၈ သန်းကို အကောင်အထည်ဖော်ရန် ရည်ရွယ်ထားပြီးဖြစ်ကြောင်း အိမ်ရာနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနက ပြောသည်။

ယခုနှစ်စက်တင်ဘာလတွင် လက်လှမ်းမီနိုင်သော အိမ်ရာပေါင်း ၆ ဒသမ ၂၅ သန်းပြီးစီးလုနီးပါးရှိခဲ့ရာ နောက်ထပ် ၄ ဒသမ ၈ သန်းပြီးစီးရန် ရည်မှန်းချက်ထား လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

၁၉၉၉ ခုနှစ်က သဘောတူခွင့်ပြုချက်ရရှိခဲ့သော အဆိုပါ အစီအစဉ်သည် အိမ်ရာဈေးကွက်ကို လက်လှမ်းမမီသော ဝင်ငွေနည်းပါးသော မိသားစုများအတွက် အထောက်အပံ့ဖြစ်မည်ဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

## ဝန်ကြီးချုပ်ဟောင်း သက်ဆင်အား ဖမ်းဝရမ်းထုတ်

**ဗန်ကောက် အောက်တိုဘာ ၁၂**

ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်အား အသရေဖျက်မှုဖြင့် တရားရုံးသို့ လာရောက် အစစ်ဆေးခံရန် ပျက်ကွက်ခဲ့ပြီးနောက် ထိုင်းတရားရုံးက တနင်္လာနေ့တွင် ဖမ်းဝရမ်းထုတ်လိုက်သည်။

ဝန်ကြီးချုပ်ဟောင်း သက်ဆင်သည် မေ ၁၉ မှ ၂၂ ရက်အထိ တောင်ကိုရီးယားနိုင်ငံတွင် အင်တာဗျူးလုပ်ခဲ့စဉ်အတွင်း ထိုင်းတပ်မတော်၏ ဂုဏ်သိက္ခာကို ထိခိုက်အောင် စွပ်စွဲပြောဆိုခဲ့မှုဖြင့် ထိုင်းတပ်မတော်က တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

တရားရုံးက ယင်းအမှုကို လက်ခံခဲ့ပြီး တနင်္လာနေ့က ပထမဆုံးအကြိမ်ကြားနာစစ်ဆေးရန် စီစဉ်ထားခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း သက်ဆင်သည် နိုင်ငံခြားတိုင်းပြည်တွင် ရောက်



ရှိနေ၍ ကြားနာစစ်ဆေးခံရန်မဖြစ်နိုင်ကြောင်း သက်ဆင်၏ ရှေ့နေက တရားရုံးသို့ ပြောသည်။

၎င်းသည် ၂၀၀၆ ခုနှစ်ကတည်းက အာဏာသိမ်းခံရပြီးနောက် နိုင်ငံခြားတိုင်းပြည်တွင် ရောက်ရှိနေကြောင်း သိရသည်။ **(ဆင်ဟွာ)**

# အေးမြသောကမ္ဘာမြေကြီးဆိုင်ရာ တီထွင်ဆန်းသစ်မှုဖိုရမ်၏ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ




နေပြည်တော် အောက်တိုဘာ ၁၂

**ဂျပန်နိုင်ငံ တိုကျိုမြို့တွင် အောက်တိုဘာ ၇ ရက်မှ ၈ ရက်အထိ ကျင်းပသည့် အေးမြသောကမ္ဘာမြေကြီးဆိုင်ရာ တီထွင်ဆန်းသစ်မှုဖိုရမ်၏ ဒုတိယအကြိမ်အစည်းအဝေး (2nd Annual Meeting of the Innovation for Cool Earth Forum-ICEF) သို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။**

အဆိုပါဖိုရမ်၏ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက Hotel Chinzanso ၌ကျင်းပရာ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် Mr. Shinzo Abe က Video Message ဖြင့်လည်းကောင်း၊ ဂျပန်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ State Minister ဖြစ်သူ Mr.Daishi-roYamagiwaနှင့် အမေရိကန်နိုင်ငံ သမ္မတ၏ သိပ္ပံနှင့်နည်းပညာဆိုင်ရာ လက်ထောက်ဖြစ်သူ Mr. John Holdren တို့ကလည်းကောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ အစည်းအဝေး ပထမအစီအစဉ်အဖြစ် အနာဂတ်တွင် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးနှင့်ပတ်သက်၍ အဓိက အကြောင်းအရာများကို လည်းကောင်း၊ ဒုတိယအစီအစဉ်အဖြစ် တီထွင်ဖန်တီးသူ၊ ရည်မှန်းချက်ထားဆောင်ရွက်သူနှင့် ခေါင်းဆောင်များက ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အနာဂတ်မျှော်မှန်းချက်များနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးကြသည်။ ထို့နောက် စွမ်းအင်ဆိုင်ရာ၊ မှန်လုံအိမ်ဓာတ်ငွေ့လျှော့ချမှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ဆွေးနွေးပွဲများကျင်းပခဲ့သည်။

အောက်တိုဘာ ၈ ရက် မွန်းလွဲပိုင်းက အစည်းအဝေးတတိယအစီအစဉ်အဖြစ် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အနာဂတ်မဟာဗျူဟာနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ဆက်လက်၍ Panelist များက ပဲရစ်မြို့တွင်ကျင်းပမည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ အစည်းအဝေး (COP 21) နှင့်ပတ်သက်၍ အမြင်များ၊ မျှော်မှန်းချက်များ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နည်းပညာဦးစားပေးလိုအပ်ချက်များ၊ မှန်လုံအိမ် ဓာတ်ငွေ့လျှော့ချရေးအတွက် စွမ်းအင်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တီထွင်ဖန်တီးမှုအသစ်များ စသည်တို့နှင့်ပတ်သက်၍ တစ်ဦးချင်းစီအလိုက် အမြင်များကို ဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးနှင့် အတူ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်း၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှိုင်မင်းမောင်နှင့် မြန်မာ့သစ်လုပ်ငန်းမှ မန်နေဂျာ ဦးမျိုးညွှန့်တို့ တက်ရောက်ခဲ့ပြီး အောက်တိုဘာ ၁၀ ရက် ညနေပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ကရင်အမျိုးသားအစည်းအရုံး(KNU)ဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးရန် နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၂**

နေပြည်တော်၌ အောက်တိုဘာ ၁၅ ရက်တွင်ကျင်းပမည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့တက်ရောက်ရန် ကရင်အမျိုးသားအစည်းအရုံး(KNU) ဥက္ကဋ္ဌ ဦးစောမူတူးစေးဖိုး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ HORIZON ဟိုတယ်သို့ ရောက်ရှိလာသည်။ **(ဓါတ်ပုံ)**

ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ ဦးစောမူတူးစေးဖိုးနှင့်အတူ ဦးဂျော်နီနှင့် အဖွဲ့ဝင် ၁၆ ဦး လိုက်ပါလာခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

*❊ ကျောဖုံးမှ*

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်က အမှတ်(၁၇) BGB ခေတ္တတပ်ရင်းမှူးထံသို့ လှေစီးရွှေ့ပြောင်းသွားလာသူ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား အမျိုးသား ၁၀၃ ဦးအား မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် လွှဲပြောင်းလက်ခံပြုလုပ်၍ လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့နောက် လှေစီးရွှေ့ပြောင်းသွားလာသူဘင်္ဂလားဒေ့ရှ်နိုင်ငံသား အမျိုးသား ၁၀၃ ဦးအား တောင်ပြို(လက်ဝဲ)မြို့ နှစ်နိုင်ငံချစ်ကြည်ရေးတံတားမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ မွန်းလွဲ ၂ နာရီတွင် လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်းနှင့် ထိုကဲ့သို့ လှေစီးရွှေ့ပြောင်းသွားလာသူများ လွှဲပြောင်းခြင်းမှာ ဆဋ္ဌမအကြိမ်ဖြစ်ပြီး ယခုလွှဲပြောင်းပေးသည့် ၁၀၃ ဦး အပါအဝင် စုစုပေါင်း ၇၂၉ ဦး လွှဲပြောင်းပေးပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပဲခူးမြို့၌ သတင်းမီဒီယာ အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တိုင်းဒေသကြီးအတွင်းရှိ သတင်းမီဒီယာများ၏ ဌာနဆိုင်ရာသတင်းအချက်အလက်ရယူရေးနှင့် ပတ်သက်သော မီဒီယာအလုပ်ရုံဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)တို့ပူးပေါင်းပြီး အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်းရှိ သတင်းစာဆရာများအသင်းနှင့် ဂျာနယ်လစ်ကွန်ရက်တို့မှ မီဒီယာသမားများ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## လှိုင်မြစ်ကူးတံတားကြီးလေးစင်းတည်ဆောက်ထား၍ ရန်ကုန်မြို့သို့ အချိန်မရွေးသွားလာနိုင်

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေသည် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က တွံတေးမြို့နယ် ကသပေါင်းကျေးရွာသို့ ဓမ္မရက္ခိတကျောင်းတိုက်ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တစာရဏအား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထန်းတပင်မြို့သို့ရောက်ရှိပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ထန်းတပင်မြို့နယ်သည် ရပ်ကွက် ငါးရပ်ကွက်၊ ကျေးရွာအုပ်စု ၅၄ အုပ်စုပါဝင်ပြီး ဒေသနေပြည်သူများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား ဆောင်ရွက်ကြကာ မိုးစပါးစိုက်ဧက တစ်သိန်းကျော်စိုက်ပျိုးလျက်ရှိကြောင်း၊ ယခင်က သွားလာရေးခက်ခဲပြီး မော်ဘီမြို့မှ တစ်ဆင့် ရေလမ်းခရီးဖြင့် လာရောက်ရ၍ အချိန်ကြန့်ကြာမှုရှိခဲ့ကြောင်း၊ ယခုအခါ လှိုင်မြစ်ကူး တံတားကြီးလေးစင်းတည်ဆောက်ထား၍ ရန်ကုန်မြို့နှင့် အချိန်မရွေး ဆက်သွယ်သွားလာနိုင်ပြီး ဘောလယ်ကျွန်းဒေသမှ ဒေသခံများသည်လည်း ကုက္ကိုဝတံတားပြီးစီးပါက ထန်းတပင်မြို့နှင့် အချိန်မရွေး ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်သည် ထန်းတပင်မြို့နယ်တွင် ၂၀၀၂ ခုနှစ်မှ စတင်ဖွင့်လှစ်ပေး ခဲ့ပြီး ကုက္ကိုဝတံတားကြီးပြီးစီးပါက ဘောလယ်ကျွန်း၊ တက်သစ်ကျွန်း၊ အိုင်ကလောင်ကျွန်းဒေသမှ ကျောင်းသားကျောင်းသူများပါ လာရောက်ပညာသင်ကြားနိုင်တော့မည်ဖြစ်၍ လူ့စွမ်းအားအရင်းအမြစ်များလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ဆိုင်ရာလုပ်ငန်းများအား ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသလိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ကုက္ကိုဝတံတားတည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းသုံးပစ္စည်းများ လေလွင့်မှုမရှိစေရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်သွားရန် မှာကြားသည်။

ကုက္ကိုဝတံတားသည် ထန်းတပင်မြို့နယ်ရှိ ထန်းတပင်-လမုတန်း-လှည်းဆိပ်လမ်းပေါ်ရှိ လှိုင်မြစ်ကိုဖြတ်သန်းဆောက်လုပ်ထားပြီး အရှည် ၂၂၇၈ ပေ ၈ လက်မ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါဝင်ကြောင်း၊ အုတ်မြစ်နှင့် အောက်ထည်ကို သံကူကွန်ကရစ်၊ အပေါ်ထည် Steel Plate Girder, Steel Truss နှင့် သံကူကွန်ကရစ်ကြမ်းခင်းဖြင့် တည်ဆောက်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန် ၇၅ တန် ဖြတ်သန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ကျေးရွာမြေငှားဂရန်များ ပေးအပ်ပွဲကျင်းပ

**မိုးမောက် အောက်တိုဘာ ၁၀**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် ဝဝမ်ကျေးရွာ နှစ်ခြင်းဘုရားကျောင်းတွင် အောက်တိုဘာလ ပထမပတ်က ကျေးရွာမြေငှားဂရန်များပေးအပ်ပွဲကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်က အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူးက ကျေးရွာမြေငှားဂရန်များပေးအပ်ရာ ကျေးရွာသူ ကျေးရွာသားများကိုယ်စား ဦးနော်တောင်က လက်ခံရယူသည်။

**(မြို့နယ် ပြန်/ဆက်)**

# အနာဂတ်ဘဝလုံခြုံရေး သဘာဝဘေးကြိုတင်ကာကွယ်ပေး

တက္ကသိုလ်ပွင့်သူအောင်

**နှစ်စဉ်အောက်တိုဘာလ ၁၃ ရက်နေ့သည် “အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့” (International Day for Disaster Reduction) ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှ နှစ်စဉ် အောက်တိုဘာလ ၁၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့အဖြစ် ကျင်းပရန် သတ်မှတ်ကာ တစ်ကမ္ဘာလုံးရှိ နိုင်ငံများကို သဘာဝဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ကြရန်၊ ပူးပေါင်းဆောင်ရွက်ကြရန်၊ စည်းလုံးညီညွတ်ကြရန် ဟူ၍ လှုံ့ဆော်တိုက်တွန်းခဲ့သည်။**



၂၀၁၅ ခုနှစ် နီပေါနိုင်ငံ၌ ငလျင်လှုပ်ခတ်ပြီးနောက် အပျက်အစီးများနှင့် ကယ်ဆယ်ရေးလုပ်သားများကို တွေ့ရစဉ်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ အာဆီယံသဘောတူစာချုပ် (ASEAN AGREEMENT ON DISASTER MANAGEMENT AND EMERGENCY RESPONSE) တွင် “သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေလျော့ပါးစေရေး ဆောင်ရွက်မှုဆိုသည်မှာ လူ့ဘောင်အဖွဲ့အစည်းတစ်ခုလုံးတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကိုကျယ်ပြန့်စွာလုပ်ဆောင်ရမည့် ကိစ္စရပ်များ၌ ဘေးအန္တရာယ်များ၏ ထိခိုက်မှုကို ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ရှောင်ရှားရန် သို့မဟုတ် ဘေးအန္တရာယ်များလျော့ပါးစေခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းဖြင့် ကန့်သတ်ရန်၊ ဘေးအန္တရာယ်ထိခိုက်လွယ်မှုများနှင့် သဘာဝဘေးအန္တရာယ်များကို လျော့နည်းနိုင်သမျှ လျော့နည်းစေရန် ဖြစ်နိုင်ခြေများကို ထည့်သွင်းဆောင်ရွက်မှုများဖြစ်သည်” ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ယနေ့ကမ္ဘာတွင် ဘေးအန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်ကြုံတွေ့နေကြသည်။ ယင်းသဘာဝဘေးအန္တရာယ်များအနက် သဘာဝဘေးအန္တရာယ်များသည် လူသားတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်ပျက်စီးစေသည်။ ထို့အပြင် နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးစသည်တို့ တိုးတက်ဖွံ့ဖြိုးရေးကိုလည်း အနှောင့်အယှက်ဖြစ်စေသည်။

အထူးသဖြင့် သဘာဝပတ်ဝန်းကျင်သည် မူလကတည်းက သူ့သဘောသူ့သဘာဝအတိုင်း မျှတစွာတည်ရှိနေသည့်အပြင် ကမ္ဘာ့လူသားသန်းပေါင်း ၇၀၀၀ ကျော်တို့ကို အခမဲ့ဝန်ဆောင်မှုပေးနေသော ယန္တရားကြီးဆိုလျှင်မမှားပေ။ ထိုယန္တရားကြီးကို လူသားတို့ မကြာခဏဖျက်ဆီးမှုနှင့် ထိန်းသိမ်းမှု၊ ဂရုစိုက်မှုအားနည်းလာခဲ့သောကြောင့် ယိုယွင်းပျက်စီးလာခဲ့သည်။ ရာသီဥတုပြောင်းလဲလာမှုနှင့် ကမ္ဘာကြီးပူနွေးလာမှု၏ အဓိကပြဿနာတစ်ရပ်အဖြစ် ကမ္ဘာ့နိုင်ငံအနှံ့အပြား၌ သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် မကြာခဏရင်ဆိုင်ရလျက်ရှိသည်။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိုးရအဆင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (International Panel on Climate Change-IPCC) ၏ အစီရင်ခံစာအရ ၂၀ ရာစုနှစ်ကာလအတွင်း ကမ္ဘာကြီး၏အပူချိန်သည် ၀ ဒသမ ၆ ဒီဂရီစင်တီဂရိတ်တိုးမြင့်လာကြောင်း သိရသည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများကို တွေ့ကြုံခံစားရလျက်ရှိရာ မှတ်တမ်းများအရ ၂၀၁၂ ခုနှစ်အတွင်း ကမ္ဘာတစ်လွှားတွင် ဘေးအန္တရာယ်ဖြစ်ပွားမှု အကြိမ်ပေါင်း ၃၁၀ ရှိခဲ့၍ လူပေါင်း ၉၃၃၀ အသက်ဆုံးရှုံးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၈ ဘီလီယံရှိခဲ့သည်။

အထူးသဖြင့် ကမ္ဘာတစ်ဝန်း၌ စုစုပေါင်းလူဦးရေ သန်း ၂၃၀ ခန့် နှစ်စဉ် သဘာဝဘေးအန္တရာယ်များနှင့် တွေ့ကြုံခံစားနေရပြီး ပျမ်းမျှလူပေါင်း ၈၅၀၀၀ ခန့်အသက်ဆုံးရှုံးမှုရှိခဲ့သည်။ ၂၀၀၈ ခုနှစ် မေလတွင် မြန်မာနိုင်ငံ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၌ နာဂစ်မုန်တိုင်းတိုက်ခတ်မှု၊ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေငလျင်စသည်တို့အပြင် မိုးတွင်းကာလ မြန်မာနိုင်ငံနေရာအနှံ့ ရေကြီးရေလွှမ်းမှုဖြစ်စဉ်များ ကြုံတွေ့ခဲ့ရသည်။

ယခုနှစ် ဇူလိုင်လလယ်မှစတင်ကာ မြန်မာနိုင်ငံတစ်ဝန်းလုံး မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် လည်းကောင်း၊ ဇူလိုင် ၃၀ ရက်က အားအလွန်ကောင်းသော ကိုမန်ဆိုင်ကလုန်းမုန်တိုင်းအရှိန်ကြောင့် လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အများစုတို့တွင် ရေကြီးရေလျှံမှုများ၊ ရေဝင်နစ်မြုပ်မှုများနှင့် မြေပြိုမှုများဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက ၂၀၁၅ ခုနှစ် ဇူလိုင်လ ၃၁ ရက်စွဲဖြင့် ကြေညာချက်အမှတ် (၁/၂၀၁၅)ကို ထုတ်ပြန်၍ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ကို သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာခဲ့သည်။

**မြန်မာနိုင်ငံအနေဖြင့် မမျှော်လင့်ဘဲ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ကြံ့ကြံ့ခံတုံ့ပြန်နိုင်ရေးအတွက် ဘေးအန္တရာယ်ဖြစ်နိုင်ခြေလျှော့ချပြီး ကြိုတင်ကာကွယ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ခြင်းဟူသည့် အဆင့်လေးဆင့်ပါဝင်သော ဘေးအန္တရာယ်စီမံခန့်ခွဲမှုစနစ်ကို အရည်အသွေးမီထူထောင်လျက် တစ်မျိုးသားလုံး နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်**

ထို့အပြင် မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ရေကြီးရေလွှမ်းခြင်းဖြစ်ပေါ်ခဲ့ရာ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတို့တွင် သီးနှံများရေမြုပ်ခဲ့မှု ဧရိယာ ၁၄၄၆၆၈၉ ဧကရှိခဲ့ပြီး သီးနှံများထိခိုက်မှုဧရိယာမှာ ၁၁၀၇၈၁၄ ဧကဖြစ်၍ သီးနှံများပျက်စီးမှုဧရိယာမှာ ၈၃၆၉၃၄ ဧကဖြစ်သည်။ ထိုကဲ့သို့ ရေဘေးဖြစ်ပွားခြင်းခံရသော ရေဘေးသင့်ဦးရေမှာ ၁၆၃၁၆၇၂ ဦးနှင့် သေဆုံးသူဦးရေ ၁၂၂ ဦးရှိခဲ့သည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်းတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် စုစုပေါင်းငွေကျပ် ၈၆၁၁၄၉၉၄၀ ထောက်ပံ့ပေးခဲ့သည်။

အထူးသဖြင့် ရေကြီး၊ ရေလွှမ်းခြင်း လျော့ပါးစေရန် ဒေသခံပြည်သူများသည် မိမိတို့နေထိုင်သည့်အိမ်များကို ရေကြီးရေမြုပ်ခြင်းဒဏ် ကြံ့ကြံ့ခံနိုင်သည့် နေအိမ်များပြုပြင်ဆောက်လုပ်ခြင်း၊ ယင်လုံအိမ်သာများကို ရေမြုပ်သည့် အမြင့်အထက်တွင် ဆောက်လုပ်ခြင်း၊ ရေကြီးရေမြုပ်နေစဉ်ကာလများတွင် သောက်သုံးရေရရှိစေရန် ကြိုတင်၍ ရေသိုလှောင်ခြင်းတို့ကို ကိုယ်တိုင်လုပ်ဆောင်ထားရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မကြာခဏတွေ့နေရသော သဘာဝဘေးတို့အနက် ရေကြီးရေလွှမ်းခြင်းဘေးသည် ၁၁ ရာခိုင်နှုန်းခန့်ရှိပြီး နှစ်စဉ်နှစ်တိုင်း ကြုံတွေ့နေရသော ဘေးဖြစ်ကာ ၁၉၁၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း အကြီးစားရေကြီးမှု (၁၂)ကြိမ်ဖြစ်ခဲ့ကြောင်း၊ “Hazard Profile of Myanmar” တွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံ၌ မိုးတွင်းကာလဖြစ်သည့် မေလလယ်မှ အောက်တိုဘာလအတွင်း၌ မြစ်ရေ ကြီးခြင်း၊ မြစ်ရေလျှံခြင်းသည် နှစ်စဉ်ဖြစ်လေ့ဖြစ်ထရှိသော သဘာဝဘေးဖြစ်ပြီး ဇွန်လ၊ ဩဂုတ်လ၊ စက်တင်ဘာလမှ အောက်တိုဘာလများသည် မိုးကြီးတတ်သောကာလဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ကို ပြန်ကြည့်လျှင် သဘာဝပတ်ဝန်းကျင် အခြေအနေသည် လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း သိသာထင်ရှားစွာ ဆုတ်ယုတ်လျက်ရှိသည်။ ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများသည်ပင်လျှင် သဘာဝအလျောက်ပျက်စီးမှုနှင့် နှိုင်းယှဉ်ကြည့်ပါက လူသားများကြောင့် ပျက်စီးမှုအဆပေါင်းများစွာ ပိုမိုလာခဲ့သည်။ မီးတောင်ပေါက်ကွဲခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ ရေကြီးရေလျှံမြေပြိုခြင်းများကြောင့် လေထု၊ မြေထု၊ ရေထုညစ်ညမ်းလာကာ မြေဆီလွှာတိုက်စားခံရခြင်းများသည် သဘာဝ အလျောက် ပတ်ဝန်းကျင်ပျက်စီးမှုများအဖြစ် ထောက်ပြလျက်ရှိသည်။

ငလျင်၊ မုန်တိုင်း စသည့်သဘာဝဘေးအန္တရာယ်များသည် ကမ္ဘာဦးအစ ကာလကပင်ရှိခဲ့သော်လည်း ယနေ့ မျက်မှောက်ကာလဖြစ်သည့် ၂၁ ရာစုတွင် အန္တရာယ်ပိုမိုကြီးလာခဲ့သည်။ ၂၀ ရာစု ကာလ ၁၉၉၂ ခုနှစ်က အမေရိကန်ပြည်ထောင်စုတွင် တိုက်ခတ်ခဲ့သော ဟာရီကိန်းမုန်တိုင်း အင်ဒရူး(Andrew)ကြောင့် ဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာဘီလီယံ ၁၈၀၊ ၂၁ ရာစုအဝင် ၂၀၀၅ ခုနှစ်က တိုက်ခတ်ခဲ့သော ဟာရီကိန်းမုန်တိုင်း ကက်ထရီနာ(Katrina)ကြောင့် ဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၇၀ ဘီလီယံတို့သည် ထင်ရှားသောသာဓကများ ဖြစ်သည်။ ထို့အတူ ၂၀ ရာစု၏ အကြီးမားဆုံးငလျင်ဖြစ်သော ၁၉၉၅ ခုနှစ်က လှုပ်ခတ်ခဲ့သည့် ဂျပန်နိုင်ငံ ကိုဘေး (Kobe) ငလျင်ကြောင့် အမေရိကန်ဒေါ်လာ ၂၅၀ ဘီလီယံကျော် ပျက်စီးဆုံးရှုံးခဲ့သည်။ ၂၁ ရာစုမှ ၂၀၁၁ ခုနှစ် မတ်လက ဂျပန်နိုင်ငံဆန်းဒိုင်း (Sundai) ငလျင်ကြောင့် အမေရိကန် ဒေါ်လာ ၃၈၀ ဘီလီယံခန့် ပျက်စီးဆုံးရှုံးခဲ့သည်။

ထို့အပြင် ၂၀၁၅ ခုနှစ် ဧပြီ ၂၅ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၅၆ မိနစ်ခန့်က အင်အား ရစ်ချ်တာစကေး ၇ ဒသမ ၉ ရှိ ငလျင်တစ်ခုလှုပ်မှုကြောင့် နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ ပြည်ပနိုင်ငံသားများအပါအဝင် သေဆုံးသူဦးရေ ၇၀၀၀ ကျော်ခဲ့သည်။

မြန်မာနိုင်ငံတွင် ငလျင်ဇုန်မြေပုံအရ ပျက်စီးမှုဇုန်ကြီး (Destructive Zone) နှစ်ဇုန်ဖြစ်သော တောင်ဘက်မုတ္တမကွေ့မှ မြောက်ဘက် ပူတာအိုဒေသအထိ တောင်မြောက်သွယ်တန်းဖြစ်တည်နေသော စစ်ကိုင်းပြတ်ရွေ့ဝန်းကျင်ဇုန်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အနောက်မြောက်ပိုင်းဇုန်တို့ဖြစ်သည်။ ယင်းတို့အနက် စစ်ကိုင်းပြတ်ရွေ့ဝန်းကျင်ဇုန်၏ တောင်ဘက်ပိုင်းသည် မြန်မာနိုင်ငံ၌ ငလျင်ဘေးအန္တရာယ်အများဆုံးဖြစ်ပြီး ယင်းအပိုင်း၌ ပဲခူး၊ ဖြူး၊ တောင်ငူ၊ နေပြည်တော်၊ ရမည်းသင်း၊ သာစည်၊ သဲတော-ဝမ်းတွင်း၊ မန္တလေး၊ စစ်ကိုင်း စသော မြို့ကြီးများနှင့် မြို့လတ်များ ကျရောက်နေသည်။ မြန်မာနိုင်ငံတွင် စစ်ကိုင်းပြတ်ရွေ့ငလျင်ကြီးအများစုမှာ ၁၉၃၀-၁၉၃၁ ခုနှစ်တွင် လှုပ်ခတ်ခဲ့ပြီး ပြင်းအား ပမာဏရစ်ချ်တာစကေး ခုနစ်ခန့်ရှိသော ငလျင်များသည် ပဲခူး၊ ဖြူး၊ မြောက်ဘက်တကောင်း၊ ပျဉ်းမနားမြို့များတွင် တစ်ကြိမ်စီလှုပ်ခဲ့သည်။ မြန်မာနိုင်ငံတွင် ငလျင်လှုပ်ခတ်ခဲ့မှုမရှိခဲ့သည်မှာ ၈၅ နှစ်ရှိနေပြီဖြစ်၍ ပမာဏ အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၅ အထက် ငလျင်များ အချိန်မရွေးလှုပ်ခတ်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် မမျှော်လင့်ဘဲသဘာဝဘေးအန္တရာယ်ကျရောက်လာပါက ကြံ့ကြံ့ခံတုံ့ပြန်နိုင်ရေးအတွက် ဘေးအန္တရာယ်ဖြစ်နိုင်ခြေလျှော့ချပြီး ကြိုတင်ကာကွယ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ခြင်းဟူသည့် အဆင့်လေးဆင့်ပါဝင်သော ဘေးအန္တရာယ်စီမံခန့်ခွဲမှုစနစ်ကို အရည်အသွေးမီထူထောင်လျက် တစ်မျိုးသားလုံး နိုးကြားတက်ကြွစွာပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ အထူးသဖြင့် သဘာဝဘေးအပါအဝင် ဘေးအန္တရာယ်များကြောင့် အသက်ဆုံးရှုံးခြင်း၊ အိုးအိမ်နှင့် အသက်မွေးမှုလုပ်ငန်းများ၊ သီးနှံ့ရိက္ခာများ၊ စားဝတ်နေရေးဆိုင်ရာ အထောက်အကူပစ္စည်းများ၊ ကျွဲ၊ နွား တိရစ္ဆာန် ဆုံးရှုံးခြင်းများစသည့် ချက်ချင်းလတ်တလောဆုံးရှုံးမှုများအပြင် အသက်မွေးမှုလုပ်ငန်းအခြေခံများ ပျက်စီးခြင်း၊ ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများထိခိုက်ခြင်း၊ လမ်း၊ တံတားဆက်သွယ်ရေးအစရှိသော အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးခြင်း၊ စိုက်ပျိုးမြေ၏ သဘာဝများ ပျက်စီးခြင်း၊ သောက်သုံးရေ၏အခြေခံများ ပျက်စီးခြင်း၊ ကူးစက်ရောဂါများ ပျံ့နှံ့ခြင်းစသည့် ကာလအတန်ကြာထိခိုက်မှုများ ရင်ဆိုင်နိုင်ရန်နှင့် အနာဂတ်ဘဝလုံခြုံရေးတို့အတွက် နိုင်ငံတော်နှင့်အတူ ပြည်သူများဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။

# ကျောင်းသား ကျောင်းသူများ လိုအပ်သည့်ကျွမ်းကျင်မှုပြည့်စုံရန် လေ့ကျင့်သင်ကြားပေး

**နေပြည်တော် အောက်တိုဘာ ၁၂**



သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် အောက်တိုဘာ ၁၂ ရက်က မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့ရှိ အစိုးရနည်းပညာကောလိပ်(မြင်းခြံ)သို့ ရောက်ရှိပြီး လေပြင်းဒဏ်ကြောင့် မျက်နှာကြက် ပြိုကျပျက်စီးမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျောင်းအုပ်ကြီး၊ ဌာနမှူး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက လေပြင်းဒဏ်ကြောင့် ပြိုကျပျက်စီးသည့် မျက်နှာကြက်များ ပြန်လည်ပြုပြင်ရာတွင် လေပြင်းဒဏ်နှင့် သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်သည်အထိ ပြင်ဆင်သွားမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများ ဘေးအန္တရာယ် ကင်းရှင်းရေးသည် အဓိကဖြစ်ကြောင်း၊ အခြားပြင်ဆင်ရန် လိုအပ်သည်များကိုလည်း တစ်ပါတည်းစီစဉ်၍ ပြင်ဆင်ပေးသွားမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများ အမှန်တကယ် တတ်မြောက်ကျွမ်းကျင်မှုရှိစေရန် လိုအပ်သည့်ကျွမ်းကျင်မှုများ ပြည့်စုံစေရန်နှင့် စည်းကမ်းလိုက်နာ၍ ကိုယ်ကျင့်တရားကောင်းမွန်သည့် ပညာရှင်များ၊ ကျွမ်းကျင်သူများဖြစ်လာစေရန် လေ့ကျင့်သင်ကြားပေးကြရန်ဖြစ်ကြောင်း၊ အရည်အချင်းရှိသော ကျောင်းသား ကျောင်းသူများ မွေးထုတ်ပေးနိုင်ရေးအတွက် ဆရာ ဆရာမများအနေဖြင့် မိမိတို့တစ်ဦးချင်း ဘာသာရပ်များကို ပိုမိုကျွမ်းကျင်မှုရှိစေရန် လေ့လာခြင်းဖြင့် တိုးတက်မှုရှိလာပြီး ဌာန၊ မိမိတို့၏ကျောင်း တိုးတက်စေရေးအတွက် အဆင့်အလိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူဖြစ်စေမည့် အရည်အသွေးရှိသော လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများကိုလည်း ကျောင်းအလိုက် ဆောင်ရွက်နေကြပြီဖြစ်၍ ကောင်းမွန်စွာဆောင်ရွက်နိုင်ရေးအတွက် ဆရာ ဆရာမများနှင့် ဝန်ထမ်းများအားလုံးက သင်ကြားရေးဆိုင်ရာကိစ္စရပ်များ၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များနှင့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များအား လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်သွားကြရန်တို့ကို ပြောကြားသည်။

အောက်တိုဘာ ၉ ရက်က လေပြင်းများ တိုက်ခတ်ခဲ့ခြင်းကြောင့် ပင်မစာသင်ဆောင် တတိယထပ်ရှိ ကွန်ပျူတာခန်း မျက်နှာကြက် ပြိုကျပျက်စီးနေသည့် အခြေအနေများ၊ သံလွင်မဟာဆောက်လုပ်ရေးကုမ္ပဏီမှ ပြန်လည်ပြုပြင်ရန် ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စာသင်ခန်းများ၊ လက်တွေ့ခန်းများနှင့် အလုပ်ရုံများကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

## မြန်မာကျောင်းသားများအတွက် ပညာရေးပြပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၂**

မြန်မာကျောင်းသားများ ပညာရေးကဏ္ဍတွင် ကောင်းမွန်စွာရွေးချယ်နိုင်ရန် ရည်ရွယ်၍ နိုင်ငံတကာ တက္ကသိုလ်ပေါင်း ၁၀၀ ကျော်၏ ဝင်ခွင့်နှင့်ပညာသင်ဆုများ လျှောက်ထားနိုင်မည့် Crown Global Education Expo 2015 ကို ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပညာရေးပြပွဲများကို ရန်ကုန်မြို့ Summit Parkview Hotel, Ball Room ၌ အောက်တိုဘာ ၂၄ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိလည်းကောင်း၊ မန္တလေး မြို့ Hotel Mandalay, Ball Room ၌ အောက်တိုဘာ ၂၅ ရက်တွင် မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိလည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သီဟသူ**

## တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာသွန်းမည့်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၂**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ အောက်တိုဘာ ၁၃ ရက်တွင် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်တွင် နေရာကျဲကျဲ မိုးရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နေမည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မာန်အောင်မြို့တွင် ၉ ဒသမ ၄၁ လက်မ၊ ဟိုင်းကြီးကျွန်း ၇ ဒသမ ၄၈ လက်မ၊ ဂွမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ သာစည်မြို့တွင် ၂ ဒသမ ၈၇ လက်မ၊ နွားထိုးကြီးမြို့တွင် ၂ ဒသမ ၇၇ လက်မ၊ မြဝတီမြို့တွင် ၂ ဒသမ ၇၂ လက်မ၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် ၂ ဒသမ ၆၈ လက်မစီ၊ ထီးလင်းမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ဝမ်းတွင်းမြို့တွင် ၂ ဒသမ ၄၆ လက်မနှင့် ကျောက်ထုမြို့တွင် ၂ ဒသမ ၄၅ လက်မတို့ ဖြစ်ကြသည်။

**(မိုး/ဇလ)**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲကျင်းပခြင်းမပြုနိုင်သည့် နယ်မြေများ ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၁၂**

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နယ်မြေအချို့၌ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲများကျင်းပခြင်း ပြုမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အောက်တိုဘာ ၁၂ ရက်စွဲဖြင့် ကြေညာချက်(၅)စောင် ထုတ်ပြန်ခဲ့သည်။

အဆိုပါ ကြေညာချက်အမှတ် (၆၁/၂၀၁၅) တွင် ကချင်ပြည်နယ်အတွင်းရှိ မချမ်းဘောမြို့နယ်မှ ကျေးရွာအုပ်စု (၁၅)စု၊ ဆွမ်ပရာဘွမ်မြို့နယ်မှ ကျေးရွာအုပ်စု (၃၁)စု၊ ခေါင်လန်ဖူးမြို့နယ်မှ ကျေးရွာအုပ်စု (၂)စု၊ ဝိုင်းမော်မြို့နယ်မှ ကျေးရွာအုပ်စု(၁၆)စု၊ ချီဖွေမြို့နယ်မှ ကျေးရွာအုပ်စု (၉)စု၊ ဆော့လော်မြို့နယ်မှ ကျေးရွာအုပ်စု (၈)စု၊ အင်ဂျန်းယန်မြို့နယ်မှ ကျေးရွာအုပ်စု (၆၁)စု၊ တနိုင်းမြို့နယ်မှ ကျေးရွာအုပ်စု (၉)စု၊ မိုးမောက်မြို့နယ်မှ ကျေးရွာအုပ်စု (၂၇)စု၊ မံစီမြို့နယ်မှ ကျေးရွာအုပ်စု (၂၃)စုနှင့် ရွှေကူမြို့နယ်မှ ကျေးရွာအုပ်စု(၁၀)စုတို့ ပါဝင်သည်။

ကြေညာချက်အမှတ် (၆၂/၂၀၁၅)တွင် ကရင်ပြည်နယ်အတွင်းရှိ ဘားအံမြို့နယ်မှ ကျေးရွာအုပ်စု (၁)စု၊ လှိုင်းဘွဲ့မြို့နယ်မှ ကျေးရွာအုပ်စု (၈)စု၊ သံတောင်ကြီးမြို့နယ်မှ ကျေးရွာအုပ်စု (၉)စု၊ ကော့ကရိတ်မြို့နယ်မှ ကျေးရွာအုပ်စု (၇)စု၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ ကျေးရွာအုပ်စု (၃၈)စု၊ မြဝတီမြို့နယ်မှ ကျေးရွာအုပ်စု (၆)စုနှင့် ဖာပွန်မြို့နယ်မှကျေးရွာအုပ်စု (၂၅)အုပ်စုတို့ ပါဝင်သည်။

ကြေညာချက်အမှတ် (၆၃/၂၀၁၅)တွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ကြီးမြို့နယ်မှ ကျေးရွာအုပ်စု (၁၂)စုနှင့် ရွှေကျင်မြို့နယ်မှ ကျေးရွာအုပ်စု (၂၉)စုတို့ပါဝင်ပြီး ကြေညာချက်အမှတ် (၆၄/၂၀၁၅)တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ်မှ ဘောနော‌ခီးကျေးရွာအုပ်စုတို့ ပါဝင်သည်။

ကြေညာချက်အမှတ် (၆၅/၂၀၁၅)တွင် ရှမ်းပြည်နယ် ပန်ဆန်း(ပန်ခမ်း)မြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ မိုင်းမောမြို့နယ်၊ နားဖန်းမြို့နယ်နှင့်မိုင်းလားမြို့နယ်တစ်ခုလုံးကို လည်းကောင်း၊ မူဆယ်မြို့နယ်မှ ကျေးရွာအုပ်စု(၄)စု၊ ကုန်းကြမ်းမြို့နယ်မှ ကျေးရွာအုပ်စု (၂)စု၊ မန်တုံမြို့နယ်မှ ကျေးရွာအုပ်စု (၂)စု၊ မိုင်းခတ်မြို့နယ်မှ ကျေးရွာအုပ်စု (၄)စု၊ မိုင်းယန်းမြို့နယ်မှ ကျေးရွာအုပ်စု (၁၅)စု၊ မိုင်းယောင်းမြို့နယ်မှ ကျေးရွာအုပ်စု (၈)စု၊ မိုင်းတုံမြို့နယ်မှ ကျေးရွာအုပ်စု (၄)စုနှင့် မက်မန်းမြို့နယ်မှ ကျေးရွာအုပ်စု (၁၇)စုကိုလည်းကောင်း ထုတ်ပြန်ထားသည်။

အဆိုပါ ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုနိုင်သည့် မြို့နယ်အလိုက် ကျေးရွာအုပ်စု အမည်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ Websibe ဖြစ်သော www.uecmyanmar.org တွင် အသေးစိတ်ဖော်ပြထားရှိသဖြင့် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## အင်းလေးဒေသဟိုတယ်ဇုန် လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်းကော်မတီမှ လုပ်ငန်းများဆောင်ရွက်ပြီးစီး

**တောင်ကြီး အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်တွင် အင်းလေးဒေသဟိုတယ်ဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိရေး လုပ်ငန်းကော်မတီမှ လုပ်ငန်းများဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဟိုတယ်ဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိရေး လုပ်ငန်းကော်မတီမှ ၆၆/၁၁ ကေဗွီ ၂၀ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ခြင်း၊ နောင်ကားခွဲရုံမှ ဟိုတယ်ဇုန်ခွဲရုံထိ ၆၆ ကေဗွီဓာတ်အား လိုင်း ၂၆ ဒသမ ၄ မိုင် တည်ဆောက်ခြင်း၊ ဟိုတယ်ဇုန်(အေ၊ ဘီ၊ စီ)အတွင်း ၁၁ ကေဗွီဓာတ်အားလိုင်း ၂၀ ဒသမ ၈၄ မိုင် တည်ဆောက်ခြင်း၊ လမ်းမီးတိုင် Double Pole အလုံး ၃၆၀ နှင့် Single Pole အလုံး ၂၂၀ တည်ဆောက်ခြင်း၊ ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၅၀ ကေဗွီအေ ထရန်စဖော်မာ ၁၀ လုံး တည်ဆောက်ခြင်း၊ ဝန်ထမ်းနေအိမ် လေးခန်းတွဲ ပေ(၆၀×၅၀)တစ်လုံး တည်ဆောက်ခြင်း၊ ဝန်ထမ်းနေအိမ်နှစ်ခန်းတွဲ (၄၈×၄၄)ပေ တစ်လုံးတည်ဆောက်ခြင်း စသည့်လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ၆၆ ကေဗွီဓာတ်အားလိုင်းအား ဖေဖော်ဝါရီ ၁ ရက်တွင် လည်းကောင်း၊ ၆၆/၁၁ ကေဗွီ၊ ၂၀ အမ်ဗွီအေ ဓာတ်အားခွဲရုံးကို ဖေဖော်ဝါရီ ၇ ရက်တွင်လည်းကောင်း၊ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးထားပြီးဖြစ်၍ ဟိုတယ်ဇုန်အတွင်း ဟိုတယ်များ တည်ဆောက်ပြီးစီးပါက ဓာတ်အားလိုအပ်မှုကို ဖြည့်ဆည်းပေးရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



အင်းလေးဒေသဟိုတယ်ဇုန် (၂၀)အမ်ဗွီအေ ၆၆/၁၁ ကေဗွီဓာတ်အားခွဲရုံ(လျှပ်စစ်ပိုင်းဆိုင်ရာ)တပ်ဆင် တည်ဆောက်နေမှုကို တွေ့ရစဉ်။

## မြန်မာ့ပင်လယ်ပြင် လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် အောက်တိုဘာ ၁၂** ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**

# ဆင်ပေါင်ဝဲမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းရေတိုက်စား

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၁၂**

ဆင်ပေါင်ဝဲမြို့နယ်၌ အောက်တိုဘာ ၁၂ ရက် နံနက် ၂ နာရီမှ ၅ နာရီထိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဇောင်ချမ်းတောင်ကျေးရွာအုပ်စု ချောင်းသာ ကျေးရွာ၌ အိမ်ခြေ ၆၅ လုံး ရှိသည့်အနက် ၃၅ လုံး သုံးပေခန့် ရေလွှမ်းခဲ့ပြီး အိမ်ခြေ ၂၀လုံးမှာ ကမ်းပါးပြို၍ ချောင်းရေတိုက်စားပြီး အိမ်ခြေကိုးလုံးသာ ရေလွတ်ကျန်ရှိခဲ့ပြီး ရေလွှမ်းမိုးသည့် အိမ်ခြေ ၃၅ လုံးမှာ ယခုအခါ ရေကျသွားပြီဖြစ်၍ ရွှံ့နွံများ ဖယ်ရှား သန့်ရှင်းရေးပြုလုပ်လျက်ရှိသည်။



အလားတူ စွယ်ကျိုးကျေးရွာ၌လည်း (၃×၃) ပင် (သက်ငယ်မိုး၊ ထရံကာ၊ ကြမ်းခင်း) အိမ်နှစ်လုံးတို့ ကမ်းပါးပြိုကျ၍ ချောင်းရေတိုက်စားပါသွားပြီး စည်တိုင်းကျေးရွာ အုပ်စုတွင်လည်း စည်တိုင်း(ရွာမ)ကျေးရွာရှိ စေတီတစ်ဆူနှင့် စည်တိုင်း (မကြီးကုန်းလေး) ကျေးရွာ၌ နေအိမ်ခုနစ်လုံးတို့ ကမ်းပါးပြိုကျ၍ ချောင်းရေတိုက်စားသွားသည်။

ရေတိုက်စားပါသွားသည့် ချောင်းသာကျေးရွာ အိမ်ခြေ ၂၀ လုံး၊ အိမ်ထောင်စု ၂၀ စု၊ စွယ်ကျိုးကျေးရွာမှ အိမ်ခြေနှစ်လုံး၊ အိမ်ထောင်စု နှစ်စု၊ မကြီးကုန်းလေးကျေးရွာမှ အိမ်ခြေ ခုနစ်လုံး၊ အိမ်ထောင်စုခုနစ်စုတို့ကို နီးစပ်ရာ ဆွေမျိုးသားချင်းအိမ်များ၌ နေထိုင်နိုင်ရေး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများက ပို့ဆောင်ပေးကြပြီး အဆိုပါ အိမ်ထောင်စု ၃၀ အတွက် ခုနစ်ရက်စာ စားသောက်နိုင်ရေး ဆန်နှင့် အခြားစားသောက်ဖွယ်ရာများကို မြို့နယ်အစီအစဉ်ဖြင့် ပေးပို့နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

အဆိုပါ နေရာများသို့ ကျန်းမာရေး စောင့်ရှောက်မှုပြုလုပ်နိုင်ရန် မြို့နယ် ကုသရေး ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ် မွေး/ကု ဦးစီးဌာနမှ တာဝန်ရှိသူများအား အမြန်ဆုံးသွားရောက်စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် မကွေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် မကွေးတိုင်းဒေသကြီး ကြက်ခြေနီအသင်းတို့မှ ထောက်ပံ့ရေးပစ္စည်းများ ရရှိရေး တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဖြစ်စဉ်ကြောင့် ကျေးရွာတို့တွင် စုစုပေါင်း အိမ်ခြေအလုံး ၃၀ ရေတိုက်စားခံရပြီး လူ၊ တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မန်ကျည်းပင်လဲပြို

**ပခုက္ကူ အောက်တိုဘာ ၁၂**

ပခုက္ကူမြို့တွင်မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အမှတ်(၇)ရပ်ကွက် ဂန္ဓာရုံလမ်း ဒေါ်အေးငွေ၏ နေအိမ်ရှေ့ရှိ မန်ကျည်းပင်တစ်ပင် လဲပြိုမှု ယနေ့ မွန်းတည့် ၁၂ နာရီခန့်ကဖြစ်ပွားသည်။

လုံးပတ် ၆ ပေအမြင့် ပေ ၅၀ ခန့်ရှိ မန်ကျည်းပင်သည် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဒေါ်အေးငွေ၏ အိမ်ပေါ်သို့ ပိကျနေကြောင်း သတင်းအရ ပခုက္ကူခရိုင်မီးသတ်ဦးစီးဌာနမှ သန္နေတပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန် တပ်ဖွဲ့ဝင် ၁၅ ဦးဖြင့် ကူညီကယ်ဆယ်ရှင်းလင်းပေးသည်။ သစ်ပင်လဲပြိုမှုကြောင့် လူ၊ တိရစ္ဆာန်ထိခိုက်မှုမရှိဘဲ ပေ (၂၀×၃၀) သွပ်မိုးထရံကာ နေအိမ်အမိုးများသာ ပျက်စီးကြောင်းသိရသည်။

**ဇော်ဌေးအောင်(ပြန်/ဆက်)**

# ချောင်းရေလျှံ၍ လမ်း၊ တံတားနှင့် သီးနှံများပျက်စီး

**ကျွန်းလှ အောက်တိုဘာ ၁၂**

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည် အနောက်ခြမ်းရှိ ဒေသများ၌ မိုးသည်းထန်စွာ ရွာသွန်း ခဲ့သောကြောင့် အောက်တိုဘာ ၉ ရက်က မော်ကယ်ကျေးရွာအုပ်စု၊ သက္ကယ်ကျင်းကျေးရွာအုပ်စု၊ လိပ်ဆင်းတောင်ကျေးရွာအုပ်စုများအတွင်း ချောင်းရေလျှံ၍ ရေဝင်ရောက်ခဲ့ခြင်းများရှိကြောင်း သိရသည်။

အဆိုပါ ချောင်းရေတိုက်စားမှုကြောင့် ဝေလမှုကျေးရွာနှင့် သက္ကယ်ကျင်းကျေးရွာ ဆက်သွယ်သော လမ်းပိုင်း တစ်မိုင်ခန့်နှင့် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားသော အရှည်ပေ ၅၀ ခန့်သစ်သား တံတား တစ်စင်းနှင့်ရေကျော်တစ်ခုပျက်စီးသွားကြောင်းသိရသည်။

“ဆည်အနောက်ဘက်ခြမ်းက အသုံးများတဲ့ လမ်းပိုင်းပါ။ တံတားပျက်နေလို့ ဆိုင်ကယ်ကို အထမ်းငှားခဲ့ရတာ ငွေကျပ် ၅၀၀၀ ပေးခဲ့ရပါတယ်။နှစ် ၂၀ ကျော်အတွင်း ချောင်းရေလျှံမှု အကြီးဆုံးပါပဲ”ဟု အဆိုပါလမ်းကို အသုံးပြုသွားလာ နေရသူတစ်ဦးက ပြောသည်။ ချောင်းရေဖုံးလွှမ်းမှုကြောင့် စိုက်ပျိုးထားသော မိုးစပါးနှင့် အခြားသီးနှံ စိုက်ခင်းအချို့ ပျက်စီးဆုံးရှုံးမှုများရှိခဲ့ပြီး အိမ်မွေးတိရစ္ဆာန်များ မျောပါ ပျောက်ဆုံးမှုများလည်းရှိသည်”ဟု သိရသည်။

**(မြို့နယ် ပြန်/ဆက်)**





# မြစ်ရေ၊ ကွင်းရေကြီးမြင့်ခဲ့မှုနှင့် မိုးကြီးမှုကြောင့် စံကင်းကျွန်းရှိကျေးလက်လမ်းအချို့ပျက်စီး

**ညောင်တုန်း အောက်တိုဘာ ၁၂**

ညောင်တုန်းမြို့နယ်၌ ဧရာဝတီမြစ်ရေနှစ်ကြိမ်တိုင်တိုင် စိုးရိမ်ရေမှတ်နှင့် အန္တရာယ်ရေမှတ်များအထက် ကျော်လွန်ရောက်ရှိခဲ့မှုနှင့် ယခုရက်ပိုင်းအတွင်း မိုးရွာသွန်းမှုများပြားမှုများကြောင့် ညောင်တုန်းမြို့နယ် စံကင်းကျွန်းဒေသရှိ ကျေးလက်လမ်းအချို့ပျက်စီးမှုများ ရှိနေကြောင်း သိရသည်။

မြစ်ရေ၊ ကွင်းရေကြီးမြင့်မှုနှင့် မြစ်ကြောင်း အချို့ပိတ်ဆို့ထားမှုများကြောင့် စံကင်းကျွန်းတွင်ရေကြီးနစ်မြုပ်မှုဒဏ်ကို အချိန်ကြာမြင့်စွာခံရမှုများကြောင့် မွေးမြူ စိုက်ပျိုးရေးလုပ်ငန်းများပျက်စီးဆုံးရှုံးမှုများပြားခဲ့သည့်အပြင် စံကင်းကျွန်းရှိ ကျေးလက်လမ်း အချို့မှာ ရေတိုက်စားမှုခံရပြီးပျက်စီးမှုများရှိခဲ့ကြောင်း သိရသည်။ ညောင်တုန်းမြို့နယ် ကြက်တူရွေးတောင်ကျေးရွာနှင့် ဘုရားကုန်းကျေးရွာအုပ်စု ဝါးတောကျေးရွာ ဆက်သွယ်ထားသည့် သုံးမိုင်ခန့် ရှည်လျားသော ကျေးလက်လမ်းမှာလည်း မြစ်ရေ၊ ကွင်းရေကြီးခဲ့စဉ်က ရေတိုက်စားမှုကြောင့် ပျက်စီးပြတ်တောက်သွားခဲ့သည်ကို အောက်တိုဘာ ၁၁ ရက်က တွေ့ခဲ့ရသည်။

မြစ်ရေ၊ ကွင်းရေကြီးခဲ့စဉ်က ပျက်စီးခဲ့သဖြင့် ပြန်လည်စိုက်ပျိုးခဲ့ကြသော စပါးခင်းများမှာ ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အခြေအနေကောင်းမွန်လျက်ရှိကြောင်း သိရသည်။ ညောင်တုန်းမြို့နယ်၌ ရေကြီးနစ်မြုပ်မှုဘေးမှ ကင်းလွတ်ခဲ့သော မိုးစပါးစိုက်ခင်းများမှာ ဝင်းမှည့်နေပြီး ရိတ်သိမ်းရမည့်အချိန်တွင် မိုးများနေသဖြင့် ရိတ်သိမ်းရန် အခက်အခဲဖြစ်နေရကြောင်းလည်း သိရသည်။ မိုးပြတ်သွားပါက ဝင်းမှည့်နေသောစပါးခင်းများ လှိုင်လှိုင်ရိတ်သိမ်းနိုင်တော့မည်ဖြစ်သည်။

**နေလင်း(ညောင်တုန်း)**

# ဆားပွက်ချောင်း ရေကြီး၍ ကျေးရွာများသို့ ချောင်းရေဝင်ရောက်

**မင်းဘူး အောက်တိုဘာ ၁၂**

မင်းဘူးမြို့၌ အောက်တိုဘာ ၁၁ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆားပွက်ချောင်းအတွင်း ချောင်းရေများမြင့်တက်လာကာ ဆားပွက်ချောင်းအနီးရှိ ရေမြက်ကျေးရွာ၊ ချောင်ဖြူကျေးရွာ၊ ရေတွင်းကုန်းကျေးရွာ၊ ကျောက်တန်းကျေးရွာတို့တွင် ချောင်းရေများ လျှင်မြန်စွာဝင်ရောက်လာသဖြင့် ရေဘေးကင်းလွတ်ရာနေရာသို့ ခေတ္တပြောင်းရွှေ့နေထိုင်ခဲ့ရသည်။ ကျောက်တန်းကျေးရွာ၌ လူနေအိမ်သုံးလုံးနှင့် နွားတစ်ကောင်း၊ ဆိုင်ကယ်များနှင့် ပရိဘောဂပစ္စည်းများမျှောပါ ပျက်စီး ဆုံးရှုံးခဲ့ပြီး စိုက်ပျိုးသီးနှံများ ပျက်စီးခဲ့သည်။

ကျောက်တန်းကျေးရွာမှ ဦးနိုင်ဝင်းက “ဆားပွက်ချောင်းရေမကြီးတာ ၅၀ နှစ်ကြာပြီ။ အခုမှ အထက်ဘက်က ချောင်းတွေရေကျလာလို့ တစ်ရှိန်ထိုး ချောင်းရေကြီးလာတာ၊ ည ၂ နာရီက ချောင်းရေဝင်တယ်၊ မနက် ၄ နာရီမှာ ချောင်းရေပြန်ကျသွားတယ်၊ ရေတက်တာ ခဏပဲ အချိန်ကြာတယ်၊ ယာခင်းထဲက စိုက်ပျိုးသီးနှံတွေ အကုန်ပျက်စီးသွားတယ်။ ရေတင်စက်နဲ့ လယ်ယာသုံးပစ္စည်းကိရိယာတွေလည်း ချောင်းရေထဲမျောပါသွားတယ်။ နွားတွေကိုတော့ ကျောက်တန်းအနောက်ကျောင်း(မြဗောဓိကျောင်း)ဝင်းအတွင်း ရွှေ့ထားရတယ်”ဟု ပြောပြခဲ့သည်။

ဆားပွက်ချောင်းရေကြီးမှုသည် အောက်တိုဘာ ၁၂ ရက် နံနက် ၇ နာရီတွင် ရေများကျဆင်းသွားပြီ ဖြစ်ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

**ရေဘေးသင့်ဒေသပြန်လည်ထူထောင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး**

# တမူးခရိုင်အတွင်းမှ ရေဘေးသင့်ပြည်သူများအတွက် လူနေအိမ်များ အသစ်ပြန်လည်တည်ဆောက်ပေးလျက်ရှိ



**တမူး အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် ဇူလိုင်လနှင့် ဩဂုတ်လအတွင်းက နေရာကွက်၍ မိုးသည်းထန်စွာရရာသွန်းမှုကြောင့် တမူးခရိုင်အတွင်းရှိ ကျေးရွာများတွင် ရေဘေးသင့်ခဲ့ပြီး လူနေအိမ် ၃၈၅ လုံး ရေနစ်မြုပ်ပျက်စီးခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ ပြန်လည်ထူထောင်ရေးကာလတွင် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့ရသည့် တမူးမြို့နယ် ထင်းဇင်ကျေးရွာအုပ်စု ကမ္ဘကြီးကျေးရွာမှ လူနေအိမ်များ အသစ်ပြန်လည်တည်ဆောက်ပေးနေမှုကို မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုထွေးနှင့် အဖွဲ့ဝင်များ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

တမူးဒေသတွင် ကျေးရွာအုပ်စု (၁၁) အုပ်စုမှ လူနေအိမ် ၃၈၅ လုံး ရေကြီးနစ်မြုပ်ပျက်စီးခဲ့ပြီး ယခုအခါ လူနေအိမ်များ အသစ်ပြန်လည်တည်ဆောက်ပေးနေပြီဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

---

✳ ကျောဖုံးမှ

ပင်လည်ဘူးမြို့နယ်များတွင် မိုးသည်းထန်စွာရွာသွန်းပါက စီးဝင်ရေများပြီး ရေလှောင်တမံအတွင်း ရေမှတ်များ အချိန်တိုအတွင်း မြင့်တက်လာလေ့ရှိသည်။

သဖန်းဆိပ် ရေလှောင်တမံ၏ ရေပြည့်မှတ်မှာ ၅၄၅ ပေဖြစ်ပြီး သိုလှောင်နိုင်သော ပမာဏမှာ ဧကပေ ၂၈၈၀၀၀၀ ဖြစ်သည်။ အောက်တိုဘာ ၇ ရက်မှ ၁၂ ရက်အထိ သဖန်းဆိပ်ရေဆင်းဧရိယာအတွင်းရှိ သဖန်းဆိပ်၊ ကောလင်း၊ ဝန်းသိုနှင့် ပင်လည်ဘူးမြို့နယ်တို့တွင် မိုးရေချိန်စုစုပေါင်း ၃၄ ဒသမ ၄၈ လက်မရွာသွန်းခဲ့သဖြင့် တမံရေမှတ်များ အချိန်တိုအတွင်း မြင့်တက်ခဲ့ရာ အောက်တိုဘာ ၁၁ ရက်တွင် တမံအတွင်း ရေပြည့်မှတ် ၅၄၅ ပေ ထက် ၃ ဒသမ ၁ ပေ ကျော်လွန်၍ ၅၄၈ ဒသမ ၁၀ပေသို့ ရောက်ရှိလာခဲ့သည်။

ထိုသို့ တမံတွင်းရေလှောင် ပမာဏမှာ ၃၁၉၁၆၁၄ ဧကပေ ရှိလာသဖြင့် သတ်မှတ်ရေလှောင်နိုင်သော ပမာဏ ဧကပေ၂၈၈၀၀၀၀ ထက် ၃ ဒသမ ၁ သိန်းဧကပေခန့် ကျော်လွန်ခဲ့သဖြင့် ရေတံခါးတပ် ရေပိုလွှဲမှ ၃ ဒသမ ၁ ပေခန့်နှင့် အကူရေပိုလွှဲမှ ၁ ဒသမ ၁ ပေခန့်ကျော်ကျခဲ့သည်။

ယခုအခါ မိုးဆက်လက်ရွာသွန်းလျက်ရှိသဖြင့် ရေလှောင်တမံအတွင်းသို့ ထပ်မံရေဝင်ရောက်လျက်ရှိရာ တမံကြံ့ခိုင်မှု ထိခိုက်မှုမရှိစေရန်အတွက် ရေတံခါးတပ် ရေပိုလွှဲမှ ရေများ ထိန်းညှိထုတ်လွှတ်ပေးလျက် ရှိသဖြင့် ယနေ့မွန်းလွဲ ၂ နာရီတွင် ကန်တွင်းရေမှတ်မှာ ၅၄၇ ဒသမ ၁၀ ပေ၊ သိုလှောင်ပမာဏမှာ ၃၁၅၆၇၄ ဧကပေသို့ ပြန်လည်ကျဆင်းလျက်ရှိကြောင်း၊ သဖန်းဆိပ်ရေလှောင်တမံ၏ ရေတံခါးတပ် ရေပိုလွှဲမှလည်း ၂ ဒသမ ၁ ပေနှင့် အကူရေပိုလွှဲမှလည်း ၀ ဒသမ ၁ ပေသာ ရေကျော်ကျလျက်ရှိကြောင်း၊ ဆည်မြောင်းဦးစီးဌာနအနေဖြင့် သဖန်းဆိပ်ရေလှောင်တမံ၏ကြံ့ခိုင်မှုနှင့်လုံခြုံမှုအတွက်လည်းကောင်း၊ ရေလှောင်တမံအောက်ဘက်ရှိ ဒေသများ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက်လည်းကောင်း၊ အလေးထားပြီး အချိန်ပြည့် စောင့်ကြည့်စီမံဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်ဖွယ်ရာမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှသိရသည်။ **(သတင်းစဉ်)**

---

# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အရာတော်မြို့နယ်၌ မူးမြစ်ရေများဝင်ရောက်ပြီး မုံရွာ-ရွှေဘိုကားလမ်းပိုင်းနေရာအချို့ရေကျော်

**မုံရွာ အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၌ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် အရာတော်မြို့နယ် မူးမြစ်ကမ်းဘေးရှိ ကျေးရွာများဖြစ်သော ပေါက်ပင်ဆိပ်၊ ကူးတို့ကိုင်း၊ အောင်သာ၊ လက်ပံသာနှင့် ဆင်တလည်ကျေးရွာတို့တွင် အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းမှစတင်ပြီး မူးမြစ်ရေများရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည်။




အရာတော်မြို့နယ် မူးမြစ်ကမ်းဘေးရှိ ကျေးရွာများတွင် တတိယအကြိမ် ရေကြီးရေလျှံမှု ထပ်မံဖြစ်ပွားခြင်းဖြစ်ပြီး အရာတော်မြို့နယ်ကူးတို့ကိုင်းကျေးရွာအနီး ရွှေဘို-အရာတော်-မုံရွာ ကားလမ်းပေါ်ရှိ မူးမြစ်ကူး သမရိုးတံတားသည် စိုးရိမ်ရေမှတ် ၉၅ ပေဖြစ်ပြီး လက်ရှိရေမှတ်မှာ ၉၂ ပေ ခြောက်လက်မ ရောက်ရှိနေကြောင်း သိရသည်။ ဇရစ်ရေကျော်တံတား ခြောက်ခုဖြစ်သော အမှတ် ၁/၃၅၊ ၂/၃၅၊ ၃/၃၅၊ ၄/၃၅၊ ၅/၃၅၊ ၆/၃၅ တို့မှာ ရေများဖြတ်ကျော်လျက်ရှိ၍ မုံရွာ-ရွှေဘိုသွားကားလမ်းတွင် ယာဉ်များ သွားလာမှု ခေတ္တပြတ်တောက်လျက်ရှိပြီး ယာဉ်များအန္တရာယ်မဖြစ်ပေါ်စေရေး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လမ်းဦးစီးဌာနတို့နှင့်ပူးပေါင်းပြီး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၁၂**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ အောက်တိုဘာ ၁၃ ရက်တွင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ **(မြန်မာ့အလင်း)**

# သာစည်မြို့ပေါ်ရပ်ကွက်အချို့တွင် မိုးရွာသွန်းမှုကြောင့် ရေများဝင်ရောက်

**သာစည် အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်၌ အောက်တိုဘာ ၁၁ ရက် နံနက် ၁၁ နာရီမှ ညနေ ၃ နာရီအထိ မိုးအဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် အမှတ်(၁)ရပ်ကွက်အတွင်းရှိ ဂါတ်တန်းကန်ကြီးကျိုးပေါက်သဖြင့် အမှတ် (၁)ရပ်ကွက်အနိမ့်ပိုင်းတောင်ဘက်ခြမ်းနှင့် မီးရထားဝန်ထမ်းများနေထိုင်သည့် အမှတ်(၂) ရပ်ကွက်အနိမ့်ပိုင်းနေရာများသို့ ရေများဝင်ရောက်ခဲ့သည့်အပြင် မိုးရေများ အလုံးအရင်းဖြင့်လမ်းမကြီးများပေါ်သို့ ဖြတ်သန်းစီးဆင်းသွားသောကြောင့် သွားလာမှုအဆင်ပြေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေလမ်းကြောင်းပြုပြင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ ယင်းနေ့ကရွာသွန်းသော မိုးရေချိန်မှာ ၂ ဒသမ ၇၈ လက်မရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။ **မောင်ကို(သာစည်)**

---

# အရှေ့ရိုးမဘက်မှ ရွာသွန်းသောမိုးရေကြောင့် ချောင်းကူးတံတား ချဉ်းကပ်လမ်းပျက်စီး

**အောင်လံ အောက်တိုဘာ ၁၂**

အရှေ့ရိုးမဘက်မှ ရွာသွန်းသောမိုးကြောင့် အောက်တိုဘာ ၁၂ ရက် နံနက် ၃ နာရီက ရေများ ချောင်းတစ်လျှောက် အရှိန်ဖြင့်စီးဆင်းလာ၍ အောင်လံမြို့နယ်ရှိ ပျဉ်ပုံကျေးရွာအနီး ခရိုင်ချင်းဆက်လမ်း မိုင်တိုင်အမှတ် (၂၀၁/၀)ရှိ တဖောင်းချောင်း သစ်သားတံတား ချဉ်းကပ်လမ်း ပျက်စီးမှုဖြစ်ပွားခဲ့သည်။

အလျားပေ ၈၀၊ အကျယ် ၁၅ ပေရှိ ယင်းတံတားမှာ ချောင်းရေတိုက်စားမှုကြောင့် မြောက်ဘက်မြေသားချဉ်းကပ်လမ်းအရှည် ၁၀ပေ၊ အကျယ် ၁၈ ပေ၊ အနက် ခြောက်ပေခန့် ရေတိုက်စားပြတ်ကျပြီး တံတားအောက်ခြေ၌ အမှိုက်များ ပိတ်ဆို့နေမှုကို ဆောက်လုပ်ရေးလုပ်ငန်းမှ ဦးသန့်ဇင်ထွန်း (AE) နှင့် အဖွဲ့တို့က ရှင်းလင်းဆောင်ရွက်နေပြီး တံတားချဉ်းကပ်လမ်းရေတိုက်စားမှုကို ဘက်ဟိုးဖြင့် မြေဖို့ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**

# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် သရက်မြို့နယ် တုတ်ကိုင်းတံတားမျောပါပျက်စီး

**သရက် အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် သရက်-မင်းလှလမ်း မိုင်တိုင်အမှတ် ၁၄/၅ ပေါ်ရှိ တံတားအမှတ် ၄/၂၀၁၅ သံဘေလီတံတားပေ ၂၄၀ ခန့်၊ တုတ်ကိုင်းတံတားသည် အောက်တိုဘာ ၁၂ ရက် နံနက် ၂ နာရီက ချောင်းရေစီးကြောင့် မျောပါပျက်စီးခဲ့သည်။ ရေဘွက်အုပ်စု တောမွန်ကျေးရွာအနီး မိုင်တိုင်အမှတ် ၁၁/၄ ပေါ်ရှိ တံတားအမှတ် ၁/၁၂ သံကူကွန်ကရစ်တံတား ပေ ၁၄၀ ခန့်၊ စွယ်တော်တံတား ချောင်းရေကျော်သဖြင့် သွားလာရေးပြတ်တောက်လျက်ရှိကြောင်း သိရသည်။



**ဇော်ထက်(သရက်)**



ချောက်မြို့၌ မိုးရွာသွန်းမှုကြောင့် မြေပြိုမှုဒဏ်ခံရသည့် အိမ်တစ်လုံးကို တွေ့ရစဉ်။

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုနှင့် သစ်ပင်ပြိုလဲမှုများဖြစ်ပွား

**ချောက် အောက်တိုဘာ ၁၂**

ချောက်မြို့နယ်တွင် မိုးရွာသွန်းမှုကြောင့် အမှတ်(၆) ရပ်ကွက် အောင်မြေရပ်ရဲစခန်း အရှေ့မြောက် နှစ်ဖာလုံခန့်အကွာ ဆက်သွယ်ထားသည့် ၁၀ ပေခန့်အကျယ်ပေ ၃၀၀ အရှည်ခန့်ရှိ ကိုယ့်အားကိုယ်ကိုး ကျောက်ရိုး မြေသားလမ်းကျယ်သည် ယနေ့နံနက်က အကျယ်ငါးပေခန့် အရှည် ပေ ၅၀ ခန့် မြေပြိုကျ၍ လမ်းပျက်စီးခဲ့ပြီး ယင်းမြေပြိုမှုကြောင့် လူ၊ တိရစ္ဆာန်များ ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

အလားတူ ယနေ့မွန်းလွဲပိုင်းက အမှတ် ၁၀ ပတ္တမြားရပ်ကွက် လမ်းမတော်လမ်း ရန်အောင်စတိုးဆိုင်ရှေ့ရှိ လုံးပတ်ငါးပေခန့် အမြင့်ပေ ၅၀ ခန့်ရှိ တမာပင်သည် လမ်းမတော်လမ်းပေါ်သို့ လဲကျခဲ့သဖြင့် လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ရာ မြို့နယ်ဒုရဲမှူး ခင်မောင်ရွှေနှင့် တပ်ဖွဲ့ဝင်များ၊ စည်ပင်မှ ယာဉ်တစ်စီးနှင့် ဝန်ထမ်း ငါးဦး၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးသော အရန်တပ်ဖွဲ့ဝင်တို့နှင့်အတူ မြို့နယ် ပြည်သူများက ဝိုင်းဝန်းရှင်းလင်းပေးခဲ့ကြောင်း၊ ယင်းသစ်ပင်ပြိုလဲမှုကြောင့် လူ၊ ယာဉ်၊ တိရစ္ဆာန်အဆောက်အအုံတစ်စုံတစ်ရာပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

# ကယားပြည်နယ် ဖားဆောင်းမြို့နယ် မော်ချီးကျေးရွာအုပ်စုတွင် မြေပြိုကျ သေဆုံးမှုနှင့်ပျောက်ဆုံးမှုများဖြစ်ပွား၍ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၂**

ကယားပြည်နယ် ဘော်လခဲခရိုင် ဖားဆောင်းမြို့နယ် မော်ချီးဒေသတွင် အောက်တိုဘာ ၁၀ ရက်နှင့် ၁၁ ရက်နေ့များက မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် နေအိမ် ၆၀ခန့် ပြိုကျပျက်စီးခဲ့ပြီး လူ ၁၇ ဦး သေဆုံးကာ ခြောက်ဦးမှာ ပျောက်ဆုံးလျက်ရှိသဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါမြေပြိုကျမှုကြောင့်**(ယာပုံ)**မော်ချီးတောင်ပေါ်ဒေသ (၁၅)ရပ်ကွက်မှ နေအိမ် ၂၉ လုံး၊ ဇီးပင်ကွေ့ (၁၆)ကုန်းမှ နေအိမ် ၂၉ လုံး စုစုပေါင်းနေအိမ် ၆၀ ခန့် ပြိုကျပျက်စီးခဲ့ရာ ကျား ၁၀ ဦး၊ မ ခုနစ်ဦး စုစုပေါင်း ၁၇ ဦးသေဆုံးခဲ့ပြီး ကျား နှစ်ဦး၊ မ လေးဦး စုစုပေါင်းခြောက်ဦး ပျောက်ဆုံးလျက်ရှိသဖြင့် ဘော်လခဲခရိုင် အုပ်ချုပ်ရေးမှူးနှင့် ဖားဆောင်းမြို့နယ် အုပ်ချုပ်ရေးမှူးတို့ ဦးစီး၍ အောက်တိုဘာ ၁၁ ရက် ညပိုင်းမှစပြီး အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် အိမ်ထောင်စု ၉၈ စုမှ လူဦးရေ ၃၆၉ ဦး သဘာဝဘေးသင့်ခဲ့သဖြင့် မော်ချီးအထကကယ်ဆယ်ရေးစခန်းတွင် ကျား ၉၇ ဦး၊ မ ၁၁၂ ဦးနှင့် လိုခါးလိုတိုက်နယ်ဆေးရုံကယ်ဆယ်ရေးစခန်းတွင် ကျား ၄၁ ဦး၊ မ ၄၃ ဦးတို့အား ရွှေ့ပြောင်းနေရာချထားပေးပြီး ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးလျက်ရှိကြောင်းနှင့် အမက (၁၃)ကုန်းကျောင်း၊ အမက (၁၆)ကုန်းကျောင်း၊ အမက (လိုခါးလို/ကွက်သစ်)၊ အလကခွဲတောင်ပေါ်၊ အလက (လိုခါးလို)နှင့် အထက (မော်ချီး) စာသင်ကျောင်းများ ယာယီပိတ်ထားရကြောင်း၊ ဘော်လခဲခရိုင် ရဲတပ်ဖွဲ့မှူးဦးစီးအဖွဲ့သည် ဖားဆောင်းမြို့နယ်တွင်းသို့ရွှေ့ပြောင်းအခြေပြု၍ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများနှင့်ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်သော ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးပြုလုပ်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ပြီး ပြည်နယ်လူမှုရေးဝန်ကြီးနှင့် သစ်တောနှင့် သတ္တုဝန်ကြီးတို့ ဦးဆောင်သောအဖွဲ့များသည် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများနှင့်အတူ မော်ချီးဒေသသို့ သွားရောက်လျက်ရှိကြောင်းနှင့် ဘော်လခဲတပ်နယ်မှ စစ်ဗျူဟာမှူးနှင့် ဖားဆောင်းမြို့နယ်ရှိ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများသည် ဖားဆောင်း- မော်ချီး လမ်းကြောင်းတစ်လျှောက်တွင် မြေပြိုပြီး လမ်းပိတ်ဆို့မှုများအား ရှင်လင်းလျက်ရှိကာ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



**✻ ရွှေဖုံးမှ**

ကျွန်တော်တို့သတင်းအဖွဲ့ကို တင်ဆောင်ထားသည့် ကားတစ်စီးနှင့် လက်ထောက် ညွှန်ကြားရေးမှူး ဦးသန့်ဇင်ထိုက် လိုက်ပါလာသည့် ကားတစ်စီး စုစုပေါင်းကားနှစ်စီးဖြင့် ရေဘေးသင့်ခဲ့သည့် ကလေးဝ-ကျီကုန်း-တမူး လမ်းပိုင်းသို့ သွားရောက်ခဲ့ကြသည်။ ကလေးဝ-ကျီကုန်း-တမူးကားလမ်းသည် ကျီကုန်းအရောက်၌ တမူးသွားသည့်လမ်းက ဘယ်သို့ကွေ့ရပြီး၊ ကလေးဝသွားသည့် ကားလမ်းက ညာဘက်သို့ကွေ့ရသည်။ ထိုသို့ကွေ့ပြီးနောက် ဆက်လက် မောင်းနှင်လာခဲ့ရာ ကလေးဝသွားကားလမ်းမှာ မြစ်သာမြစ်ကြီးကမ်းနဖူးမှ တောက်လျှောက်ဖောက်လုပ်ထားသော လမ်းဖြစ်သောကြောင့် ကားပေါ်မှမြစ်ကို တောက်လျှောက် တွေ့နေရသည်။

“ကျွန်တော်တို့ ဒီကားလမ်းက မြစ်သာမြစ်ကြီးကမ်းနဘေးမှ ဖောက်ထားတဲ့ လမ်းဖြစ်တဲ့အတွက် မိုးကြီး၍မြစ်သာမြစ်ရေလျှံတော့ ရေတွေကားလမ်းပေါ်ရောက်လာပြီး ခင်းထားတဲ့ကတ္တရာလမ်းသားနဲ့ မြစ်ကမ်းနဘေးဘက်က မြေသားတွေပဲ့ကျတာတို့ဖြစ်ကုန်ပြီး ကားသွားလို့မရတော့ဘူး။ အဲ့ဒါကြောင့် လမ်းပေါ်သွားလာမောင်းနှင်နေတဲ့ယာဉ်ကြီး၊ ယာဉ်ငယ်နဲ့ ကုန်ကားကြီးတွေ အန္တရာယ်မဖြစ်ရအောင် သတိပေးဆိုင်းဘုတ်တွေချိတ်ဆွဲ၍ မြစ်ဘက်က ပြိုကျသွားတဲ့မြေသားတွေနေရာမှာ တုတ်ရိုက်၊ ကတ္တရာပီပါလွတ်များ၊ သဲအိတ်များချခြင်း၊ တောင်နံရံဘက်ကိုလည်း စက်ကြီးများဖြင့် လမ်းချဲ့ပေးခြင်း၊ မြေညှိပေးခြင်းတို့ကို အချိန်နဲ့ တစ်ပြေးညီဆောင်ရွက်နိုင်ခဲ့၍ ကားများအန္တရာယ်ကင်းစွာ ပြန်လည်သွားလာမောင်းနှင်နိုင်ကြပြီဖြစ်တဲ့အတွက် အဆိုပါချဲ့ထားသော မြေသားလမ်းတွေကိုလည်း ကတ္တရာလမ်းဖြစ် ဆက်လက်အဆင့်မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ကြောင်း” ဟု ကားနဲ့အတူပါလာသော ဆောက်လုပ်ရေးဝန်ကြီးဌာန ကလေးလမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်ထိုက်က ရှင်းပြသည်။

ကလေးခရိုင်၌ ရေကြီးရေလျှံမှုကြောင့် လူနေအိမ်များလည်း ရေမျောထိခိုက်ပျက်စီးမှုရှိခဲ့ရာ ကလေးတွင် ရပ်ကွက်/ကျေးရွာပေါင်း ၂၇ ရွာမှ အိမ်ပေါင်း ၃၅၈ လုံးရေထဲမျောပါခဲ့ပြီး၊ ဖျက်သိမ်းပြောင်းရွှေ့ခဲ့ရသည့် အိမ်ပေါင်း ၁၃၄ လုံး၊ ပြိုကျပျက်စီးသွားသည့်အိမ်ပေါင်း ၅၄၃လုံး၊ ကလေးဝ၌ ကျေးရွာနှင့် ရပ်ကွက်ပေါင်း ၁၁ ခု၌ ရေထဲမျောပါသည့် အိမ် ၉၁ လုံး၊ ဖျက်သိမ်းပြောင်းရွှေ့ခဲ့ရသည့်အိမ် ၁၉ လုံး၊ ပြိုကျသည့် အိမ် ၈၂ လုံး၊ မင်းကင်း၌ ကျေးရွာ/ရပ်ကွက်ပေါင်း ၁၈ ခုတို့၌ ရေထဲမျောပါသည့်အိမ် ၂၄ လုံး၊ ဖျက်သိမ်းပြောင်းရွှေ့ခဲ့ရသည့် အိမ် ၆၆ လုံး၊ ပြိုကျသည့် အိမ်လေးလုံးတို့ ရှိခဲ့ကြောင်း သိရသည်။

အိမ်များ ရေထဲမျောပါသွားသော ရွာများ၌ ကလေးဝ-ကျီကုန်း ကားလမ်းမြစ်သာမြစ်ကမ်းနံဘေးမှ ကျောက္ကာရွာသည် အိမ်ပေါင်း ၁၀၁ လုံးရေထဲမျောပါသွားသဖြင့် အိမ်ခြေရာခြေမဲ့သွားသော ရွာသူရွာသားများအတွက် အလှူရှင်များ လှူဒါန်းသော ပျဉ်ထောင်၊ သွပ်မိုး အိမ်ပေါင်း ၁၀၁ လုံးကို ကျောက္ကာကျေးရွာဟောင်းအနီး တောင်ကုန်းတစ်ခုပေါ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ကလေးခရိုင်လမ်းဦးစီးဌာနက တာဝန်ယူကြီးကြပ်၍ ဆောက်လုပ်နေသည်ကို လက်ထောက်ညွှန်ကြားရေးမှူးက လိုက်လံပြသသည်။ အိမ်များဆောက်လုပ်ရာတွင် မိသားစုငါးဦးနှင့် အောက်အတွက်စတုရန်းပေ ၂၅၂ ရှိတန်ဖိုးငွေကျပ် ၁၂ သိန်းတန်ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုး ၅၈ လုံး၊ မိသားစုငါးဦးနှင့်အထက် အတွက် ၄၂၃ စတုရန်းပေရှိ ငွေကျပ် သိန်း ၂၀ တန်ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုး အိမ် ၄၃ လုံးစုစုပေါင်း ၁၀၁ လုံး ဆောက်လုပ်လျက်ရှိရာ ယခုအောက်တိုဘာလကုန်တွင် အပြီးဆောက်လုပ်ပြီး ကျောက္ကာကျေးရွာမှ အိမ်ရာမဲ့များကို အခမဲ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်အတွင်း အိမ်များထိခိုက်ပျက်စီးဆုံးရှုံးမှုအတွက်အိမ်သစ်များ တည်ဆောက်လျက်ရှိရာ ကလေးတွင် အိမ်သစ် ၃၅၈ လုံး၊ ကလေးဝတွင် ၉၁ လုံး၊ မင်းကင်းတွင် ၂၄လုံးစုစုပေါင်း ၄၇၃ လုံးရှိပြီး ယင်းအိမ်များကို အလှူရှင်များ၏ ပစ္စည်း၊ ငွေကြေးများနှင့် ဆောက်လုပ်လျက်ရှိပြီး ရေဘေးသင့်ပြည်သူများသို့ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ကလေးခရိုင်တွင် ယခုကဲ့သို့ ရေကြီးနစ်မြုပ်မှုသည် နှစ်ပေါင်း ၁၀၀ အတွင်းတစ်ခါမှမဖြစ်စဖူးဖြစ်ခဲ့သည်ဟု လူကြီးသူမများက ဆိုကြသည်။ သဘာဝဘေးဆိုသည်မှာ ဖြစ်လာလျှင်ခံရမည်သာဖြစ်သည်။ သို့သော်ပြည်သူအနေဖြင့် တွန်းလှန်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ကြရပေမည်။ ပြန်လည်ထူထောင်ရေးများဖြင့် ကလေးခရိုင်ဒေသသည်မကြာမီကာလအတွင်း ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိ လာတော့မည်ဖြစ်သည်။

## ပွင့်ဖြူမြို့၌ ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖောက်

**ပွင့်ဖြူ အောက်တိုဘာ ၁၂**


မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၅၃ ဒသမ ၈ သန်းဖြင့် နန်းမြင့်သူ ကုမ္ပဏီမှ ဖောက်လုပ်လျက်ရှိသော လယ်ကိုင်း-ရွာသစ် - နဘဲကုန်း - ရေဖြူတွင်း ကျောက်ချောလမ်း (၁/ ၀. ၁) မိုင်လုပ်ငန်းအား မင်းဘူးခရိုင်နှင့် ပွင့်ဖြူမြို့နယ် လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့က အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့သည်။

**သန်းနိုင်ဦး(ငဖဲ)**

# တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲ နာမည်ကြီးအဖွဲ့များ စာရင်းသွင်း

**တောင်ကြီး အောက်တိုဘာ ၁၂**

နှစ်စဉ် ကျင်းပမြဲဖြစ်သော တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာ ဘုရားပွဲတော်နှင့် မီးပုံးပျံပြိုင်ပွဲ၊ မီးပဒေသာပြိုင်ပွဲနှင့်မြို့လုံးကျွတ်ဘုံကထိန်ပွဲတော်ကို နိုဝင်ဘာ ၁၉ မှ ၂၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။



ယမန်နှစ်ကကျင်းပခဲ့သည့် တောင်ကြီးမြို့ မီးပုံးပျံပြိုင်ပွဲကို တွေ့ရစဉ်။

အဆိုပါပွဲတော်၏ အဓိကပြိုင်ပွဲတစ်ခုဖြစ်သည့် မီးပုံးပျံပြိုင်ပွဲအား ဝင်ရောက်ယှဉ်ပြိုင်ရန် ပြိုင်ပွဲဝင်အသင်းများ စာရင်းလာရောက်လျှောက်ထားမှုမှာ အောက်တိုဘာ ၈ ရက်အထိ ညမီးကြီး ၃၁ လုံး၊ စိန်နားပန် ၁၄ လုံး၊ ခြေနှစ်ချောင်းအရုပ် ၁၆ လုံး၊ ခြေလေးချောင်းအရုပ် ၁၀ လုံးနှင့် အုပ်စုလိုက် နှစ်လုံးတို့ စာရင်းပေးသွင်းထားကြောင်း မီးပုံးပျံပြိုင်ပွဲ ကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဦးတင်ဝင်းက ပြောသည်။ ၎င်းမှဆက်လက်၍ ထိခိုက်မှုဖြစ်စဉ် လျော့နည်းစေရန်အတွက် ယခုနှစ်အတွက် ယမ်းအလေးချိန် ၃၅ ပိဿာအထိသာ လက်ခံမည်ဖြစ်ပြီး မီးပုံးပျံခေါင်အချင်း ကန့်သတ်ထားမှုမရှိကြောင်း၊ ပြိုင်ပွဲဝင်ရန်အတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံစာလိုအပ်ပြီး ဝင်ကြေးအဖြစ် ညမီးကြီး ငွေကျပ် ၈၀၀၀၊ စိန်နားပန် ငွေကျပ် ၅၀၀၀၊ နေ့လွှတ်အရုပ်များ ငွေကျပ် ၁၅၀၀ ဖြစ်ကြောင်း သိရသည်။

စာရင်းပေးသွင်းရန် နောက်ဆုံးရက်မှာ အောက်တိုဘာ ၂၅ ရက်ဖြစ်သည်။ ပြိုင်ပွဲဝင်အသင်းများအနက် ညမီးကြီးတွင် တိမ်ယံ၊ ဟာသ၊ ဆောင်းခ၊ ကြယ်ပြောင်၊ ယခင်နှစ်ပထမဆုရ အိုဇုံး၊ စိန်နားပန်တွင် တောင်ကြီးတက္ကသိုလ်၊ နေကြာစေ့၊ AIR KBZ1၊ စိမ်းလဲ့မီးအစရှိသည့် နာမည်ကြီးမီးများ စာရင်းပေးသွင်းထားပြီးဖြစ်ကြောင်း အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၈၁-၂၀၁၁၅၄၊ ၀၈၁-၂၀၀၁၄၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းနှင့် ယမန်နှစ် ၁၃၇၆ ခုနှစ်တွင် ညမီးကြီး ၈၄ လုံး၊ စိန်နားပန် ၃၆ လုံး၊ ခြေနှစ်ချောင်း ၉၁ လုံး၊ ခြေလေးချောင်း ၆၇ လုံး၊ အုပ်စုလိုက် ၃၆ လုံး စာရင်းသွင်းခဲ့ကြသော်လည်း တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း မိုးများ အဆက်မပြတ်ရွာသွန်းပြီး အချို့သော ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်ရခြင်းမရှိသဖြင့် ရှမ်းနှစ်သစ်ကူးပွဲတော်မှသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုပြီး ဆုများ ချီးမြှင့်ပေးခဲ့ရကြောင်း သိရသည်။

**နိုင်ထွန်း(TGI)**

# ရွေးကောက်ပွဲဆိုင်ရာ အထူးရဲများခန့်ထားခြင်း သတင်းစာရှင်းလင်း

**သန်လျင်**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၌ အောက်တိုဘာ ၁၂ ရက် နံနက် ၁၀ နာရီခွဲက ရွေးကောက်ပွဲဆိုင်ရာ အထူးရဲများခန့်ထားခြင်းနှင့် တာဝန် ပေးအပ်ခြင်း သတင်းစာရှင်းလင်းပွဲကျင်းပရာ သန်လျင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဦးက အထူးရဲများခန့်ထားခြင်းနှင့် တာဝန်ပေးခြင်း အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ယင်းအခမ်းအနားသို့ တာဝန်ရှိပုဂ္ဂိုလ်များ၊ သန်လျင်မြို့နယ် မြန်မာနိုင်ငံသတင်းစာ ဆရာများ၊ ရပ်မိ ရပ်ဖများ တက်ရောက်၍ သိရှိလိုသည့် အကြောင်းအရာများအား ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဖြိုးမင်းလတ်**

**ဒီးမော့ဆို**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို အောက်တိုဘာ ၁၀ ရက် နံနက် ၁၀ နာရီက ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လှိုင်က အထွေထွေရွေးကောက်ပွဲအတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းအသေးစိတ်အား ရှင်းလင်းပြောကြားပြီး မြို့မရဲစခန်း ဒုရဲမှူး ဦးစိုးမိုးနိုင်က ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများက ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုံခြုံရေး၊ ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**ဘားအံ**

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအား လွတ်လပ်မျှတပြီး တည်ငြိမ်အေးချမ်းပြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ဆောင်ရွက်သည့်ကာလအတွင်း လုံခြုံရေးလုပ်ငန်းများကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် အထူးရဲများခန့်ထားခြင်းနှင့် လုပ်ငန်းတာဝန်များ သတင်းထုတ်ပြန်ရှင်းလင်းခြင်းကို ကရင်ပြည်နယ် ဘားအံမြို့တွင် အောက်တိုဘာ ၁၀ ရက်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ခရိုင်/ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် ရဲတပ်ဖွဲ့ဝင်များ၊ သတင်းမီဒီယာများတက်ရောက်ကြပြီး ရွေးကောက်ပွဲကာလတွင် အထူးရဲများခန့်ထားရခြင်းနှင့် ပတ်သက်၍ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

# လမ်းဖြတ်ကူးသူတစ်ဦးအား ရှောင်တိမ်းရင်း ယာဉ်တိမ်းမှောက်

**နေပြည်တော် အောက်တိုဘာ ၁၂**

မန္တလေးမှ နေပြည်တော်သို့ ထွက်ခွာလာသော JJ Express ယာဉ်လိုင်းမှ မော်တော်ယာဉ်တစ်စီးသည် အောက်တိုဘာ ၁၂ ရက် ည ၇ နာရီခွဲခန့်က မန္တလေးမှ နေပြည်တော်သို့အသွား မိုင်တိုင်အမှတ် (၃၄၆/၆) အရောက်တွင် လမ်းဖြတ်ကူးသူတစ်ဦးအား ရှောင်တိမ်းရင်း အရှိန်လွန်ကာ ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်အတွင်း ယာဉ်ပေါ်၌လိုက်ပါလာသည့် ခရီးသည်များအနက် ငါးဦး ဒဏ်ရာရရှိကြောင်း သိရသည်။ ယင်းဖြစ်စဉ်ကြောင့် ယာဉ်ပေါ်၌ပါလာသော ခရီးသည်များကို JJ Express နှင့် ဧရာမြန်မာအာမခံမှ ပူးပေါင်းပြီး တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း JJ Express မှ ကနဦးသတင်းများအရ သိရသည်။ **သီဟစည်သူ**

# လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး

**တာချီလိတ် အောက်တိုဘာ ၁၂**

တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ အောင်မြတ်ခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာန (လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့)၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ဝေါလ်ဗီွရှင်းမြန်မာ(ရန်ကုန်)တို့ ပူးပေါင်းစီစဉ်ကျင်းပသော လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၂ ရက် နံနက်ကကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှအမြဲတမ်းအတွင်းဝန် ဦးရည်မွန်က တက်ရောက်အမှာစကား ပြောကြားသည်။ **မြင့်မိုရ်(တာချီလိတ်)**

**ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကွာ**

ဆန္ဒမဲဘယ်လိုပေးရမယ်ဆိုတာ သိချင်ပါသလား?
ကိုယ်စားလှယ်လောင်းတွေအကြောင်း သိချင်ပါသလား?
ပါတီတွေရဲ့မူဝါဒတွေအကြောင်း သိချင်ပါသလား?

၂၀၁၅ ရွေးကောက်ပွဲနှင့်သက်ဆိုင်သော မေးခွန်းများ၏အဖြေများကို ဤနေရာတွင်ရယူပါ။

ရွေးကောက်ပွဲဆိုင်ရာ Web နှင့် Mobile Apps များကို www.maepaysoh.org တွင်အခမဲ့ရယူနိုင်ပါပြီ။

မဲပေးစို့ မိုဘိုင်းဖုန်း Apps



www.maepaysoh.org Website မှ mVoter 2015 Mobile App ရယူနည်းအဆင့်ဆင့်

အဆင့်(၁) သင်၏ဖုန်းအား အင်တာနက်ကွန်ရက်ဖြင့် ဦးစွာချိတ်ဆက်ပါ။

အဆင့်(၂) ချိတ်ဆက်ပြီးပါက www.maepaysoh.org website ကိုဖွင့်ပါ။

အဆင့်(၃) mVoter 2015 မိုဘိုင်းဖုန်း app ကိုရယူရန်အတွက် "ရယူရန်" ခလုတ်ကိုနှိပ်ပါ။


အဆင့်(၄) mvoter2015.com/apk/ စာမျက်နှာသို့ရောက်သွားပါလိမ့်မည်။ "This type of file can harm your device. Do you want to keep mVoter 2015 (v2.0).apk anyway?" ဆိုသည့် စာတန်းကျလာပါက OK ခလုတ်ကိုနှိပ်ပါ။ mvoter2015.apk ဖိုင်သည်သင်၏ ဖုန်းအတွင်းရောက်ရှိသွားမည်ဖြစ်သည်။

အဆင့်(၅) mVoter2015.apk ဖိုင်ကိုဖွင့်လိုက်ပါက ၎င်း၏ Privacy နှင့် Device Access စာမျက်နှာသို့ရောက်သွားပါလိမ့်မည်။ "INSTALL" ခလုတ်ကိုနှိပ်ပါ။

အဆင့်(၆) တပ်ဆင်ပြီးပါက App installed ဟုပြလိမ့်မည်။ App ကိုဖွင့်ရန် "OPEN" ခလုတ်ကိုနှိပ်ပါ။ mVoter 2015 app ကိုစတင်အသုံးပြုနိုင်ပြီဖြစ်သည်။ ချက်ချင်းအသုံးမပြုလိုပါက "DONE" ခလုတ်ကိုနှိပ်ပါ။

Android ဖုန်းအသုံးပြုသူများနှင့် ၎င်းဖုန်းဖြင့် gmail အသုံးပြုသူများသည် mVoter 2015 မိုဘိုင်းဖုန်း app အပါအဝင် ရွေးကောက်ပွဲဆိုင်ရာ apps များကို Play Store မှလည်းတိုက်ရိုက်ရယူနိုင်ပါသည်။

သတင်းအချက်အလက်များနှင့် ပတ်သက်၍ အမှားပြင်ဆင်ရန်ရှိပါက Mae Pay Soh API facebook page မှတစ်ဆင့်ဆက်သွယ်မေးမြန်းနိုင်ပါသည်။



# မိုင်းဆတ်၌ တောင်သူပညာပေး စပါးကွင်းလက်တွေ့ပြပွဲကျင်းပ



**မိုင်းဆတ် အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးထားရှိသော မိုးစပါးသိပ္ပံနည်းကျစိုက်ခင်း၊ စံပြကွက်၊ စမ်းသပ်ကွက်နှင့် မျိုးသန့်ပွားစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုအား တောင်သူပညာပေး ကွင်းလက်တွေ့ပြပွဲအခမ်းအနားကို အောက်တိုဘာ ၁၂ ရက် နံနက်က လေယာဉ်ကွင်းအနီး ကွင်းအမှတ်(၈၈/၂)၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းထိန်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးနိုင်လင်းနှင့် ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်အေးအေးသင်းတို့က သိပ္ပံနည်းကျစိုက်နည်းစနစ်၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထားရှိမှု၊ ရောဂါပိုးမွှားကာကွယ်ရေးနှင့် မြေဩဇာနှုန်းထားအမျိုးမျိုး စမ်းသပ်ကွက်တို့အကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် တောင်သူများက စပါးစိုက်ခင်းများအတွင်းကြည့်ရှုလေ့လာ၍ သိရှိလိုသည်များမေးမြန်းရာ တာဝန်ရှိသူတို့က ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**အောင်မြင်ဖြစ်ထွန်းနေသော သိပ္ပံနည်းကျစိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းများကို တောင်သူများ လေ့လာကြစဉ်။**

# အသည်းဖောင်ဒေးရှင်းမှ အသည်းရောင်အသားဝါ(ဘီ)ပိုး ကာကွယ်ဆေးများ တတိယအကြိမ်ထိုးနှံပေး

**စစ်ကိုင်း အောက်တိုဘာ ၁၂**

အသည်းဖောင်ဒေးရှင်း LIVER FOUNDATION က စစ်ကိုင်းပညာရေးကောလိပ်၌ အသည်းရောင်အသားဝါ(ဘီ)ပိုး ကာကွယ်ဆေးတတိယအကြိမ် ထိုးနှံပေးခြင်းကို အောက်တိုဘာ ၁၁ ရက်က အဆိုပါကျောင်း မြစရာခန်းမ၌ လာရောက်ထိုးနှံပေးခဲ့သည်ကို သိရသည်။

ကာကွယ်ဆေးထိုးပေးရာတွင် အသည်းဖောင်ဒေးရှင်းမှ ဒေါက်တာခင်ယုဝေ ဦးဆောင်သော အဖွဲ့ဝင်များက စစ်ကိုင်းပညာရေးကောလိပ်၌ မတ် ၂၉ ရက်က အခမဲ့လာရောက် စမ်းသပ်ပေးပြီး ရောဂါမရှိသော်လည်း မိမိတို့ဆန္ဒအရကျေနပ်မှ ကာကွယ်ဆေးထိုးလိုသူ တစ်ဦးလျှင် ကျပ်တစ်သောင်းငါးထောင်နှင့် ကာကွယ်ဆေးသုံးကြိမ်ထိုးပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ အဆိုပါအဖွဲ့သည် ကာကွယ်ဆေးပထမအကြိမ်ကို မေ ၂၈ ရက်ကလည်းကောင်း၊ ဒုတိယအကြိမ်ကို ဇွန် ၂၈ ရက်ကလည်းကောင်း ထိုးနှံပေးခဲ့ပြီး ယခုတတိယအကြိမ်ထိုးနှံပေးခြင်းဖြစ်ပြီး ကာကွယ်ဆေးထိုးပေးပြီးသူများအား ဆေးအောင်မအောင် အခမဲ့လာရောက်၍ ပြန်လည်စစ်ဆေးပေးမည်ဖြစ်ကြောင်း ဆေးထိုးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**မျိုးဝင်း(စစ်ကိုင်း)**



# မြန်မာနိုင်ငံသတင်းစာဆရာ သက်ကြီးပူဇော်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၂**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း(M.J.A)ကကျင်းပမြဲဖြစ်သော သတင်းစာ ဆရာသက်ကြီးပူဇော်ပွဲကို နိုဝင်ဘာ ၂၂ ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့တော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ သတင်းစာဆရာ သက်ကြီးပူဇော်ပွဲကို ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်းက အဓိကတာဝန်ယူကျင်းပမည်ဖြစ်ရာ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သတင်းစာဆရာ အသင်းဖွဲ့စည်းပြီးသော မြို့နယ်များ၊ မဖွဲ့ စည်းရသေးသော မြို့နယ်များမှ အသက် ၇၅ နှစ်ပြည့်ပြီးသော သတင်းစာဆရာများစာရင်းကို အောက်တိုဘာ ၁၅ ရက် နောက်ဆုံးထားပေးပို့ရန်နှိုးဆော်ထားသည်။

ထို့အတူ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှအသက် ၇၅ နှစ်ပြည့် သတင်းစာဆရာများ စာရင်းရရှိရေးကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။ မြို့နယ်များမှအပူဇော်ခံ သတင်းစာဆရာစာရင်းပြုစုရာတွင် ယခင်နှစ်ကကန်တော့ခံ သတင်းစာဆရာ သက်ကြီးများသက်ရှိထင်ရှားရှိ/မရှိ၊ ကန်တော့ခံသတင်းစာဆရာအသစ်များသည် နိုဝင်ဘာ ၂၀ ရက်တွင်အသက် ၇၅ နှစ် ပြည့်သူဖြစ်ရမည်ဖြစ်ကာ ၎င်းတို့၏ သန်းခေါင်စာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စိစစ်၍ တင်ပြရမည်ဖြစ်ပြီး ရာဇဝတ်မှုကင်းရှင်း၍ နိုင်ငံတော်အစိုးရတည်ဆဲဥပဒေများ ဆန့်ကျင်နေထိုင်လုပ်ကိုင်သူများနှင့် မဖြစ်စေရဟု ညွှန်ကြားသတ်မှတ် စိစစ်တင်ပြရမည်ဖြစ်သည်။

**စိန်ရွှေလှိုင်**

# အောက်တိုဘာ ၁၂ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁၂ ရက်၊ တနင်္လာနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ | | | | | |
|---|---|---|---|---|---|
| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၀၆၀၀ မှ ၅၀၀၀၀ |
| ၂ | ဇီရာ/ညော့မထ(ဆန်) | | တစ်တင်းခွဲ | ဆန်စပါးကုန်စည်ဒိုင်ဘုရင့်နောင် | ၂၀၀၀၀ မှ ၂၄၅၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဆန်စပါးကုန်စည်ဒိုင်ဘုရင့်နောင် | ၂၀၀၀၀ မှ ၂၂၀၀၀ |
| ၄ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၉၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၇၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၄၀၀၀ မှ ၃၆၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၀၅၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၈၀ မှ ၂၆၇၀ |
| ၉ | ကြက်သွန်နီ | ဆိပ်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၀၅၀ မှ ၁၈၅၀ |
| ၁၀ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၅၀ မှ ၂၆၀၀ |
| ၁၁ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၀၀ မှ ၃၃၀၀ |
| ၁၂ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၀၀ မှ ၈၇၀ |
| ၁၃ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၆၀၀ မှ ၁၅၀၀ |
| ၁၄ | ထောပတ်သီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀၀ |
| ၁၅ | သြဇာသီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀၀ |
| ၁၆ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၉၀၀ မှ ၁၃၀၀ |
| ၁၇ | မာလကာသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀ မှ ၃၅၀ |
| ၁၈ | ဖရဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၂၀၀၀ မှ ၄၅၀၀ |
| လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။ | | | | | |

# ကျေးလက်ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်း

**ဟိုင်းကြီးကျွန်း အောက်တိုဘာ ၁၂**

ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက် ရာဇာမိရာဇ်လမ်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ်သိန်းပေါင်း ၅၈၅ ဒသမ ၄၅ ဖြင့် အလျားပေ ၃၂၅၀၊ အနံ ၁၂ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါလမ်းခင်းခြင်းလုပ်ငန်းကို ဟိုင်းကြီးကျွန်းမြို့ စည်ပင်သာယာရေးအဖွဲ့၊ ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့၊ မြို့စည်ပင်သာယာရေးကော်မတီ၊ ရပ်မိရပ်ဖများ၏ ကြီးကြပ်မှုဖြင့် အောက်တိုဘာ ၆ ရက်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လမ်းအရှည် ပေ ၇၀၀ ကွန်ကရစ်ခင်းထားပြီးကြောင်း၊ ကျန်ရှိနေသည့် လမ်းအရှည်ပေ ၂၅၅၀ ကို ဆက်လက် ဆောင်ရွက်လျက်ရှိပြီး နိုဝင်ဘာလကုန်တွင် အပြီးသတ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြို့ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးစန်းမြင့်၏ပြောပြချက်အရ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# ပျူယဉ်ကျေးမှုတစ်ခုဖြစ်သည့် အရိုးအိုးမြှုပ်နှံမှုဓလေ့ဆိုင်ရာ နေရာဒေသများအကြောင်း အလုပ်ရုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း၌ ပျူယဉ်ကျေးမှု၏ အထောက်အထားတစ်ခုဖြစ်သော အရိုးအိုးမြှုပ်နှံမှုဓလေ့ဆိုင်ရာ နေရာဒေသများအကြောင်း အလုပ်ရုံဆွေးနွေးပွဲ (Workshop on PYU Culture; Cemeteries and Burials Identification, Excavation and Conservation Guidelines) ကို အောက်တိုဘာ ၇ ရက်နှင့် ၈ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ပျူမြို့ဟောင်းများကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အတည်ပြု သတ်မှတ်ခံခဲ့ရသည်မှာ တစ်နှစ်ကျော်ပြီဖြစ်ကြောင်း၊ ကမ္ဘာ့အမွေအနှစ်ဖြစ်ပြီးနောက် ယူနက်စကို ကမ္ဘာ့အမွေအနှစ်ကော်မတီက အကြံပြုထားသည့် စီမံခန့်ခွဲမှုအစီအစဉ်ဆိုင်ရာ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံခန့်ခွဲမှုအစီအစဉ်ဆိုင်ရာ လုပ်ငန်းစဉ်များအနက် ပျူယဉ်ကျေးမှု၏ အထောက်အထားတစ်ခုဖြစ်သော အရိုးအိုးမြှုပ်နှံမှုဓလေ့ဆိုင်ရာ နေရာဒေသများကို ခွဲခြမ်းစိတ်ဖြာခြင်း၊ တူးဖော်သုတေသနပြုခြင်း၊ ထိန်းသိမ်းခြင်းအတွက် လုပ်ထုံးလုပ်နည်းနှင့် စပ်လျဉ်း၍ စာတွဲများရေးသားပြုစုပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်မတိုင်မီ ယူနက်စကို ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ ပေးပို့ရမည်ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ် ဇွန်လအတွင်း ကျင်းပမည့် အကြိမ်(၄၀)မြောက် ကမ္ဘာ့အမွေအနှစ် ကော်မတီညီလာခံတွင် စာတွဲပါအကြောင်းအရာကို ရှင်းလင်းတင်ပြကြရမည်ဖြစ်ကြောင်း၊ စာတွဲများကို ယူနက်စကို ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းပြီး သတ်မှတ်ချိန်အတွင်း ပြီးပြည့်စုံအောင် ရေးသားပြုစုရန် လိုအပ်ကြောင်း၊ ကမ္ဘာ့အမွေအနှစ်ကော်မတီက သတ်မှတ်ပေးသည့် အချိန်အတွင်း ပြီးမြောက်အောင် တာဝန်ရှိသူများက စစ်ဆေးခြင်း၊ ပြန်လည်စစ်ဆေးခြင်းနှင့် ထပ်ဆင့်စစ်ဆေးခြင်းဖြင့် စနစ်ကျနစွာ ဆောင်ရွက်ရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်။



ထို့နောက် ကမ္ဘာ့အမွေအနှစ်ဌာနခွဲ ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက ရှေးဟောင်းအမွေအနှစ်များအား စီမံခန့်ခွဲမှုအစီအစဉ်၊ ခရီးသွားဧည့်သည်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်နှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအစီအစဉ်များအကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲနှင့် လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်းကို အောက်တိုဘာ ၇ရက်မှ ၁၂ ရက်အထိ ပြည်မြို့ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်းနှင့် သရေခေတ္တရာမြို့ဟောင်းအတွင်း ဆောင်ရွက်မည်ဖြစ်သည်။ ဆွေးနွေးပွဲသို့ ယူနက်စကိုမှ ပညာရှင်များ၊ Italy Lerici Foundation မှ ကျွမ်းကျင်ပညာရှင်များ၊ မြန်မာနိုင်ငံဗိသုကာအသင်းမှ ပညာရှင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ကမ္ဘာ့အမွေအနှစ်ဌာနခွဲ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာဌာနစုတို့မှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သရေခေတ္တရာမြို့ဟောင်းရှိ အရိုးအိုးများ မြှုပ်နှံထားရှိသည့်နေရာများကို လက်တွေ့ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး Italy Lerici Foundation မှ ကျွမ်းကျင်ပညာရှင်များနှင့် ဆွေးနွေးခဲ့ကာ ဌာနဝန်ထမ်းများ အနေဖြင့် ပြည်ပပညာရှင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ရာတွင် လုပ်ငန်းခွင်သင်ကြားရေးကိုပါ ဆောင်ရွက်ရန်၊ တူးဖော်ရေးနည်းစနစ်များ၊ စာရင်းကောက်ယူမှတ်တမ်းတင်ခြင်းနည်းစနစ်များ၊ ထိန်းသိမ်းရေးနည်းစနစ်များကိုလည်း လေ့လာဆည်းပူးရန် မှာကြားခဲ့သည်။

**(မြန်မာ့အလင်း)**



အောက်တိုဘာ ၁၁ ရက်က ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် သစ်နဖားကျေးရွာအုပ်စု ရေအိုးစဉ်ကုန်း ဘုန်းကြီးကျောင်းဝင်းအတွင်း၌ ကံ့ကော်ပျိုးပင် ၂၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင် ဦးဆောင်မှုဖြင့် ကျေးရွာပြည်သူများ စုပေါင်းစိုက်ပျိုးကြစဉ်။

သိန်းတိုး (ဇီးကုန်း)

## ညောင်တုန်းမြို့၌ မဲရုံမှူး၊ ဒုမဲရုံမှူးများ လုပ်ငန်းဆောင်ရွက်ပုံ သင်တန်းဖွင့်



**ညောင်တုန်း အောက်တိုဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ မဲရုံမှူး၊ ဒုမဲရုံမှူးများလုပ်ငန်းဆောင်ရွက်ပုံသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၀ ရက်က မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဖိုးလစ်သောင်းရွှေက အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးညွန့်ဝင်း(မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး) က ရွေးကောက်ပွဲနေ့တွင် မဲရုံပြင်ဆင်ခြင်း၊ မဲရုံဖွင့်ခြင်း၊ ပိတ်ခြင်းကိစ္စရပ်များကိုလည်းကောင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူး ဦးကျော်ဝင်းထက်(မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး)က မဲပေးခြင်းများနှင့် ပတ်သက်သည့် အချက်အလက်များ၊ ကြိုတင်မဲပေးခြင်းကိစ္စရပ်များကို ရှင်းလင်းပြောကြားကာ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဘာသာရပ်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ရွေးကောက်ပွဲနှင့် မရုံဆိုင်ရာ ကိစ္စရပ်များ၊ ရွေးကောက်ပွဲနေ့ မဲရုံပြင်ဆင်ခြင်း၊ မဲပေးရာတွင် ခိုင်လုံမှုမဲဖြစ်နိုင်သည့် နမူနာပုံစံနှင့် ပယ်မဲဖြစ်စေမည့် မဲပေးမှုမဖြစ်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ ၅၄ အုပ်စုမှ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မဲရုံမှူးနှင့် ဒုမဲရုံမှူးများ တက်ရောက်ကြပြီး သင်တန်းကို အောက်တိုဘာ ၁၀ ရက်နှင့် ၁၁ ရက် နှစ်ရက်ကြာ သင်တန်းပို့ချပေးခဲ့သည်ဖြစ်ကြောင်း သိရသည်။

**သပြေထွန်း**

## ကလေးဒေသ လယ်ယာကဏ္ဍထူထောင်ရေးအတွက် စိုက်ပျိုးရေးသုတေသနနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဘာသာရပ်ဆိုင်ရာပညာရှင်များ ကွင်းဆင်းဆောင်ရွက်လျက်ရှိ

**ကလေး အောက်တိုဘာ ၁၂**

စိုက်ပျိုးရေးသုတေသနနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဘာသာရပ်ဆိုင်ရာပညာရှင်များသည် ကလေးဒေသ လယ်ယာကဏ္ဍထူထောင်ရေးလုပ်ငန်းများအတွက် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ စက်တင်ဘာ ၃၀ ရက်မှစတင်၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

“စိုက်ပျိုးရေးသုတေသနနဲ့ စိုက်ပျိုးရေးဦးစီးဌာနက ပဲမျိုးစုံကျွမ်းကျင်တဲ့ ဒေါက်တာထွန်းရွှေ၊ ဒေါက်တာစန်းစန်းရီနဲ့ ဦးကျော်စွာဝင်း၊ မြေဆီလွှာဘာသာရပ်ကျွမ်းကျင်တဲ့ ဒေါ်သဇင်ဦးနဲ့ ဦးဇော်ဇော်ကို၊ သီးနှံကာကွယ်ရေးဘာသာရပ်က ဒေါ်မြင့်ရီတို့က ကလေးဒေသ လယ်ယာကဏ္ဍထူထောင်ရေးလုပ်ငန်းအတွက် ကွင်းဆင်းဆောင်ရွက်နေပါတယ်”ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ညွန့်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသအတွင်း ရေနစ်မြုပ်ပျက်စီးသွားသော မိုးသီးနှံစိုက်ဧကများတွင် လယ်ယာကဏ္ဍပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ အစီအမံဖြင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးနတို့မှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင် ပညာရှင်များက ကလေးမြို့သို့ ကွင်းဆင်းဆောင် ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ပညာရှင်အဖွဲ့သည် ကလေးမြို့သို့ စက်တင်ဘာ ၂၉ ရက်က ရောက်ရှိခဲ့ပြီး စက်တင်ဘာ ၃၀ရက်တွင် ကလေးမြို့ ရာဇဂြိုဟ်ကျေးရွာသို့သွားရောက်၍ ခုံတိုးမြို့သာရှိ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ ထို့နောက် ကံကြီးကျေးရွာသို့ သွားရောက်၍ စပါးစိုက်ခင်းများကို ကွင်းဆင်းစိစစ်ခြင်း၊ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍လည်း ကလေးမြို့နယ်အတွင်းရှိ ရေကြီးရေလွှမ်း၍ ပျက်စီးခဲ့သော မိုးသီးနှံစိုက်ပျိုးမြေများသို့သွားရောက်၍ စိုက်ပျိုးပြီးစိုက်ခင်းများ ရှင်သန်ဖြစ်ထွန်းရေးနှင့် ဆက်လက်စိုက်ပျိုးကြမည့် ဆောင်းသီးနှံများကို အောင်မြင်စွာစိုက်ပျိုးနိုင်ရေးအတွက် ဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် ကွင်းဆင်းလေ့လာခြင်း၊ နမူနာများရယူခြင်း၊ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးအကြံပြုခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၃၃၄)**

## အထွေထွေရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**သီပေါ အောက်တိုဘာ ၁၂**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၁၀ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်း၊ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၊ လုံခြုံရေးဆိုင်ရာများ စီစဉ်ဆောင်ရွက်ထားမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ရွေးကောက်ပွဲလုံခြုံရေး ဆောင်ရွက်မှုများ ရှင်းလင်းဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်၌ ရွေးကောက်ပွဲကာလ လုံခြုံရေးအတွက် ဆောင်ရွက်ထားမှုများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို ကြည့်မြင်တိုင် အထက(၁)ကျောင်း မြဝတ်ရည်ခန်းမ၌ အောက်တိုဘာ ၇ ရက်က ကျင်းပခဲ့ရာ ကြည့်မြင်တိုင်မြို့နယ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်က အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသင်းက ရွေးကောက်ပွဲလုံခြုံရေးအတွက် ဆောင်ရွက်ထားမှုများကို အသေးစိတ်ရှင်းလင်းပြောကြားကာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိန်သန်းက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ကမ္ဘာ့အကြီးဆုံး စာအုပ်ရှိရာသို့

မောင်သာ(ရှေးဟောင်းသုတေသန)

ကျွန်တော်တို့အဖွဲ့လိုက်ပါလာသည့် မော်တော်ယာဉ်သည် မုံရွာတက္ကသိုလ်မှ နံနက်စောစော ထွက်လာခဲ့ကြသော်လည်း မန္တလေးတောင်ခြေသို့ ရောက်ရှိချိန်တွင် နေအတော်စောင်းနေပြီဖြစ်ပါသည်။ တက္ကသိုလ်မှ ထွက်လာကြပြီး မုံရွာမိုးညှင်း သမ္ဗုဒ္ဓေ၊ လေးကျွန်းစကြာရပ်တော်မူ၊ ဗောဓိတစ်ထောင်၊ စစ်ကိုင်းကောင်းမှုတော်နှင့် မန္တလေးမဟာမုနိရုပ်ရှင်တော်မြတ်တို့ကို ဝင်ရောက်ဖူးမြော်ကြပြီးမှ မန္တလေးတောင်သို့ လာခဲ့ကြခြင်းဖြစ်သဖြင့် နောက်ကျနေခြင်းဖြစ်ပါ၏။

ကျွန်တော်တို့သည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်ရှိ ညောင်ကန်ကြေးခေတ်ဒေသသို့ ကွင်းဆင်းလေ့လာရေး ခရီးထွက်ခဲ့ကြသည့် ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသနပညာဌာနမှ မဟာဝိဇ္ဇာ၊ ဒီပလိုမာနှင့် ဒုတိယနှစ် ထူးချွန်ကျောင်းသားများဖြစ်ကြပါသည်။ ကျွန်တော်တို့သည် မြန်မာနိုင်ငံ ဗုဒ္ဓသာသနာတော်တွင် ထင်ရှားလှသော ဆရာတော် ဦးဗုဓ်ဖွားမြင်ခဲ့ရာ ဇာတိမြေလည်းဖြစ်၊ မြန်မာ့ရှေးဟောင်းကြေးခေတ်ဒေသလည်းဖြစ်သည့် ညောင်ကန်ကျေးရွာတွင် ငါးရက်ကြာ လေ့လာမှုများပြုလုပ်ခဲ့ကြပြီး ရန်ကုန်သို့အပြန်တွင် စစ်ကိုင်း၊ အမရပူရနှင့် မန္တလေးမြို့များသို့ ဝင်ရောက်ကာ စေတီပုထိုးများကို ဝင်ရောက်လှည့်လည်ဖူးမျှော်ကြခြင်း ဖြစ်ပါသည်။

ကြီးကြပ်ဆရာဆရာမ ငါးဦးနှင့် သင်တန်းသား ၄၇ ဦး လိုက်ပါလာသော ကျွန်တော်တို့ကားသည် မန္တလေးတောင်ခြေရှိ ကုသိုလ်တော်ဘုရား တောင်ဘက်မုခ်ဝ အနီးရှိ ရေကန်ကြီးဘေးတွင် ရပ်လိုက်ပါသည်။ လိုက်ပါလာသူကြသူများအားလုံး ကားပေါ်မှဆင်းကြပြီးနောက် ကြီးကြပ်သူဆရာများက မန္တလေးတောင်ပေါ်သို့ တက်လိုသူများအတွက် ကားစီစဉ်နေချိန်တွင် ကျွန်တော်က မန္တလေးတောင်ပေါ်သို့မလိုက်တော့ဘဲ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးရှိနေသော ကုသိုလ်တော်ဘုရားဝင်းသို့ လျှောက်လာခဲ့သည်။

ဘုရားမုခ်ပေါက်ဝ ဝဲဘက်တွင် ရတနာပုံမန္တလေးမြို့တည်နန်းတည် နှစ် ၁၅၀ ပြည့် မော်ကွန်းကျောက်စာတိုင်ကို မြင်တွေ့ရသည်။ ကျောက်စာတိုင်ပေါ်တွင် မင်းတုန်းမင်းကြီးထိုင်နေသည့်ပုံ ရုပ်ထုကို မြင်နေရသည်။ ယင်းကျောက်စာတိုင်အနီးတွင် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)၏ ၂၀၁၃ ခုနှစ်၊ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အထိမ်းအမှတ် စိုက်ထူထားသည့် သလင်းကျောက်ဖြူတုံးကို တွေ့မြင်ရသည်။ ယင်းကျောက်တုံးပေါ်တွင် ကုသိုလ်တော်ဘုရားဝင်းအတွင်းရှိ ပိဋကတ်ကျောက်စာချပ်များအား ၂၀၁၃ ခုနှစ် ဇွန်လ ၁၈ ရက် ရက်စွဲဖြင့် ယူနက်စကိုအဖွဲ့ အတွင်းရေးမှူးချုပ်က အင်္ဂလိပ်ဘာသာဖြင့် လက်မှတ်ရေးထိုးထားသည့် အသိအမှတ်ပြုလွှာကို ဖော်ပြထားသည်။



မုခ်ပေါက်၏ ယာဘက်တွင်မူ ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးအမည်ပါ ကျောက်စာချပ်ကြီးကို တွေ့ရသည်။ ကျောက်စာချပ်ကြီးပေါ်တွင် မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရား ခေါင်းစဉ်အောက်ဝယ် ဘုရားဝင်းအတွင်းရှိ ပိဋကတ်ကျောက်စာများ အကြောင်း၊ မှတ်တမ်းအကျဉ်းကို အင်္ဂလိပ်၊မြန်မာ နှစ်ဘာသာဖြင့် ရေးထိုးထားသည်။ ကမ္ဘာပေါ်တွင် အကြီးဆုံး စာအုပ်ကြီးဟု တင်စားခေါ်ဝေါ်ကြသည့် ကျောက်သားစာအုပ်ကြီးသည် ကျွန်တော်ရောက်ရှိနေသည့် မန္တလေးတောင်ခြေ၊ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားဝင်းအတွင်း၌ တည်ရှိနေပေသည်။

မန္တလေးသည် လွန်ခဲ့သောနှစ်ပေါင်း ၁၅၀ ကျော် (မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ်)တွင် ကုန်းဘောင်ခေတ် ၁၀ ဆက်မြောက်ဘုရင်ဖြစ်သူ မင်းတုန်းမင်းတရားကြီး တည်ထားခဲ့သည့် ရတနာပုံနေပြည်တော်ဖြစ်သည်။ မင်းတုန်းမင်းကြီးသည် ဗုဒ္ဓဘုရားရှင်၏ ပိဋကတ်သုံးပုံကျမ်းစာများကို ကျောက်ထက်အက္ခရာတင်ကာ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားဝင်းအတွင်း စိုက်ထူထားခဲ့ရာ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးအဖြစ် ထင်ရှားလျက်ရှိပြီး နိုင်ငံတကာမှ ခရီးသွားများက နေ့စဉ်လိုလို လာရောက်ကြည့်ရှုလျက်ရှိကြပေသည်။



ဘုရားဝင်းအတွင်းသို့ ကျွန်တော်ဝင်သွားချိန်သည် ညနေခင်းဖြစ်သော်လည်း လူရှင်းနေသည်။ စေတီတော်သမိုင်းစာအုပ် ဝယ်ယူလိုသဖြင့် စေတီတော်စောင်းတန်းထိပ်တွင် ထိုင်နေသူတစ်ဦးကို မေးမိပါသည်။ ကျွန်တော့်အား ဧည့်သည်မှန်းရိပ်မိဟန်တူသော ထိုသူက "ဒီမှာ ဘုရားသမိုင်းစာအုပ် သီးသန့်ရောင်းတာမရှိပါဘူး။ လူထု ဒေါ်အမာရဲ့ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဆိုတဲ့ စာအုပ်ပဲ ရောင်းပါတယ်"ဟု ရှင်းပြသည်။ လူထု ဒေါ်အမာ စာအုပ်က ကျွန်တော့်ထံတွင်ရှိသဖြင့် ကျွန်တော် မဝယ်တော့ပါ။

ကျွန်တော်လည်း တစ်ယောက်တည်း စောင်းတန်းအဆုံးထိ လျှောက်သွားကာ ဗုဒ္ဓရုပ်ပွားတော်အား ရှိခိုးကန်တော့ပြီး စောင်းတန်းအပြင်သို့ထွက်လိုက်ပါသည်။

၁၃ ဧက ကျယ်ဝန်းသော စေတီတော်ဝင်းအတွင်း၌ အဖြူရောင်ဆေးသုတ်ထားသည့် ကျောက်စာရုံများကို အများအပြားတွေ့ရသည်။

ကျောက်စာချပ်များသည် ပထမမဟာရံတံတိုင်းအတွင်း ၄၂ ချပ်၊ ဒုတိယမဟာရံတံတိုင်းအတွင်း ၁၆၈ ချပ်၊ တတိယမဟာရံတံတိုင်းအတွင်း ၅၁၉ ချပ် ရှိပြီး စုစုပေါင်း ၇၂၉ ချပ်ဖြစ်သည်။ ကျောက်စာတစ်ချပ်စီအတွက် အုတ်ပြသာဒ်တိုက်တစ်ခုစီ ပြုလုပ်ထားသဖြင့် ပြသာဒ်တိုက်ပေါင်း ၇၂၉ တိုက် ဖြစ်သည်။ ကျောက်စာ ချပ်များကို ယခင်က ရွှေရောင်စာလုံးများဖြင့် ဖတ်ရှုနိုင်ခဲ့သည်ဟုဆိုသော်လည်း ယခုအခါတွင် စာလုံးအများစုမှာ ရွှေရောင်များမရှိတော့ဘဲ အနက်ရောင်များထင်နေသည်ကို တွေ့ရသည်။ အချို့ကျောက်စာများတွင် မည်သည့် အရောင်မှမရှိတော့ဘဲ ကျောက်ထွင်းရာ စာလုံးများကိုသာ တွေ့ရပေသည်။

ကုသိုလ်တော်ဘုရားသည် မင်းတုန်းမင်း မန္တလေးမြို့ကိုတည်ပြီးချိန်တွင် မဟာလောကမာရဇိန်စေတီဟု ခေါ်တွင်ခဲ့ကြသော်လည်း မင်းတုန်းမင်း၏ ကြီးမားသော သာသနာပြု လုပ်ငန်းဖြစ်သည့် ပိဋကတ်ကျောက်စာတော်များကြောင့် (မင်းတုန်းမင်း၏) ကုသိုလ်တော်ဘုရားဟု ထင်ရှားခဲ့သည်။ ကျောက်စာပြသာဒ်တိုက်များအကြားတွင် ချရားပင်များ၊ ခရေပင်များကို စိုက်ပျိုးထားခဲ့ရာ သက်တမ်းနှစ်တစ်ရာကျော်နေပြီဖြစ်ပြီး အချို့သော အပင်များတွင် စိုက်ပျိုးခဲ့သည့် ခုနှစ်သက္ကရာဇ်ကို ဖော်ပြ ထားသည့် ဆိုင်းဘုတ်ငယ်များကို ချိတ်ဆွဲထားသည်ကို မြင်ရသည်။

လွန်ခဲ့သော နှစ် ၁၄၀ ကျော်က ထွင်းထုစိုက်ထူခဲ့သည့် အဆိုပါကျောက်စာများသည် ကမ္ဘာပေါ်တွင် ထေရဝါဒဗုဒ္ဓဘာသာနှင့်ပတ်သက်သည့် သမိုင်းကြောင်း၊ ယဉ်ကျေးမှုတန်ဖိုးရှိသည့် မှတ်တမ်းအချက်အလက်များကို ပြည့်စုံစွာဖော်ပြထားနိုင်သည့်အတွက် ကမ္ဘာ့ကုလသမဂ္ဂ၏ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်(Memory of the World) စာရင်းဝင်အဖြစ် ၂၀၁၃ ခုနှစ်တွင် သတ်မှတ်ခြင်းခံခဲ့ရသည်။ သို့အတွက် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(UNESCO)၏ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အထိမ်းအမှတ် ကျောက်စာ(MoW Logo)အား ကုသိုလ်တော်ဘုရား တောင်ဘက်မုခ်ရှိ မင်းတုန်းမင်းကြီး ရုပ်ထုအနီးတွင် ၂၀၁၄ ခုနှစ် မေလ ၈ ရက်က စိုက်ထူခဲ့သည်။

ကမ္ဘာ့အကြီးဆုံးစာအုပ်အဖြစ် ထင်ရှားသည့် ကုသိုလ်တော်ဘုရား ကျောက်စာများသည် ပဉ္စမသင်္ဂါယနာတင် မင်းတုန်း မင်းကြီး၏ ကုသိုလ်တော်ဖြစ်ပြီး ဗုဒ္ဓပိဋကတ်တော်သုံးပုံနှင့် နေတ္တိကျမ်း၊ မိလိန္ဒပဥှာကျမ်း၊ ပေဋကောပဒေသဟူသည့် သုတ်သုံးကျမ်းကို ကျောက်ထက်အက္ခရာတင်ထားခြင်းဖြစ်သည်။ ကျောက်စာအရေအတွက် ၇၂၉ ချပ်ရှိပြီး ယင်းတို့ကို ခရစ်နှစ် ၁၈၆၀ ခုနှစ်မှ ၁၈၆၈ ခုနှစ်အထိ ရေးထိုးခဲ့ရသည်။ ကျောက်စာချပ်တစ်ချပ်သည် အလျား ၅ ပေ၊ အနံ ၄ ပေ ၆လက်မ၊ အထူ ၆ လက်မ ရှိပြီး မြေကြီးထဲသို့ အနက်တစ်ပေ စိုက်ထားသည်။ ကျောက်စာများတွင် မြန်မာအက္ခရာဖြင့် ထွင်းထုထားသည့် ပိဋကတ် ပါဠိတော်များ စာလုံးဝိုင်းများကို သံတိုင်ပေါက်များအကြားမှ ကျွန်တော်တွေ့နေရပါသည်။

ကျောက်စာချပ်များပေါ်တွင် ထွင်းထားသော ပါဠိတော်များသည် ၁၈၇၁ ခုနှစ်တွင် မင်းတုန်းမင်းလက်ထက် ပဉ္စမသင်္ဂါ ယနာတင်ပွဲ၌ သင်္ဂါယနာတင် သံဃာတော်အပါး၂၄၀၀ တို့က တစ်ရက်လျှင် ၂၄ နာရီကြာ ၅ လနှင့် ၃ ရက်ကြာ မရပ်မနား ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြသော ဗုဒ္ဓဘုရားရှင်၏ ပိဋကတ်တော်များဖြစ်ကြသည်။ ထိုပိဋကတ်တော်များအား ၁၉၀၀ ပြည့်နှစ်တွင် စာအုပ်များအဖြစ် ရိုက်နှိပ်ခဲ့ရာတွင် တစ်အုပ်လျှင် ဂရိတ်ပရိုင်မာ စာလုံးဖြင့် ရှိုင်ရယ် ရှစ် ချိုးဆိုက် စာမျက်နှာ ၄၀၀ ဝန်းကျင်ရှိသော စာအုပ်ပေါင်း ၃၈ အုပ် ရိုက်နှိပ်ခဲ့ရသည်။ လူတစ်ယောက်သည် ထိုပိဋကတ်တော်များကို တစ်နေ့လျှင် ရှစ်နာရီ ပုံမှန် ဖတ်မည်ဆိုလျှင်ပင် တစ်နှစ်နှင့် သုံးလခန့် ဖတ်ရမည်ဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၂၁၄ ခုနှစ်တွင် နန်းတက်ခဲ့သည့် မင်းတုန်းမင်းသည် နန်းတက်ပြီး ခုနစ် နှစ်အကြာတွင် နေပြည်တော် အမရပူရ မှ နေပြည်တော် အသစ်တစ်ခုသို့ပြောင်းရွှေ့ရန်ရည်ရွယ်၍ ၁၂၂၁ ခုနှစ်တွင် မန္တလေးမြို့ကို တည်ခဲ့သည်။ မန္တလေး မြို့တည်နှစ်ကို "အောင်ကျော်ချမ်းအေး၊ မန္တလေး"ဟု မှတ်သားကြသည်။ မင်းတုန်းမင်းသည် "မြို့ကျုံးစေတီ၊ သိမ်ဂိလျှံမောင်း၊ သိမ်ကျောင်း သုဓမ္မာ၊ ရွှေစာ အမြတ်၊ ပိဋကတ်တိုက်၊ သမိုက် မြမြံ၊ ခုနစ်တန်ကို၊ ဆော်ဖန်အောင်စည်၊ တစ်ပြိုင်တည်"ဟူသည့် မြို့အင်္ဂါ ခုနစ်ရပ်အတိုင်း ၁၂၂၁ ခုနှစ်၊ကဆုန်လဆုတ် ၆ ရက်တွင်(၁) နန်းမြို့ (၂)ကျုံး (၃)မဟာ လောကမာရဇိန် စေတီ (၄)ပဋ္ဌာန်းမဟာရွှေသိမ် (၅)အတုမရှိကျောင်း (၆) သုဓမ္မာဇရပ် (၇) ပိဋကတ်တိုက် တို့ကို တစ်ပြိုင် တည်း ပန္နက်တင်ခဲ့သည်။ ပိဋကတ်ကျောက်စာတော်များကို မန္တလေး၏ မူလဘူတ ခုနစ်ဌာန အနက်တစ်ခု အပါအဝင်ဖြစ်သော မဟာလောကမာရဇိန် စေတီတော်၏ မဟာရံတံတိုင်း သုံးထပ်အတွင်း မြန်မာသက္ကရာဇ် ၁၂၃၃ ခုနှစ် (ခရစ်နှစ် ၁၈၇၁ ခုနှစ်) စိုက်ထူခဲ့ရာ ယခုအခါ သက်တမ်း ၁၄၄ နှစ် ရှိပြီ ဖြစ်ပါသည်။

မင်းတုန်းမင်းသည် ဗုဒ္ဓမြတ်စွာ ဘုရားရှင်ဟောကြားခဲ့သမျှသော ပါဠိတော်များကို ကမ္ဘာတည်သ၍ တည်တံ့နေစေလို သည့်ဆန္ဒ၊ မြတ်ဗုဒ္ဓ၏ ပိဋကတ်တော်များကို သာသနာ၅ ကာလတိုင် တည်ရှိနေစေလိုသည့်စေတနာတို့ကြောင့် အမှားအယွင်းကင်းစင်သော ပိဋကတ်စာများကို ကျောက်ထက်အက္ခရာတင်ထားရန် စီစဉ်ခဲ့သည်။ ပေစာများဖြင့်ရှိထားနှင့်ပြီးသော ပိဋကတ်တော်များသည် အရှည်မတည်တံ့နိုင်ဘဲ တစ်ချိန်ချိန်တွင် ပျက်စီးသွားမည်ကို မြော်မြင်ကာ ကျောက်သားပေါ်တွင် ရေးထွင်းခဲ့သည်။

မင်းတုန်းမင်းကြီးသည် မန္တလေးမြို့ကို မတည်မီ ပထမအဆင့်အနေဖြင့် ၁၂၁၈ ခုနှစ်တွင် ပိဋကတ်တော်များအား ရွှေရေး၊ မင်ရေး၊ ကညစ်ရေး သုံးမျိုးဖြင့် ပေရွက်များပေါ်တွင် ရေးကူးစေခဲ့သည်။ ထိုသို့မရေးကူးမီ သာသနာပိုင် ဆရာတော် ဦးစီးသည့် ပိဋကတ်ဆရာတော် လေး ပါး ၊ စာကြည့်ဆရာတော် အပါး ၃၀၊ စာတည်းဆရာတော် အပါး ၅၀ နှင့် ပိဋကတ် အကျော်ဆရာတော် အပါး ၅၀ တို့က ရေးကူးမည့် စာများ မှန်မမှန်ဦးစွာ စေ့စပ်သေချာစွာကြည့်ရှု စစ်ဆေးကြပြီးမှ ပိဋကတ် တိုက်စိုး၊ သွေးသောက်ကြီး၊ တိုက်စောင့်၊ အကြပ်၊ အစုရေး၊ ပိဋကရေး စသော အမှုထမ်း တစ်ရာကျော်အား ကညစ်ဖြင့် ရေးကူးစေခဲ့သည်။ ထိုသို့ ရေးကူး နေစဉ် ဒက္ခိဏာရာမ ဆရာတော် ၊ မြင်းဝန်တိုက်ဆရာတော်နှင့် ဆီးဘန်နီ ဆရာတော် တို့က ကြပ်မတ်ပေးခဲ့ကြသည်။ ပေစာများအားလုံး ရေးကူးပြီးချိန်တွင် လွှတ်စာရေးများကို စစ်ဆေးစေပြီး တံဆိပ်တော်ရစာတည်း၊ စာချ ဆရာတော်များက ထပ်မံတည်းဖြတ်ကြသဖြင့် အမှားအယွင်းလုံးဝ ကင်းစင်သော ပိဋကတ်ပေမူကိုရရှိခဲ့သည်။

ရွှေရေး၊ မင်ရေး၊ ကညစ်ရေး ပိဋကတ် ပေစာထုတ်ပေါင်း နှစ်ရာကျော်ကို အမရပူရပိဋကတ် တိုက်မှ မန္တလေးတောင် ခြေရှိ ပိဋကတ်တိုက်တော်သို့ ပြောင်းရွှေ့ထားခဲ့သည်။ မင်းတုန်းမင်း တည်ခဲ့သော ပိဋကတ်



တိုက်တော်သည် ကျောက်တော် ကြီး ဘုရားမြောက်ဘက်၊ မန္တလေးတောင်ခြေတွင် တစ်ချိန်ကရှိခဲ့သော်လည်း ယခုအခါတွင်မူ မတွေ့ရတော့ပါ။

မင်းတုန်းမင်းသည် ၁၂၃၃ ခုနှစ်တွင် ကျင်းပပြုလုပ်မည့် ပဉ္စမသင်္ဂါယနာ မတိုင်မီ သန့်စင်သော ပိဋကတ်ပေမူများကို စကျင်ကျောက်ပြားများပေါ်သို့ ရေးကူးထွင်းထုခဲ့ပြီး စာလုံးများအားလုံးကို ရွှေမင်သွင်းခဲ့သည်။ ဝိနည်း ငါး ကျမ်း ကျောက်စာ ၁၁၁ ချပ်၊ အဘိဓမ္မာ ခုနစ် ကျမ်း ကျောက်စာ ၂၀၈ ချပ်၊ နိကာယ် ငါး ရပ်နှင့် သုတ်သုံးကျမ်းကျောက်စာ ၄၁၀ ချပ် ရှိ၍ စုစုပေါင်း ကျောက်စာ ၇၂၉ ချပ်ဖြစ်ပြီး ၁၂၃၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၄ ရက်တွင် ကျောက်စာချပ်များ အားလုံးကို ရေးထိုး ပြီးစီးခဲ့သည်။

မင်းတုန်းမင်းကြီးသည် မန္တလေးနန်းတွင်း၌ ခမ်းနားသော တန်ဆောင်းကြီး တစ်ခုဆောက်လုပ်ခဲ့ပြီး ထိုတန်ဆောင်း အတွင်းတွင် ပိဋကတ် သုံးပုံ ကျောက်စာများကို မြန်မာသက္ကရာဇ် ၁၂၂၂ ခုနှစ်၊တန်ဆောင်မုန်းလဆန်း ၁ ရက် (၁၄၊၁၀၊၁၈၆၀) တွင် စတင်ထုလုပ်ခဲ့ရာ ခုနစ်နှစ်၊ ခြောက်လ၊ ၁၄ ရက်မျှ ကြာမြင့်ခဲ့ပြီး ၁၂၃၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၄ ရက်(၄၊ ၅၊ ၁၈၆၈) တွင် ပြီးစီးခဲ့သည်။

**စာမျက်နှာ ၁၇ သို့**

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တိုင်းရင်းဆေးပညာ ဆေးဖက်ဝင်အပင်များအကြောင်း ပညာပေးဟောပြော

**ခမောက်ကြီး အောက်တိုဘာ ၁၂**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် တိုင်းရင်းဆေးပညာ ဆေးဖက်ဝင်အပင်များအကြောင်း အသိပညာပေးဟောပြောပွဲကို ကော့သောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ အောက်တိုဘာ ၉ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကော့သောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မာကြည်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် သစ်ပင်များ စည်းကမ်းမဲ့ခုတ်ခြင်းမှ ရှောင်ကြဉ်ရန်၊ စည်းကမ်းမဲ့ခုတ်ထွင်ခြင်းအားဖြင့် ကြုံတွေ့နိုင်သည့် မြေပြိုခြင်း၊ ရေကြီးခြင်းစသော ဆိုးကျိုးများအကြောင်း၊ ထိုသို့သောဆိုးကျိုးများမဖြစ်ပွားရေးအတွက် ပြည်သူအားလုံးပါဝင်ကူညီဆောင်ရွက်ကြရန်လိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ကော့သောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်အေးအေးထိုက်က မိမိပတ်ဝန်းကျင်ရှိ သစ်ပင်ပန်းပင်များမှ တိုင်းရင်းဆေးအဖြစ် ဆေးဖက်ဝင်သည့် အပင်များအကြောင်း၊ ဆေးခန်းဆေးရုံသို့ မသွားရောက်နိုင်ချိန်တွင် မိမိပတ်ဝန်းကျင်ရှိအပင်အရွက်များမှ အရေးပေါ် ကောင်းမွန်ပြီး ထိရောက်စွာကုသနိုင်သော အပင်အရွက်များအကြောင်း၊ မြန်မာ့တိုင်းရင်းဆေးပညာနှင့်ပတ်သက်၍ ဖတ်ရှုလေ့လာမှတ်သားသင့်သော စာအုပ်ကောင်းများအကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

## ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာများ ညှိနှိုင်းအစည်းအဝေးကျင်းပ

**ထားဝယ် အောက်တိုဘာ ၁၂**

တနင်္သာရီတိုင်းဒေသကြီးအတွင်း အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားသည့် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ထားဝယ်မြို့ရှိ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမ၌ အောက်တိုဘာ ၉ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကြည်လင်းက ရွေးကောက်ပွဲအတွက် လုံခြုံရေးကိစ္စများ စီမံဆောင်ရွက်ထားမှု၊ အထူးရဲများ ခန့်အပ်ထားမှုအခြေအနေ၊ မဲဆွယ်စည်းရုံးရေးကာလ ပါတီများ၏အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူးများက မိမိတို့မြို့နယ်အလိုက် နယ်မြေလုံခြုံရေးဆောင်ရွက်ထားမှုများကို တင်ပြဆွေးနွေးခဲ့ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း ရွေးကောက်ပွဲကာလတွင် ဖြစ်ပွားနိုင်သည့် ကိစ္စရပ်များနှင့်ပတ်သက်၍ တင်ပြဆွေးနွေးခဲ့သည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

## မဲရုံမှူးနှင့် ဒုမဲရုံမှူးများ လုပ်ငန်းဆောင်ရွက်ပုံသင်တန်းဖွင့်

**ညောင်လေးပင် အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်း ရွေးကောက်ပွဲကာလတွင် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအဖြစ် တာဝန်ယူဆောင်ရွက်မည့်သူများအား လုပ်ငန်းဆောင်ရွက်ပုံသင်တန်းကို အောက်တိုဘာ ၇ ရက်က ဖွင့်လှစ်ပို့ချခဲ့သည်။

ညောင်လေးပင်မြို့ သီရိရတနာခန်းမ၌ ဖွင့်လှစ်သည့် အဆိုပါသင်တန်းတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းအေးက အမှာစကားပြောကြားပြီး ပဲခူးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသက်နောင်က မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအနေဖြင့် ရွေးကောက်ပွဲကျင်းပသည့်ရက်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းတာဝန်များ၊ စောင့်ကြည့်လေ့လာသူများနှင့် မီဒီယာများ၏ လုပ်ငန်းတာဝန်များအကြောင်းတို့ကို အသေးစိတ်ရှင်းလင်းပို့ချခဲ့သည်။ သင်တန်းသို့ ညောင်လေးပင်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှမဲရုံမှူး၊ဒုမဲရုံမှူးနှင့်အဖွဲ့ဝင်အဖြစ်ဆောင်ရွက်မည့်သူများ တက်ရောက်ခဲ့ကြသည်။ **နေလင်း(ညောင်လေးပင်)**

## ရှောင်ကွင်းလမ်းမှ တရားမဝင်ကုန်ပစ္စည်းများတင်ဆောင်လာသောယာဉ်ကို သိမ်းဆည်း

**တာချီလိတ် အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ယန်းကျေးရွာ ရှောင်ကွင်းလမ်း၌ FDA အထောက်အထားမပါရှိဘဲ တရားမဝင်တင်သွင်းလာသည့် စားသောက်ကုန်များ၊ အလှကုန်ပစ္စည်းများ၊ အထည်မျိုးစုံနှင့် နိုင်ငံခြားအရက်များကို အောက်တိုဘာ ၈ရက်ညနေပိုင်းက သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၈ ရက်က တာချီလိတ်ကုန်သွယ်ရေးစခန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးတင်ရဲဝင်း၏ စီစဉ်ညွှန်ကြားမှုဖြင့် ထုတ်နုတ်မိုဘိုင်းအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့်အောင်ဦးစီးအဖွဲ့သည် မယ်ယန်းကုန်သွယ်ရေးစခန်းအား ရှောင်ကွင်း၍ မသင်္ကာဖွယ်ရာ မှန်လုံယာဉ်ငယ်တစ်စီး မယ်ဟုတ် ချောင်းဘေးတောလမ်းအတိုင်း ဝင်ရောက်သွားကြောင်း သတင်းအရ မယ်ယန်းရှောင်ကွင်းလမ်းကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ ပိတ်ဆို့စောင့်ကြည့်နေစဉ် ညနေ ၄ နာရီခွဲတွင် တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်လာသော မှန်လုံယာဉ်ငယ်ကို ရှောင်ကွင်းလမ်းပေါ်၌ တွေ့ရှိရပြီး မယ်ယန်းစစ်ဆေးရေး စခန်းသို့ မောင်းနှင် ယူဆောင်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်မှ FDA အထောက်အထားမပါရှိဘဲ တရားမဝင်တင်သွင်းလာသည့် စားသောက်ကုန် အချို့နှင့် ဖုံးကွယ်၍တရားမဝင် တင်သွင်းလာသည့် နိုင်ငံခြားဖြစ် Chivas အရက် ၂၅ ဖာ၊ Red Lable အရက် ၅၅ ဖာ၊ ထိုင်းနိုင်ငံထုတ် SPA လုပ်ငန်းသုံး အလှကုန်ပစ္စည်းများ၊ အထည်မျိုးစုံ စုစုပေါင်း တန်ဖိုးငွေကျပ် သိန်း ၃၀၀ ခန့်ကို သိမ်းဆည်းရမိခဲ့သည်။



ဖြစ်စဉ်၌ မော်တော်ယာဉ်ကို ကျေးရွာချင်းဆက် ရှောင်ကွင်းလမ်းအတွင်းမှ ဖမ်းဆီးရမိခဲ့ခြင်း၊ ယာဉ်ပေါ်တွင် စားသောက်ကုန်ပစ္စည်းများနှင့် ဖုံးကွယ်၍ ကန့်သတ်ကုန်ပစ္စည်းများဖြစ်သည့် နိုင်ငံခြားဖြစ်အရက်များကို ပမာဏကြီးမားစွာ သယ်ယူလာခြင်း၊ ယာဉ်ပိုင်ရှင်များအနေနှင့်လာရောက်ဆက်သွယ်ခြင်းမရှိဘဲ ယာဉ်မောင်းတစ်ဦးကိုသာ ငှားရမ်း၍ မောင်းနှင်သယ်ယူမှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည့်အတွက် မော်တော်ယာဉ်အား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး တရားမဝင်သယ်ဆောင်လာသည့် ပစ္စည်းမျိုးစုံကို တာချီလိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့အပ်နှံကာ အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## ထီးချိုင့်မြို့နယ်၌ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်လှစ်

**ထီးချိုင့် အောက်တိုဘာ ၁၂**

ကသာခရိုင် ထီးချိုင့်မြို့နယ် ကြက်တကောင်ကျေးရွာ၌ (၁၆) ခုတင်ဆံ့တိုက်နယ်ဆေးရုံဖွင့်ပွဲကို အောက်တိုဘာ ၁၀ ရက်က ကျင်းပခဲ့သည်။

ကြက်တကောင်ကျေးရွာသည် ထီးချိုင့်မြို့မှ ရေမိုင် ၁၂ မိုင်ကွာဝေးသောဒေသဖြစ်ပြီး ကျန်းမာရေးအတွက် ထီးချိုင့်ဆေးရုံကိုသာ အားကိုးနေရသည့် ကျေးရွာဖြစ်သည်။ ကျေးရွာနေပြည်သူများ၏ အခြေအနေရ ဆေးရုံသို့ မလာနိုင်ကြသည့်အခါ မိမိတို့၏ကျန်းမာရေးအတွက် အားကိုးအားထားပြုစရာ မရှိသဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင်ပြေစေရေးအတွက် ဆရာတော်အရှင်ဇာဂရက ဦးဆောင်ပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏ ထက်သန်သည့်ဆန္ဒ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ ပံ့ပိုးမှုများကြောင့် တိုက်နယ်ဆေးရုံကြီးကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တိုက်နယ်ဆေးရုံဖွင့်လှစ်နိုင်သဖြင့် ကြက်တကောင် ကျေးရွာသာမက ပတ်ဝန်းကျင်ရှိ အင်ဒေါင်းကျေးရွာအုပ်စု၊ မဲဟင်းကျေးရွာအုပ်စု၊ ချိပ်သင်ကျေးရွာအုပ်စုများမှ ကျေးရွာပေါင်း ၁၅ ရွာနေ ပြည်သူများအတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ဆေးရုံသို့တာဝန်ကျသည့် ကျန်းမာရေးဝန်ထမ်းများ ပျော်ရွှင်ချမ်းမြေ့စွာနေထိုင်နိုင်ရေးအတွက်လည်း ပြည်သူများဘက်က လိုလေသေးမရှိ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရပ်မိရပ်ဖတစ်ဦးဖြစ်သည့် ဦးဘိုကျားက ပြောသည်။

ဆေးရုံဖွင့်ပွဲတွင် ဆေးရုံမှုခ်ဦးကို အလှူရှင် ဆရာတော် အရှင်ဇာဂရ၊ တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှ ဒေါက်တာကံဘို၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းအေးဆွေနှင့် ရပ်မိရပ်ဖဦးဘိုကျားတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ဆေးရုံဆိုင်းဘုတ်ကို ဆရာတော်အရှင်ဇာဂရနှင့် စစ်ကိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းတို့က စက်ခလုတ်ဖွင့်၍ ဖွင့်လှစ်ခဲ့သည်။

**စောကလျာ(ထီးချိုင့်)**

## သောက်သုံးရေရရှိမှုနှင့်ရေမီတာသုံးရေပေးရေးစနစ်ဆောင်ရွက် စစ်တမ်းကောက်ယူ

**ပုလဲ အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာများသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာများ၏ သောက်သုံးရေရရှိမှုနှင့် ရေမီတာသုံးရေပေးရေးစနစ်ဆောင်ရွက်လိုမှု အခြေအနေအပေါ် အဝင်အချက်အလက်များကို အောက်တိုဘာလဆန်းမှစတင်၍ စစ်တမ်းကောက်ယူလျက်ရှိသည်။ ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာများရဲ့သောက်သုံးရေရရှိမှုနှင့် ရေမီတာသုံးရေပေးရေးစနစ် စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်အတွက် ယခုလက်ရှိရေရယူသုံးစွဲနေတဲ့ ပုံစံစနစ်များ၊ ရေတင်စနစ်များ၊ ရေတင်စနစ်နှင့် ဆက်သွယ်တဲ့အနေအထားပေအကွာအဝေး ကျေးရွာမြေပုံ၊ မြေအနိမ့်အမြင့်၊ ကျေးရွာရဲ့ရေသုံးစွဲမှုစနစ်စတဲ့ အချက်အလက်များကို စစ်တမ်းကောက်ယူနိုင်ရေးအတွက် အဖွဲ့သုံးဖွဲ့ခွဲပြီး အောက်တိုဘာ ၁ ရက်ကနေ နိုဝင်ဘာ ၃၀ ရက်အထိ ကျေးရွာ ၁၈၈ ရွာသို့ကွင်းဆင်းပြီး စစ်တမ်း ကောက်ယူသွားမှာဖြစ်ကြောင်း ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိက ပြောသည်။

အဆိုပါ စစ်တမ်းကောက်ယူပြီးပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် စီမံကိန်းတည်ဆောက်ခြင်းလုပ်ငန်းကို အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ပထမကာလ၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် အထိ ဒုတိယကာလနှင့် ၂၀၂၆ ခုနှစ်မှ ၂၀၃၀ပြည့်နှစ်အထိ တတိယကာလဟူ၍နှစ်အပိုင်းခြား သတ်မှတ်ကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စီမံကိန်းဆောင်ရွက်မည့် ကုန်ကျမှုအတွက်ကျေးရွာမှလည်း ပါဝင်အကုန်အကျခံရမည်ဖြစ်ကြောင်းနှင့် ကျေးရွာမှ စိုက်ထည့်ပါဝင်နိုင်မည့် ငွေကြေးအနေအထားအပေါ်မူတည်၍စီမံကိန်းကို လျင်မြန်စွာအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းခန့်စိုး(ဇေယျာမြေ)**

**စာမျက်နှာ ၁၆ မှ**

ပိဋကတ် တော်များကို ကျောက်ထက် အက္ခရာတင်ပြီး သုံးနှစ်အကြာ ၁၂၃၃ ခုနှစ် တန်ခူး လဆုတ် ၁၁ရက် မြန်မာ နှစ်ဆန်းတစ်ရက် (၁၅ ၊ ၄ ၊ ၁၈၇၁) တွင် ပဉ္စမအကြိမ် သင်္ဂါယနာတင်ပွဲကို ကျင်းပခဲ့သည်။

စေတီတော်ဝင်းအတွင်း ကျောက်စာပြာသာဒ်တိုက်များအားလိုက်ကြည့်နေရင်း အချိန်ကုန်မှန်းမသိ ကုန်သွားခဲ့သည်။ ရေးထိုးထားသော စာများသည် ပါဠိတော်များဖြစ်သဖြင့် ကျွန်တော် နားမလည်သော်လည်း ကြည့်နိုင်သမျှ လိုက်ကြည့်မိခဲ့ပါသည်။

ကုသိုလ်တော် စေတီဝင်း ပထမ မဟာရံတံတိုင်းအတွင်း အင်္ဂါထောင့်သို့ ကျွန်တော် ရောက်သွားသည့်အခါတွင် ပိဋကတ်သုံးပုံကို ကျောက်ထက်အက္ခရာတင်ခဲ့သည့် သမိုင်းမော်ကွန်းကျောက်စာ တစ်ချပ်စိုက်ထူထားသည်ကိုတွေ့ရှိခဲ့ရသည်။ အထက်တွင်ဖော်ပြခဲ့သည့် ကျောက်စာတော်များ ဆောင်ရွက်ခဲ့မှု မှတ်တမ်းများကို မြန်မာဘာသာဖြင့် ရေးထိုးထားသည်။

မင်းတုန်းမင်းတရားကြီး၏ ကျောက်စာအလှူတော်အတွက် ကုန်ကျသုံးစွဲခဲ့သည့် ကျပ် ၂၂ ကုဋေ၊ ၆ သန်း ငွေစာရင်းကို တင်ပြထားသည့် အလှူတော်စာရင်းကျောက်စာချပ်သုံးချပ်ကိုလည်း ပထမ မဟာရံ တံတိုင်း တနင်္ဂနွေထောင့်ရှိ ဂူနှစ်လုံးထဲတွင် စိုက်ထူထားပေသည်။ ယင်းကျောက်စာ သုံးချပ်ကို ကြေးမြင် မိဖုရား၏ တိုက်တွန်းမှုကြောင့် ဝက်မစွပ်မြို့စားက ရေးသားစိုက်ထူထားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ယင်းကျောက်စာချပ် ၇၂၉ ချပ်အား ပဉ္စမသင်္ဂါယနာတင်မှုအဖြစ် အတည်ပြု သတ်မှတ်ခဲ့သည်။ကုသိုလ်တော်ကျောက် စာများသည် ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးအဖြစ် သတ်မှတ်နိုင်ရုံသာမက၊ ဗုဒ္ဓပိဋကတ်တော်များကို အပြည့်စုံဆုံး မှတ်တမ်းတင်ထားသော တစ်ခုတည်းသော ထူးခြားသည့် မြန်မာတို့၏ မှတ်တမ်းအမွေအနှစ်ဖြစ်ပေသည်။

ကျောက်စာချပ်များအားကြည့်ပြီး ကျွန်တော် ဘုရားဝင်းအတွင်းမှပြန်ထွက်လာခဲ့သည်။ မကြာမီ တောင်ပေါ်သွားကြသည့်သူများ ကားဖြင့် ပြန်ရောက်လာကြသည်။

"ဒယ်ဒီ ဘာတွေတွေ့ခဲ့လဲ"ဟု သမီးငယ်များက မေးကြသည်။

"ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးကို တွေ့ခဲ့တာပေါ့"ဟု ကျွန်တော် ပြန်ပြောလိုက်သဖြင့် သူတို့စိတ်ဝင်စားကြပြန်သည်။ သို့သော် တောင်သမန်သို့ ခရီးဆက်ကြရဦးမည်ဖြစ်သောကြောင့် ကုသိုလ်တော် ဘုရားသို့ဝင်ရန် အချိန်မရှိတော့ပါချေ။ ကားပေါ်တွင် ကျွန်တော့် အနီး၌ထိုင်နေသည့် သမီးငယ် နှစ်ယောက်အား ကုသိုလ်တော်ဘုရားအကြောင်း ကျွန်တော်ပြောပြခဲ့ပါသည်။

မှောင်ရိပ်သန်းနေပြီဖြစ်သည့် မန္တလေးမြို့ကို ဖြတ်သန်းမောင်းနှင်ကာ တောင်သမန် အင်းသို့ မောင်းနှင်နေသည့် မော်တော်ယာဉ်ပေါ်တွင် လိုက်ပါလာရင်း မင်းတုန်းမင်းကြီး၏ အမြော်အမြင်ကြီးမားခဲ့မှုနှင့် လုံ့လဥဿဟ စိုက်ခဲ့မှုများကို ကျွန်တော် တွေးတောနေမိခဲ့သည်။ ကုန်းဘောင်မင်းဆက် သာသနာပြုရှင်ဘုရင် မင်းတုန်းမင်းတရားကြီး၏ ဗုဒ္ဓသာသနာတော် အရှည်တည်တံ့ခိုင်မြဲရေးအတွက် အမြော်အမြင်ကြီးမားခဲ့မှုနှင့် လုံ့လဥဿဟ စိုက်ခဲ့မှုများသည် မြန်မာတို့၏ တန်ဖိုး မဖြတ်နိုင်သော ဂုဏ်ယူဖွယ်တစ်ရပ်အဖြစ် သမိုင်းတွင်လျက်ရှိနေပေတော့သည်။

**ကျမ်းကိုး–ကမ္ဘာ့အကြီးဆုံးစာအုပ်(လူထုဒေါ်အမာ)**

# ရှေးဟောင်းကျောက်တုံးယဉ်ကျေးမှု အမွေအနှစ်များတွေ့ရှိ

**ငါန်းဇွန် အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် ဂွမ်းကန်အုပ်စု ရွာသစ်ရွာအနီး မြို့သာ-တံတားဦးကားလမ်းဘေး၌ ပျူခေတ်ထက်စောပြီး နှစ်ပေါင်း လေးထောင်မှ ငါးထောင်ကြားဟု ခန့်မှန်းရသည့် ကျောက်တုံးယဉ်ကျေးမှု အမွေအနှစ်တစ်ခုကိုတွေ့ရှိထားကြောင်း သိရသည်။

အဆိုပါ ကျောက်တုံးယဉ်ကျေးမှု(megalithic)ကို တွေ့ရှိခြင်းနှင့်ပတ်သက်၍ ရှေးဟောင်းသုတေသနဌာန အင်းဝဌာနစုမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေနိုင်ထွန်းက ယခုတွေ့ရှိရသော ကျောက်တုံးယဉ်ကျေးမှုသည် ပျူခေတ်ထက်စောသည့် ယဉ်ကျေးမှုဖြစ်ကြောင်း၊ ကျောက်တုံးများကို ယခုလိုလေးထောင့်ပုံစီထားခြင်းမှာ သေဆုံးသူတစ်ဦး၏ အထိမ်းအမှတ်ဖြစ်ကြောင်း၊ ခန့်မှန်းခြေအားဖြင့် လွန်ခဲ့သော နှစ်ပေါင်း(၄၀၀၀-၅၀၀၀) လောက်ကဖြစ်ကြောင်း၊ ယခုအချိန်အထိကျောက်တုံးပုံ (၁၆) ပုံကို တွေ့ရှိထားကြောင်း၊ မပျက်စီးသေးသည့် ကျောက်တုံးပုံများလည်းရှိသေးကြောင်း ပြောသည်။

ရွာသစ်ရွာမှ ဒေသခံပြည်သူတစ်ဦးကလည်း ယခုကျောက်ပုံများကို ယခင်က ကျေးရွာမှကိုးကွယ်ရာ စေတီအဖြစ်မှတ်ယူပြီး ကိုးကွယ်မှုများရှိကြောင်း၊ ယခုနေရာသည် ဒေသအယူအဆအရ နတ်ကြီးသော နေရာဖြစ်ကြောင်းလည်း ပြောပြသည်။

ထိုကျောက်တုံးယဉ်ကျေးမှု ရှာတွေ့ရာသို့ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ငါန်းဇွန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူးမှ ယခုနေရာကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ ချုံနွယ်များရှင်းလင်းရေး၊ အကာအရံများ ကောင်းမွန်အောင်ပြုလုပ်ထားရေးတို့ကို မှာကြားခဲ့သည်။

အဆိုပါ ကျောက်တုံးယဉ်ကျေးမှုရှိရာနေရာသို့ လာရောက်လိုပါက မန္တလေး-တံတားဦး-မြို့သာ-မြင်းခြံ-ပုဂံလမ်းမှ မြို့သာမရောက်မီ ကားလမ်းဘေးတွင် ရွာသစ်ရွာကို တွေ့နိုင်ပြီး ထိုမှတစ်ဆင့် ကျောက်တုံးယဉ်ကျေးမှုရှိရာသို့ သွားရောက်နိုင်မည်ဖြစ်သည်။ **ဇော်မင်းနိုင်(မြင်းခြံ)**



# မျက်စိတိမ်ရောဂါ ဝေဒနာရှင် ၂၀၀ ကို အခမဲ့ခွဲစိတ်ပေး

**မော်လမြိုင် အောက်တိုဘာ ၁၂**

မျက်စိတိမ်ခွဲစိတ်ကုသမှု ရွေ့လျားအစီအစဉ်ဖြင့် ထိုင်းနိုင်ငံမှ ဆရာဝန်နှင့်ဝန်ထမ်း ၂၅ ဦးအဖွဲ့နှင့် မော်လမြိုင် အထွေထွေဆေးရုံကြီးမှ တာဝန်ရှိသူများ ပူးပေါင်း၍ မွန်ပြည်နယ်အတွင်းမှ မျက်စိတိမ်ရောဂါ ဝေဒနာရှင် ၂၀၀ ကို မော်လမြိုင်မြို့ အထွေထွေဆေးရုံကြီး၌ အောက်တိုဘာ ၈ ရက်မှ ၁၀ ရက်အထိ အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံမှ ဆရာဝန်များအဖွဲ့နှင့် မော်လမြိုင်အထွေထွေဆေးရုံကြီးမှ ဆေးရုံအုပ်ဒေါက်တာမောင်မောင်ဇင်နှင့် ဆေးရုံတာဝန်ရှိသူများ ပူးပေါင်း၍ မော်လမြိုင်၊ ကျိုက်ထို၊ ကျိုက်မရော၊ မုဒုံ၊ ပေါင်၊ ချောင်းဆုံ၊ ရေး၊ သထုံ၊ သံဖြူဇရပ်နှင့် ဘီးလင်းမြို့နယ်များမှ မျက်စိတိမ်ရောဂါ လူနာ ၂၀၀ ကို ခွဲစိတ်ကုသပေးခဲ့ခြင်းဖြစ်သည်။

ခွဲစိတ်ကုသပြီးနောက် အမြင်အာရုံ ပြန်လည်ကောင်းမွန်လာသဖြင့် အလုပ်ပြန်လုပ်ပြီး ကျောင်းမပြီးသေးသည့် ကလေးများကို ကျောင်းဆက်ထားနိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်းနှင့် ယခုလို ကုသပေးသည့် ဆရာဝန်နှင့် ဆရာမများအား အထူးကျေးဇူးတင်ကြောင်း ကျိုက်မရောမြို့နယ် သာသနာကျေးရွာမှ လာရောက်ခွဲစိတ်ကုသခံသူ ဦးတင်မောင်က ပြောသည်။

မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသမှု ဖွင့်ပွဲကို အောက်တိုဘာ ၈ ရက်က ကျင်းပခဲ့ပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ထိုင်းနိုင်ငံသံအမတ်ကြီး H.E Mr.Pisanu Suvana`ata၊ ထိုင်းနိုင်ငံ ဆရာဝန်များအဖွဲ့မှ တာဝန်ရှိသူများနှင့်မော်လမြိုင်အထွေထွေဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးတို့က ဖွင့်လှစ်ပေးခဲ့သည်။ **မုဒုံမောင်မောင်**



မျက်စိခွဲစိတ်ပြီး လူနာများကို မျက်စိပြန်မဖွင့်မီတွေ့ရစဉ်။

# မူလတန်းလွန်ကျောင်း၌ ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

**ဖြူး အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် သာစုကန်ကျေးရွာအုပ်စု ကီလားအနောက်ရွာ၌ မူလတန်းလွန်ကျောင်းဆောင်သစ်ဖွင့်ပွဲကို အောက်တိုဘာ ၁၁ ရက်က ကျင်းပသည်။

ကျောင်းဆောင်သစ်ဖွင့်ပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးမြင့်အောင်၊ ဖြူးမြို့နယ်ပညာရေးဌာန ဒေသမှူး ဆရာကြီး ဦးညွန့်ဦးနှင့် သာစုကန်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးရမ်းအောဝါဒွေရှိတို့က ဂုဏ်ပြုဝမ်းမြောက်စကားပြောကြားပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ်ကို ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီး ဌာနမှ ချမှတ်ပေးသော နိုင်ငံတော်ဘဏ္ဍာငွေဖြင့် တည်ဆောက်ခဲ့ပြီး အနံ ပေ ၃၀၊ အလျားပေ ၉၀၊ သံတိုင်ကွန်ကရစ် သွပ်မိုး၊ အုတ်ကာ၊ တစ်ထပ်အဆောက်အအုံဖြစ်ကာ စာသင်ခန်းသုံးခန်းပါဝင်ကြောင်း သိရသည်။ **ဖြူးမြင့်ဦး**

# လျှပ်စစ်အန္တရာယ်နှင့် မီးဘေးကြိုတင်ကာကွယ်ရေး ခရမ်းမြို့နယ်၌ ပညာပေးဟောပြော

**ခရမ်း အောက်တိုဘာ ၁၂**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်း လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲများကို ကျေးရွာများ၌ ဆောင်ရွက်လျက်ရှိရာ တမံကြီးကျေးရွာ အထက်တန်းကျောင်း(ခွဲ)၌လည်း အောက်တိုဘာ ၇ ရက်က ဟောပြောပွဲကျင်းပခဲ့သည်။

ရန်ကုန်မြို့တော် ဓာတ်အားပေးရေးကော်ပိုရေးရှင်း ခရမ်းမြို့နယ်မန်နေဂျာ ဦးမြင့်ဆွေက လျှပ်စစ်နှင့်ပတ်သက်၍ အန္တရာယ်ဖြစ်နိုင်သည့် အပြုအမူများ၊ သတိပြုသင့်သော ဆောင်ရန်ရှောင်ရန်အချက်များကို ဟောပြောခဲ့ပြီး မြို့နယ်မီးသက်ဦးစီးဌာနမှူးကလည်း "မီးဘေးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့ကာ လျှပ်စစ်နှင့် မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**

## သတင်းတို

### မူကြိုကလေးငယ်များဉာဏစွမ်းရည်ပြိုင်ပွဲ ဆုများချီးမြှင့်

ကရင်ပြည်နယ် ဘားအံမြို့ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း၌ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် မူကြိုကလေးငယ်များ ဉာဏစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၁၀ ရက်က ကျင်းပရာ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှူး ဒေါ်သင်းသင်းမာက အမှာစကားပြောကြားပြီး အစည်းအဝေးဆက်လက်ကျင်းပသည်။ ထို့နောက် ဉာဏစွမ်းရည်ပြိုင်ပွဲများဖြစ်သော သီချင်း(ကျား၊မ)ပြိုင်ပွဲ၊ ကဗျာ(ကျား၊မ)ပြိုင်ပွဲ၊ ပန်းချီ၊ လက်ချောင်းပန်းချီ၊ စိတ်ကူးယဉ်ပန်းချီနှင့် ပုံပြင် ပြိုင်ပွဲများတွင် ဆုရရှိသည့်ကလေးများအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# နှစ်ထပ် လူနာဆောင်သစ် တည်ဆောက်မည်

**ကွမ်းလုံ အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် ကွမ်းလုံမြို့ ပြည်သူ့ဆေးရုံ၌ ကွမ်းလုံမြို့နယ် ကုသရေးဦးစီးဌာနက နှစ်ထပ်လူနာဆောင်သစ်ကို စတင်တည်ဆောက်မည်ဖြစ်ပြီး ပန္နက်တင်ပွဲကို အောက်တိုဘာ ၈ ရက်က ကျင်းပခဲ့သည်။

ပန္နက်တင်ပွဲတွင် ရှမ်းပြည်နယ် လူမှုရေးဝန်ကြီးဒေါက်တာမျိုးထွန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဟော်ရှောက်ချန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးထွန်းရင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပန္နက်များစိုက်ထူပေးခဲ့သည်။ အဆိုပါ နှစ်ထပ်လူနာဆောင်သည် အလျား ၁၃၄ ပေ၊ အနံ ၄၄ ပေ ရှိမည်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၃၀၀၀ ဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



**နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲပုံး ၈၆၅ပုံးနှင့် မဲရုံသုံးပစ္စည်းများကို ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၌ အောက်တိုဘာ ၉ ရက်က တွေ့ရစဉ်။** (သီပေါမြို့နယ်၌ ရပ်ကွက် ၁၁ ခုနှင့် ကျေးရွာအုပ်စု ၆၇ ခုရှိပြီး မဲရုံပေါင်း ၁၀၂ ရုံရှိကြောင်းနှင့် ယခုရောက်ရှိလာသည့် မဲပုံးနှင့် မဲရုံသုံးပစ္စည်းများကို ရပ်ကွက်ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံသို့ ဆက်လက်ဖြန့်ဝေသွားမည်ဟု သိရသည်။)

**စိုင်း(သီပေါ)**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမားနှင့် ပန်းရံသင်တန်းဆင်း

**ကျိုက်လတ် အောက်တိုဘာ ၁၂**

ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူ လက်သမားနှင့် ပန်းရံသင်တန်းဆင်းပွဲကို ကျိုက်လတ်မြို့ အစိုးရ စက်မှုလက်မှုသိပ္ပံကျောင်း၌ အောက်တိုဘာ ၁၀ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကြည်စောက အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ သင်တန်းသို့ ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲနှင့် ကျိုက်လတ်မြို့နယ်များရှိ ကျေးရွာများမှ သင်တန်းသား ၅၂ ဦး တက်ရောက်ခဲ့သည်။ "ကျွန်တော်တို့က မိရိုးဖလာအလုပ်ဖြစ်နေတဲ့ လယ်ပဲလုပ်တတ်တယ်။ အခုဒီသင်တန်းတက်ဖြစ်လိုက်တော့ အသက်မွေးဝမ်းကျောင်း ပညာတစ်ခုတိုးလာပါတယ်"ဟု ဖျာပုံမြို့နယ် ကဇောင်းကျေးရွာမှလာတက်သော သင်တန်းသားတစ်ဦးက ပြောသည်။

သင်တန်းဆင်းသူများကို ပြည်တွင်းကုမ္ပဏီတစ်ခုမှ လစာကောင်းပေးကာ ခေါ်ယူအလုပ်ခန့်ထားရန် ကမ်းလှမ်းထားကြောင်းလည်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ဘရာဇီးနဲ့ အာဂျင်တီးနားတို့ နိုင်ပွဲရအောင် ဖော်ဆောင်မယ့် ကမ္ဘာ့ဖလား ခြေစစ်ပွဲ တောင်အမေရိကဇုန် ဒုတိယပွဲစဉ်

၂၀၁၈ ကမ္ဘာ့ဖလား ခြေစစ်ပွဲရဲ့ (တောင်အမေရိကဇုန်) ခြေစစ်ပွဲ ဒုတိယ ပွဲစဉ်တွေကို အောက်တိုဘာ ၁၄ ရက်မှာ ဆက်တိုက်ကစားဦးမှာဖြစ်ပါတယ်။ ပထမ ပွဲစဉ်မှာ အသင်းကြီးတွေဖြစ်တဲ့ အာဂျင်တီးနားရော ဘရာဇီးပါ ရှုံးပွဲကြုံတွေ့ခဲ့ရလို့ မျှော်လင့်မထားတဲ့ ရလဒ်တွေ ထွက်ပေါ်ခဲ့ပါတယ်။ အခု ဒုတိယပွဲစဉ်မှာတော့ ရှုံးပွဲက ရုန်းထွက်ပြီး နိုင်ပွဲတွေ ပြန်စတင်နိုင်မလား စောင့်ကြည့်ရမှာမို့ နာမည်ကြီး ဘောလုံးသမားတွေရဲ့ စွမ်းဆောင်မှုကို အကဲခတ် လေ့လာရဦးမှာဖြစ်ပါတယ်။

**ပါရာဂွေးနှင့် အာဂျင်တီးနား**

ပထမပွဲစဉ်မှာ အီကွေဒေါကို အိမ်ကွင်းမှာ နှစ်ဂိုးပြတ်ရှုံးခဲ့တဲ့ အာဂျင်တီးနားတို့ဟာ နာမည်ကြီး ကစားသမားတွေနဲ့ ပွဲထွက်ခဲ့ပေမယ့် ရှုံးပွဲကြုံခဲ့တာမို့ ဗျူဟာခင်းကျင်းမှု ပြင်ဆင်ရမှာဖြစ်ပါတယ်။ မက်ဆီ မပါဝင်ဘဲ အဂူရို၊ ဒီမာရီယာနဲ့ ဟော်ရီယာတို့ တိုက်စစ်မှာ ကစားပေမယ့် တစ်ဂိုးမှ မသွင်းနိုင်ခဲ့ပါဘူး။ ဒါပေမယ့် အာဂျင်တီးနားဟာ ပါရာဂွေးကိုတော့ အိမ်ကွင်း အဝေးကွင်း ပွဲတိုင်းနီးပါး နိုင်အောင်ကစားနိုင်ခဲ့ပါတယ်။ နောက်ဆုံး ကစားခဲ့တဲ့ ပွဲမှာလည်း ပါရာဂွေးကို ခြောက်ဂိုး-တစ်ဂိုးအထိ နိုင်ပွဲရအောင် အားထုတ်နိုင်ခဲ့တာမို့ အခုပွဲမှာ အာဂျင်တီးနားတို့ နိုင်ပွဲ ပြန်စတင်မှာဖြစ်ပါတယ်။

**ဘရာဇီးနှင့် ဗင်နီဇွဲလား**


ပထမ အဖွင့်ပွဲစဉ်မှာ ချီလီကို နှစ်ဂိုးပြတ် ရှုံးထားတဲ့ ဘရာဇီးတို့လည်း ဒီပွဲကိုတော့ မဖြစ်မနေ နိုင်ပွဲရအောင် ကြိုးစားရတော့မှာ ဖြစ်ပါတယ်။ ဘရာဇီးတို့ဟာ နာမည်ကြီး ကစားသမားတွေကို အစုံအလင် ပွဲမထုတ်နိုင်တာမို့ ရလဒ်မကောင်းခဲ့တာဖြစ်လို့ အခုပွဲမှာတော့ နည်းပြဒွန်ဂါဟာ အများအယွင်းနည်းအောင် ဗျူဟာခင်းကျင်းပါလိမ့်မယ်။ ဘရာဇီးဟာ ဗင်နီဇွဲလားနဲ့ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ရလဒ်တွေကိုကြည့်ရင် နှစ်ပွဲနိုင်ပြီး၊ တစ်ပွဲရှုံးကာ သရေနှစ်ပွဲဆိုတဲ့ရလဒ်ထွက်ပေါ်ထားပါတယ်။ လက်ရှိ ဗင်နီဇွဲလားရဲ့ခြေစွမ်းကလည်း ရလဒ်တွေ ဆိုးရွားနေလို့ အားရစရာတော့ မရှိပါဘူး။ အခုပွဲ အိမ်ကွင်းလည်းဖြစ်တာမို့ ဘရာဇီးရဲ့ အနိုင်မျှော်လင့်ချက် အကောင်အထည်ပေါ်သွားနိုင်ပါတယ်။

**အီကွေဒေါနှင့် ဘိုလီးဗီးယား**

အာဂျင်တီးနားအသင်းကို နှစ်ဂိုးပြတ် နိုင်ပွဲရအောင် ကစားနိုင်ခဲ့တဲ့ အီကွေဒေါအသင်းကို ဘိုလီးဗီးယားတို့ ခက်ခဲမယ့် အနေအထားပါပဲ။ အာရာဇိုနဲ့ ကိုင်စီဒိုတို့က ဂိုးတွေ သွင်းယူနိုင်ကြသလို ၄ း ၄း ၂ အခင်းအကျင်းနဲ့လည်း အံဝင်ခွင်ကျ ဖြစ်နေပါတယ်။ ဘိုလီးဗီးယားတို့ကတော့ အဖွင့်ပွဲစဉ်မှာ ဥရုဂွေးကို နှစ်ဂိုးပြတ်နဲ့ ရှုံးထားတာမို့ အခုပွဲမှာ ခြေစွမ်းပြန်ပြနိုင်မလား ကြည့်ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေရတဲ့ ဘိုလီးဗီးယားဟာ အဝေးကွင်းလည်း ဖြစ်တာမို့ အခုပွဲမှာ ရလဒ်ကောင်းဖို့မလွယ်ပါဘူး။ အိမ်ရှင် အီကွေဒေါတို့ နိုင်ပွဲဆက်ဦးမယ့် အနေအထားပါပဲ။

**ဥရုဂွေးနှင့် ကိုလံဘီယာ**

ပထမပွဲစဉ်မှာ ကိုလံဘီယာတို့ နှစ်ဂိုးပြတ်နဲ့ ပီရူးကို အနိုင်ရထားတာကြောင့် စိတ်ဓာတ်တက်ကြွနေပါတယ်။ ဥရုဂွေးတို့ကလည်း အဖွင့်ပွဲစဉ်မှာ ဘိုလီးဗီးယားကို နှစ်ဂိုးပြတ်နဲ့ နိုင်ထားတာမို့ အနိုင်ရထားတဲ့ နှစ်သင်းရဲ့တွေ့ဆုံလာတော့ အကြိတ်အနယ်ရှိလာပါလိမ့်မယ်။ ကိုလံဘီယာတို့ကတော့ တိုက်စစ်မှာ ဖယ်လ်ကာအို၊ ဘက်ကာနဲ့ ရူတီယာရက်စ်တို့ရှိနေပြီး ဥရုဂွေးမှာတော့ ခံစစ်သမားတွေဖြစ်တဲ့ ကာဆာရက်စ်နဲ့ ရိုဒင်တို့က ဂိုးတွေသွင်းနေပါတယ်။



အာဂျင်တီးနားဟာ ပါရာဂွေးကို အိမ်ကွင်းအဝေးကွင်းပွဲတိုင်းနီးပါး နိုင်ထားပါတယ်။

ဒီနှစ်သင်းရဲ့ နောက်ဆုံး ငါးပွဲ ကစားခဲ့တဲ့ရလဒ်ပိုင်းကို ကြည့်ရင် ဥရုဂွေးက သုံးပွဲနိုင်ပြီး ကိုလံဘီယာတို့က နှစ်ပွဲနိုင်ထားပါတယ်။ လက်ရှိအနေအထား အရကြည့်ရင် အိမ်ရှင်ဖြစ်တဲ့ ဥရုဂွေးတို့ပဲ ကပ်ပြီးနိုင်ပွဲ ရသွားနိုင်ပါတယ်။

**ပီရူးနှင့် ချီလီ**

အဖွင့်ပွဲစဉ်မှာ နာမည်ကြီး ဘရာဇီးအသင်းကို နှစ်ဂိုးပြတ် သွင်းပြီး အနိုင်ယူထားတဲ့ ချီလီတို့ဟာ ပထမပွဲမှာ ကိုလံဘီယာကို နှစ်ဂိုးပြတ်နဲ့ ရှုံးထားတဲ့ ပီရူးကို ကောင်းကောင်းကျော်ဖြတ်ပါလိမ့်မယ်။ ချီလီနဲ့ ပီရူးတို့ နောက်ဆုံးငါးပွဲ ကစားခဲ့တဲ့ ရလဒ်မှတ်တမ်းကိုကြည့်ရင် ချီလီတို့ တစ်ပွဲသာ ရှုံးထားပြီး ကျန်လေးပွဲ အနိုင်ရထားပါတယ်။ ချီလီတို့ဟာ လောလောဆယ်မှာ အာဂျင်တီးနားကို ဂိုးမရှိသရေ၊ ပါရာဂွေးကို သုံးဂိုး-နှစ်ဂိုးနဲ့ နိုင်ပြီး ဘရာဇီးကိုပါ နိုင်ပွဲရအောင် ကစားခဲ့တာမို့ ခြေစွမ်းပိုင်း ကောင်းမွန်နေပါတယ်။ ပီရူးရဲ့ လက်ရှိခြေစွမ်းကတော့ နိုင်ပွဲမရသေးတာမို့ အခုပွဲဟာ ချီလီရဲ့ နိုင်ပွဲလို့ သတ်မှတ်ရပါလိမ့်မယ်။

**မိုးမြင့်လင်းလက်**

# မန်ယူက မျက်စိကျနေတဲ့ အန်ဒါလက်ချ် ကွင်းလယ်ကစားသမား

အန်ဒါလက်ချ် လူငယ်ကွင်းလယ်ကစားသမား ယူရီတီလီမန်းကို ဥရောပထိပ်တန်း ကလပ်တွေက ခေါ်ယူဖို့ မျက်စိကျနေခဲ့ပါတယ်။ မန်ယူနည်းပြ ဗန်ဟားလ်က ခြေစွမ်းကျလာပြီဖြစ်တဲ့ မိုက်ကယ်ကာရစ်ရဲ့နေရာမှာ အစားထိုးဖို့ ကွင်းလယ်ကစားသမား ကောင်းတစ်ဦးကို ရှာဖွေနေတာပါ။ အသက် ၁၈ နှစ်အရွယ်သာရှိသေးတဲ့ တီလီမန်းကို အန်ဒါလက်ချ်က ချန်ပီယံလိဂ် မှာ ပွဲထုတ်ခဲ့ပါတယ်။ ကွင်းလယ် ကစားသမား တီလီမန်းကို မကြာသေးမီက ချယ်လ်ဆီး၊ ဘာစီလိုနာနဲ့ ဒေါ့မွန်တို့က စောင့်ကြည့်လေ့လာမှုတွေ ပြုလုပ်နေတယ်လို့ဆိုပါတယ်။ ဘယ်လ်ဂျီယံကလပ် အန်ဒါလက်ချ်မှ ထွက်ပေါ်လာတဲ့ ကွင်းလယ်ကစားသမား တီလီမန်းကို ခေါ်ယူဖို့ စိတ်ဝင်စားနေတဲ့အသင်းတွေထဲမှာ မန်ယူလည်း အပါအဝင်ဖြစ်ပါတယ်။ မန်ယူအနေနဲ့ မိုက်ကယ်ကာရစ်နဲ့ ရှဝိန့်စတိန်ဂါတို့ရဲ့ ဘောလုံးသမားဘဝကို အဆုံးသတ်ဖို့ စီစဉ်နေပြီး နည်းပြ ဗန်ဟားလ်က သူတို့ရဲ့နေရာမှာ ကွင်းလယ်ကစားသမားအသစ်တွေနဲ့ အစားထိုးဖို့ ကြိုးစားနေတာဖြစ်ပါတယ်။



# ဂါရက်ဘေးလ်တို့အသင်း ခြေစစ်ပွဲအောင်ပြီ



ယူရို ၂၀၁၆ ခြေစစ်ပွဲဝင်နေတဲ့ ရီးရဲမက်ဒရစ် တောင်ပံတိုက်စစ်မှူး ဂါရက်ဘေးလ်တို့ရဲ့ ဝေလ(ဝေးလ်) အသင်းဟာ စနေနေ့ နံနက်ပိုင်းက ပြိုင်ပွဲအပြီး ခြေစစ်ပွဲအောင် အသင်းဖြစ်သွားခဲ့ပါပြီ။ ဝေလအသင်းဟာ ဘော့စနီးယားဟာ ဇီဂိုးဗီးနားအသင်းကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ပေမယ့် အုပ်စု(ဘီ)မှာ ထိပ်ဆုံးက ဘယ်လ်ဂျီယံအသင်းနောက်မှ ရမှတ် ၁၈ မှတ်နဲ့ အုပ်စု ဒုတိယနေရာက ခြေစစ်ပွဲအောင်ခဲ့တာပါ။ ဝေလအသင်းဟာ ကိုးပွဲကစား ငါးပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲ ရှုံးပြီး ထိပ်ဆုံးမှ ဘယ်လ်ဂျီယံအသင်းနောက်မှ နှစ်မှတ်လျော့လိုက်ပြီး ခြေစစ်ပွဲအောင်ခဲ့ပါတယ်။ ဝေလအသင်း ဒီခြေစစ်ပွဲ အောင်ခဲ့ခြင်းဟာ ၁၉၅၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကြီးအပြီး ပထမဆုံးအကြိမ် အဓိက ပြိုင်ပွဲကြီးအဖြစ် တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ တစ်အုပ်စုတည်း ပြိုင်ဘက် အသင်းတွေဖြစ်တဲ့ အစ္စရေးက ဆိုက်ပရပ်စ်ကို ရှုံးနိမ့်ပြီးနောက် ဝေလအသင်းတို့ဟာ လာမယ့် နွေရာသီမှာ ကျင်းပမယ့် ယူရို ၂၀၁၆ ပြိုင်ပွဲကြီးသို့ တက်ရောက်ယှဉ်ပြိုင်ခွင့် ရရှိသွားခဲ့ပါတယ်။ ရီးရဲမက်ဒရစ် တိုက်စစ်မှူး ဂါးရက်ဘေးလ်ဟာ ဝေလအသင်းကို အကောင်းဆုံး ဦးဆောင်ကစားပေးနိုင်ခဲ့တဲ့အတွက် အောင်မြင်မှုရခဲ့တယ်လို့ ဆိုပါတယ်။ ကျွန်တော်တို့ဝေလအသင်းကို ဒီထက်မက အောင်ပွဲတွေ ဆက်လက်ရယူဖို့ ကြိုးစားသွားမှာ ဖြစ်ပါတယ်လို့ ဂါရက်ဘေးလ်က ဆိုပါတယ်။

**ကောင်းမြတ်သူ-စုစည်းသည်။**

# မန်ချက်စတာဒါဘီပွဲနဲ့ လွဲချော်နိုင်တဲ့ အဂူရိုနဲ့ ဒေးဗစ်ဆေးလ်ဗား

နိုင်ငံတကာ ပြိုင်ပွဲတွေမှာ ဒဏ်ရာတွေရသွားတဲ့ အဂူရိုနဲ့ ဒေးဗစ်ဆေးလ်ဗားတို့ဟာ လာမယ့်မန်ချက်စတာ ဒါဘီပွဲနဲ့ လွဲချော်နိုင်တယ်လို့ မန်စီးတီးတာဝန်ရှိသူတွေကဆိုပါတယ်။ သူတို့နှစ်ယောက်စလုံးဟာ ဆီဗီလာနဲ့ ကစားမယ့် ချန်ပီယံလိဂ်ပြိုင်ပွဲနဲ့လည်း လွဲချော်နိုင်တယ်လို့ဆိုပါတယ်။ အာဂျင်တီးနားက အီကွေဒေါအသင်းကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်သွားတဲ့ နိုင်ငံတကာ ပြိုင်ပွဲမှာ အဂူရိုဟာ ၂၂ မိနစ်သာ ကစားခဲ့ရပြီး တံခေါက်ကြော ထိခိုက်ဒဏ်ရာရပြီး ပြိုင်ပွဲမှ ထွက်ခွာသွားခဲ့ရပါတယ်။ မန်စီးတီးအသင်းအနေနဲ့ အဂူရိုမပါဘဲ တစ်လကြာကစားရလိမ့်မယ်လို့ အသင်းတာဝန်ရှိသူတွေက ဆိုပါတယ်။ စပိန်ကစားသမား ဒေးဗစ်ဆေးလ်ဗားဟာလည်း လူဇင်ဘတ်နဲ့ ကစားခဲ့တဲ့ ယူရိုခြေစစ်ပွဲမှာ ဒဏ်ရာပြင်းထန်စွာ ရရှိသွားတဲ့အတွက် တစ်လကြာ အနားယူရဖွယ်ရှိတယ်လို့ ဆိုပါတယ်။ အဂူရိုနဲ့ ဒေးဗစ်ဆေးလ်ဗားတို့ဟာ မန်စီးတီးရဲ့ အဓိက တိုက်စစ်မှူးတွေပါ။ သူတို့နှစ်ယောက်စလုံး ဒဏ်ရာတွေနဲ့ ရင်ဆိုင်နေရတဲ့အတွက် မန်စီးတီးရဲ့ လာမယ့်ပြိုင်ပွဲတွေဟာ ရလဒ်ကောင်းတွေ ရှာဖွေနိုင်ဖို့ အခက်အခဲတွေနဲ့ ရင်ဆိုင်ရဖွယ်ရှိနေပါတယ်။

# သီတင်းကျွတ်၏ပုံရိပ် မြန်မာ့ရိုးရာမီးပုံးများ ယနေ့တိုင်သုံးနေကြဆဲ



မြန်မာနိုင်ငံ၌ ရှေးယခင်ကတည်းက ၁၂ လရာသီပွဲတော်ကို ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ဆင်ယင်ကျင်းပလာခဲ့ကြသည်မှာ ယနေ့တိုင်ပင် ဖြစ်သည်။

၁၂ လရာသီပွဲတော်များအနက် သီတင်းကျွတ်မီးထွန်းပွဲတော်သည်လည်း အများပြည်သူတို့ စိတ်ဝင်စား စည်ကားသောပွဲတော်ဖြစ်သည်။ သီတင်းကျွတ်လပြည့်နေ့ကို နိုင်ငံတော်အစိုးရမှ တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးထားပါသည်။

သီတင်းကျွတ်လပြည့်နေ့တွင် မီးထွန်းပွဲတော်ကျင်းပခြင်းသည် ဗုဒ္ဓဘာသာဝင်များ အစဉ်ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရားရှင်သည် ဝါတွင်းသုံးလပတ်လုံး နတ်ပြည်တွင် သီတင်းသုံးတော်မူပြီးနောက် သီတင်းကျွတ်လပြည့်နေ့တွင် နတ်တို့ ဖန်ဆင်းအပ်သော ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းမှ လူ့ပြည်သို့ ပြန်လည်ကြွချီရာတွင် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအားလုံးတို့က ဦးခိုက်၍ ဆီမီးအလင်းရောင်တို့ဖြင့် ထွန်းညှိပူဇော်မှုပြုကြသည်ကို အစွဲပြု၍ သီတင်းကျွတ်လပြည့်နေ့တွင် မြန်မာနိုင်ငံအနှံ့ဒေသအသီးသီးတွင် သီတင်းကျွတ်မီးထွန်းပွဲတော်ကို ခြိမ့်ခြိမ့်သဲသဲ စည်ကားသိုက်မြိုက်စွာ ပျော်ပျော်ရွှင်ရွှင် ကျင်းပကြလေ့ရှိသည်။

ဤကဲ့သို့ သီတင်းကျွတ်မီးထွန်းပွဲတော်ကျင်းပခြင်းနှင့်အတူ မြန်မာ့ရိုးရာ မီးပုံးများတွင် ဖယောင်းတိုင်ထည့်၍ ထွန်းညှိပူဇော်ခြင်း၊ ကလေးများက ပျော်ရွှင်စွာကစားကြခြင်းသည် မြန်မာလူမျိုးတို့၏ သီတင်းကျွတ်အခါသမယရိုးရာယဉ်ကျေးမှုပုံရိပ်များဖြစ်သည်။

မီးပုံးပုံစံအမျိုးမျိုးကို ဝါးနှီးအခြေခံ၍ ဆီစိမ်စက္ကူ၊ မှန်ရောင်စက္ကူအမျိုးမျိုးဖြင့် ပြုလုပ်ရာတွင် ငါးထောင့်၊ ခြောက်ထောင့်၊ ရှစ်ထောင့်မီးပုံးများ၊ ကြယ်မီးပုံးများ၊ ကားမီးပုံး၊ သင်္ဘောမီးပုံး၊ ယုန်ရုပ်မီးပုံး စသည်ဖြင့် ပြုလုပ်သုံးစွဲကြသည်။

အဆိုပါ မြန်မာ့လက်မှုပညာ၊ ဝါးနှီးအခြေခံ ရိုးရာမီးပုံး အမျိုးမျိုးနေရာတွင် ပြည်ပနိုင်ငံများမှ တင်သွင်းသော ဒီဇိုင်းမျိုးစုံဖြင့် ပိုမိုလှပသော မီးပုံးများနေရာယူကြသော်လည်း မြန်မာ့ရိုးရာမီးပုံးများ ပျောက်ပျက်၍မသွားဆက်လက်တည်မြဲလျက်ရှိသည်မှာ ဂုဏ်ယူဖွယ်ကောင်းလှသည်။

မြန်မာ့ရိုးရာမီးပုံးလုပ်ငန်းနှင့်ပတ်သက်၍ "ကျွန်တော်က ဒီမီးပုံးလုပ်ငန်းကို ဝါသနာအရ လုပ်ကိုင်လာခဲ့တာပါ။ အခုဆိုရင် အနှစ် ၃၀ ကျော်ပါပြီ။ သီတင်းကျွတ်၊ တန်ဆောင်မုန်းလကုန်လွန်ကတည်းက မီးပုံးအကြမ်းထည်တွေကို နေ့စဉ် နည်းနည်းစီလုပ်ပါတယ်။ အခုလိုရာသီရောက်တော့မှ မှန်ရောင်စက္ကူ ဆီစိမ်စက္ကူတွေကို ကလေးတွေမြင်ရင်လိုချင်စိတ်ပေါက်လာအောင် အရောင်တွေစပ်ကပ်ပါတယ်။ ဒီအလုပ်က အကုသိုလ်ကင်းတယ်။ လူဆိုတာ ဘာအလုပ်မှမရှိဘဲ အားနေရင် စိတ်လေတယ်။ ဟိုတွေး ဒီတွေးနဲ့။ မီးပုံးလုပ်တဲ့အလုပ်က ဝါးနှီးကိုအခြေခံပြီး စိတ်ကူးနဲ့ လုပ်ရတဲ့အလုပ်ဆိုတော့ အခြားဘာမှ မစဉ်းစား၊ မတွေးတောမိတော့ဘူးပေါ့။ ဒါကြောင့် အကုသိုလ်ကင်းတဲ့အလုပ်လို့ ပြောလို့ရတာပါ။ ကျွန်တော်လုပ်တဲ့ မီးပုံးတွေက ငါးထောင့်၊ ခြောက်ထောင့်မီးပုံး၊ ကြယ်မီးပုံး၊ ယုန်ရုပ်မီးပုံး၊ ကားမီးပုံး၊ သင်္ဘောမီးပုံး၊ အစုံပါတဲ့ဝါးနှီးနဲ့ ပုံစံချိုးတဲ့အခါ အချို့လူတွေက ဝါးအဆက်နေရာကို အဝတ်စနဲ့ပတ် ကော်သုပ်ပြီး လုပ်ကြတယ်။ ကျွန်တော်ကတော့ ဝါးအဆက်နေရာတွေမှာ စူးသေးသေးနဲ့ဖောက်ပြီး အပ်ချည်နဲ့ သေသေချာချာ တုပ်ပြီးလုပ်တော့ ရိုရိုသေသေကိုင်တဲ့ ကလေးတွေဆိုရင် နှစ်နှစ်၊ သုံးနှစ်လောက်ကိုင်ရတယ်။ အခုလိုရာသီချိန်ရောက်တော့ စက္ကူအသစ်လာကပ်ကြတယ်။ ဖောက်သည်တွေက ရှိပြီးသားပါ။ တစ်နေ့နည်းနည်းနဲ့ တစ်နှစ်လုံး လုပ်ထားတာဆိုပါတော့။ ရောင်းဈေးတွေက မီးပုံးရိုးရိုး ၁၀၀ ကျပ်၊ အရုပ်ဆိုရင် ၅၀၀၊ ကားအသေး၊ သင်္ဘောအသေးဆိုရင် ၅၀၀၊ အလတ်က ၁၅၀၀၊ အကြီးက ၃၀၀၀ ဈေးနှုန်းအမျိုးမျိုးပါပဲ။ မှန်ရောင်စက္ကူတစ်ရွက် ၃၀၀ ကျပ်၊ ဆီစိမ်စက္ကူတစ်ရွက် ၅၀ ဝယ်ရပါတယ်"ဟု မီးပုံးနှင့်ပတ်သက်၍ ရေစကြိုမြို့ သုခဝတီရပ်ကွက်မှ မြန်မာ့ရိုးရာမီးပုံးအမျိုးမျိုးကို ဝါသနာအခြေခံဖြင့် ပြုလုပ်နေသော ဦးသန်းအောင်က ပြောသည်။

ဤသို့အားဖြင့် သီတင်းကျွတ်အခါသမယပုံရိပ်ဖြစ်သော မြန်မာ့ရိုးရာမီးပုံးများကို တိမ်ကောပပျောက်မသွားအောင် ဆက်လက်ထိန်းသိမ်းလုပ်ကိုင်သူတွေနှင့် မြန်မာ့ရိုးရာမီးပုံးအမျိုးမျိုးကို တန်ဖိုးထားသုံးစွဲကြသူများအား ဂုဏ်ပြုရေးသားအပ်ပါသည်။

**သတင်းဆောင်းပါး**
**ဖေထွဏ်းဇော်(ရေစကြို)**

# မြန်မာနိုင်ငံ၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ကာလ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအခြေအနေ ဟောပြောပွဲကျင်းပ



**တောင်ကြီး အောက်တိုဘာ ၁၂**

မြန်မာနိုင်ငံသစ်တောအသင်းက ကြီးမှူး၍ မြန်မာနိုင်ငံ၏ အတိတ်၊ပစ္စုပ္ပန်နှင့်အနာဂတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အခြေအနေ ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို တောင်ကြီးမြို့ ညောင်ဖြူစခန်းရပ်ကွက်ရှိ ချယ်ရီကွင်း ဟိုတယ်၌ အောက်တိုဘာ ၁၀ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံ သစ်တောအသင်းနာယက ဦးအုန်းလွင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံသစ်တောအသင်းနာယက ဦးကျော်မိုးက မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေ၊ အင်းလေးကန်အကြောင်းနှင့် အင်းလေးကန်ဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အင်းလေးကန်နှင့်ပတ်သက်၍ လေ့လာထားရှိမှုများကို ရှင်းလင်းဟောပြောသည်။

ထို့နောက် ရန်ကုန်အဝေးသင်တက္ကသိုလ်မှ တာဝန်ခံပါမောက္ခချုပ်(ငြိမ်း) ပါမောက္ခ ဦးမောင်မောင်အေးက မြန်မာနိုင်ငံ၏ ရေကြီးရေလျှံမှု၊ ရေလွှမ်းမိုးမှုဘေးအန္တရာယ်အကြောင်းနှင့် အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ် ကာလအခြေအနေများအကြောင်းတို့ကို ဟောပြောပြီး စစ်ကိုင်းပညာရေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာစောပြုံးနိုင်က အင်းလေးဒေသရှိ သဘာဝပတ်ဝန်းကျင်ပုံရိပ်များကို ပြသပြီး ဒေသခံများအနေဖြင့် သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးမှုရှိစေရေး ဟောပြောခဲ့ကာ ဆက်လက်၍ အခမ်းအနားတက်ရောက်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

ဟောပြောပွဲသို့ မြန်မာနိုင်ငံ သစ်တောအသင်းမှ တာဝန်ရှိသူများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ UNDP၊ UNODC နှင့် GIZ အဖွဲ့များ၊ တောင်ရိုးနှင့်ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့များ၊ ချယ်ရီချစ်သူ၊ အင်းလေးတောင်သူ၊ အင်းသားလူမှုရေးအသင်း၊ ဟိုတယ်လုပ်ငန်းရှင်အသင်း၊ ဒို့ချစ်တဲ့ကမ္ဘာ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောက်ရှောက်ရေးအသင်းစသည့် လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Chevron Company Limited သည် ရခိုင်ကမ်းလွန်လုပ်ကွက် အမှတ် A-5 တွင် 3D Seismic Survey တိုင်းတာရေးလုပ်ငန်းများကို MV. VIKING VISION (Call Sign: LNXF) ဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၆ ရက်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

3D Seismic Survey တိုင်းတာဆောင်ရွက်မည့် ဧရိယာကို ဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| A | 18º 15' 00.000" N | 93º 14'00.000"E |
| B | 18º 15' 00.000"N | 93º 44' 46.070"E |
| C | 17º 54'58.779"N | 93º 54' 49.241"E |
| D | 17º 30'00.000"N | 93º 48'55.057"E |
| F | 17º 30'00.00"N | 93º 21'00.000"E |

ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-5 တွင် 3D Seismic Survery တိုင်တာရေးလုပ်ငန်းများကို MV. VIKING VISION ဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၆ ရက်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၃၁ ရက် အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်မည့် ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာ

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်း များတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော SHELL MYANMAR ENERGY PTE LED သည် တနင်္သာရီကမ်းလွန်ရေနက်ပိုင်းလုပ်ကွက်အမှတ် MD-5 တွင် 3D Seismic Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် RV. POLARCUS AMANI(Call Sing:C6ZD3) ဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ ဆောင်ရွက်မည်ဖြစ်သည်။

3D Seismic Survey တိုင်းတာဆောင်ရွက်မည့် ဧရိယာကိုဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| Point | Latitude | Longitude |
|---|---|---|
| A | 12H 19' 05.60" N | 95H 30' 50.39"E |
| B | 12H 19'05.62"N | 69H 18'50.03"E |
| C | 11H 40'05.80"N | 96H 18'50.06"E |
| D | 11H 40"05.77"N | 95H 26'50.45"E |

တနင်္သာရီကမ်းလွန်ရေနက်ပိုင်းလုပ်ကွက်အမှတ် MD-5 တွင် 3D Seismic Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် RV.POLARCUS AMANI ဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါလုပ်ငန်းဆောင်ရွက်မည့်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ် သမ္ဗန်များဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# အားလုံးကို ကျေးဇူးတင်ကြရမှာပါ

ရတနာသီရိ (ကလေး)

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်မှာ ရေကြီးရေလျှံလို့ ရေဘေးသင့်ခဲ့တာ တစ်လပင်ကျော်ခဲ့ပါပြီ။ အခုအချိန်ထိ နိုင်ငံတော်အစိုးရနဲ့ အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းတွေ၊ ပုဂ္ဂလိကအလှူရှင်တွေက ရေဘေးသင့်ပြည်သူတွေကို ဆီ၊ ဆန်၊ ဆားနဲ့ လူသုံးကုန်ပစ္စည်းတွေကို ကူညီထောက်ပံ့လျက်ရှိဆဲပါ။ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်တိုင် ကလေးမြို့ကို မကြာခဏလာပြီး ရေဘေးသင့် ပြည်သူတွေ အဆင်ပြေရေးဆွေးနွေး၍ လိုအပ်သလို ကျေးရွာတွေအထိ ကွင်းဆင်းကူညီလျက်ရှိပါတယ်။

နိုင်ငံတော်သမ္မတကြီးပင် ကလေးမြို့ကို နှစ်ခေါက်ရောက်ပြီး ပြည်သူတွေနဲ့တွေ့ကာ အားပေးကူညီလျက် တိုင်းဒေသကြီးက ဌာနဆိုင်ရာတာဝန်ရှိသူတွေနဲ့ ကလေးခရိုင် မြို့နယ်ဆိုင်ရာတာဝန်ရှိသူတွေကို တာဝန်တွေပေးခဲ့ကြောင်း သိရပါတယ်။

စာရေးသူတို့ တောင်ဦးကျေးရွာမှာဆိုရင် တိုင်းဒေသကြီးမှ မီးသတ်ရဲဘော်များ၊ စက်မှုလယ်ယာမှ ထွန်စက်များ၊ စက်ပြင် ဆရာများနဲ့ ကလေးမြို့နယ်ရှိ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ ရဲဘော်များက ဘုန်းကြီးကျောင်းအဆောက်အအုံများ၊ စေတီပုထိုးတွေ၊ စာသင်ကျောင်းနဲ့ ရွာတွင်းသန့်ရှင်းရေးတွေ ကူညီဆောင်ရွက်ပေးကြသလို၊ ဆိုင်ရာတာဝန် ကိုယ်စီယူကြလျက် လယ်ထွန်စက်၊ မီးစက်၊ ရေစုပ်စက် စသည်တို့ကိုလည်း ပြုပြင်ပေးကြပါတယ်။ လာရောက်အကူအညီတောင်းကြသည့် မည်သည့်နေရာကမဆို လိုက်ပြီးကူညီပေးနေကြပါတယ်။

နိုင်ငံတော်အစိုးရနဲ့ အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအလှူရှင်များက ရေဘေးသင့်ပြည်သူတွေကို စားဝတ်နေရေးအဆင်ပြေစေဖို့ ကူညီဆောင်ရွက်နေကြပါတယ်။ အချို့ဆိုရင် ရေမလျှံခင်ကထက် စားရေး၊ သောက်ရေး ပိုပြီးအဆင်ပြေနေကြပါတယ်။ လက်လုပ်လက်စား ဆင်းရဲသားတွေက ပိုပြီးတောင် အဆင်ပြေနေကြပါတယ်။ ဒါနဲ့ပတ်သက်ပြီး စာရေးသူတို့ ဆရာတော်ဟောတဲ့ တရားတစ်ပုဒ်ကို သွားပြီးသတိရမိပါတယ်။

"မယားရှိတော့ မယားကြောင့် ပူရတယ်၊
နွားရှိတော့ နွားကြောင့်ပူရတယ်၊
စပါးရှိတော့ စပါးကြောင့် ပူရတယ်၊
ကားရှိတော့ ကားကြောင့် ပူရတယ်"။

ခင်ဗျားတို့စဉ်းစားကြည့်စမ်းပါ။ မယားရှိတဲ့သူဟာ မယားရဲ့ စားဝတ်နေရေး၊ ကျန်းမာရေးကအစ အစစအရာရာ ပူရတယ်မဟုတ်လား။ နွားတို့၊ စပါးတို့ရှိတဲ့သူဟာ မြစ်ရေလျှံတဲ့အခါ ပိုပြီးသိသာတယ်ဗျ။ မြစ်ကမ်းနဖူးမှာ ရေကတင်လာပြီး မိုးကသုံးရက်လောက် ဆက်တိုက်ရွာလာပြီဆိုရင် မြစ်အရှေ့ဘက်က နွားတွေ မြစ်ထဲမောင်းချ၊ နွားနဲ့အတူ အနောက်ဘက်ကုန်းပေါ် ရောက်အောင်ကူး၊ ရေလွတ်ရာကို မောင်းကြရတယ်။ နွားများလေ ပိုပြီးဒုက္ခရောက်လေမဟုတ်လား။

နွားမရှိတဲ့သူကတော့ လက်လုပ်လက်စားများကတော့ အေးဆေးပဲမဟုတ်လား။ စပါးရှိတဲ့လူတွေလည်းကြည့်ပါဦး။ စပါးတွေရေလွတ်ရာဟိုရွှေ့ရ၊ ဒီရွှေ့ရနဲ့ လုပင်ပန်း၊ အလုပ်သမားခတွေကုန်၊ သယ်ယူစရိတ်တွေကုန်၊ ဒုက္ခရောက်လိုက်ကြတာ နွားကြောင့်၊ စပါးကြောင့် ပူပင်ရ၊ ဒုက္ခရောက်ရတယ်မဟုတ်လား။ စပါးမရှိတဲ့သူတွေကတော့ အေးဆေးပဲ။ ဘာမှမပူရ၊ ရေလာလည်းရှိတဲ့ အဝတ်အစားလေးသေတ္တာထဲလုံးထည့်၊ ရသလောက်အထုပ်နဲ့ အိုးခွက်ပန်းကန် လှေပေါ်တင် ရေလွတ်ရာသို့ လှော်ပြီးပြေးခဲ့ရုံပဲ၊ ဘာမှမပူပန်ရ၊ ရှိတဲ့လူကအကုန်လုံးပူရတယ်မဟုတ်လား။

စာရေးသူတို့ ဆရာတော်ဟောတဲ့တရားအတိုင်းပါပဲ။ ရေကြီးရေလျှံဖြစ်တော့ ရှိတဲ့လူတွေက ပိုပြီးပူရတယ်၊ ပိုပြီးဆုံးရှုံးတယ်၊ ပိုပြီးနာတယ်။ မရှိတောင့်တ ရှိကြောင့်ကြဆိုတဲ့ စကားအတိုင်း မရှိတော့လည်း လိုချင်တောင့်တ၊ ရှိလာပြန်တော့ ရှိတဲ့ပစ္စည်း ကြောင့်ကြရပြန်တယ်။ ပူပန်ရပြန်တယ်။ ရေလျှံလို့ ရှိတဲ့ပစ္စည်းဆုံးရှုံးလို့ ပူပင်သောကရောက်ကြရတယ်။ မရှိတဲ့လူတွေကတော့ ခုအချိန်မှာ အဆင်ကိုပြေလို့ပဲ။ နိုင်ငံတော်ကလည်း ထောက်ပံ့၊ အခြားအလှူရှင်တွေကလည်းထောက်ပံ့၊ ပစ္စည်းနဲ့ စားဖို့ဝတ်ဖို့ အဆင်ပြေနေကြတယ်။ အချို့က ဒီလောက်ထောက်ပံ့ကူညီနေတာကို နိုင်ငံတော်လူကြီးတွေက ပစ်ထားပါတယ်လို့ အော်တဲ့သူကရှိသေး၊ အချို့ကျတော့ ရတဲ့ပစ္စည်း အေးအေးဆေးဆေးမယူဘူး၊ လိုတဲ့ပစ္စည်းမရတော့ပေးတဲ့ လူပဲ အပြစ်တင်သေးတယ်။

ကိုယ်ဖြစ်နေရတဲ့ အခြေအနေကိုယ့်ဘဝကို ပြန်မကြည့်၊ အကြောင်းအကျိုး အကောင်းအဆိုး အမှားအမှန်ဝေဖန်နိုင်စွမ်းမရှိတဲ့ မောဟဖုံးလွှမ်းနေတာကြောင့် အလှူရှင်တွေရဲ့ ကျေးဇူးတရားကိုလည်းမသိ၊ အလှူရှင်များရဲ့ကိုယ်စား အပင်ပန်းခံပြီး အကျိုးဆောင်ကာ ဝေငှနေတဲ့ပုဂ္ဂိုလ်တွေကိုလည်း ကိုယ့်ဆန္ဒမပြည့်တော့ အပြစ်မြင် အချို့က အကျိုးဆောင်ပေးနေတဲ့ ရဟန်းသံဃာများကိုပင် အကောင်းမမြင်၊ သံဃာကိုစော်ကားလိုက်သေးတယ်။ ကုသိုလ်စိတ်တွေကင်းပြီး တစ်နေကုန် လောဘ၊ ဒေါသတွေ နဲ့အချိန်ကုန်နေကြတယ်။

ခုအချိန်မှာ ခါတိုင်းထက်ပိုပြီး တရားရဖို့ သံဝေဂယူဖို့ ကောင်းပါတယ်။ လူက မသေသေးပေမယ့် ပစ္စည်းက လူကို စွန့်သွားပြီး လူက အရင်သေလို့ လူကပစ္စည်းကို အရင်စွန့်ရသလို ပစ္စည်းကလည်း လူကိုအရင်စွန့်သွား နိုင်တယ်ဆိုတာ သင်္ခါရရဲ့သဘောကို ပိုပြီးနားလည်သင့်တယ်။

အားလုံးကိုခြုံပြောရရင် နိုင်ငံတော်လူကြီးများက ရေဘေးသင့်ဒေသအားလုံးရဲ့ဒုက္ခသည်တွေကို စားဝတ်နေရေး အဆင်ပြေစေဖို့ စီစဉ်ဆောင်ရွက်ပေးနေသလို တာဝန်ယူဝေငှပေးနေကြတဲ့ ဒေသအသီးသီးက တာဝန်ရှိပုဂ္ဂိုလ်များကလည်း လူကြီးလူကောင်းပီပီ အဂတိ ကင်းစွာ စီစဉ်ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ အဲဒီမှ တစ်ဆင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များကလည်း စည်းကမ်းရှိရှိ၊ အဂတိ ကင်းကင်း ဖြေရှင်းဝေငှဖို့ လိုအပ်ပါတယ်။

ထို့အတူပဲ ရေဘေးသင့်ပြည်သူများ ကူညီရန် ဆိုင်းဘုတ်တပ်ပြီး အလှူရှင်အသီးသီးမှ လာရောက်လှူဒါန်းတာကို လက်ခံရယူလျက် ဝေငှလှူဒါန်းနေကြတဲ့ အကျိုးဆောင်အဖွဲ့အစည်းများကလည်း ရေဘေးသင့်ကြတဲ့ နေရာဒေသမရွေး လိုက်ပြီးဝေငှဖို့လိုအပ်ပါတယ်။ သူ့လူ၊ ကိုယ့်လူ၊ သူ့ဘက်၊ ကိုယ့်ဘက်၊ သူ့ဆွေမျိုး၊ ငါ့ဆွေမျိုး၊ ငါ့ပါတီဝင်၊ သူ့ပါတီဝင်၊ သူကရန်သူ၊ သူက မိတ်ဆွေဆိုတဲ့ အစွဲတွေနဲ့ ခွဲခြားပြီး၊ ဘက်လိုက်ပြီး မစီစဉ်မိဖို့ အရေးကြီးပါတယ်။ ကုသိုလ်ရှင်တွေက အဝေးကနေ ရေဘေးသင့်ပြည်သူတွေလက်ထဲ ညီညီမျှမျှရစေချင်တဲ့ ဆန္ဒနဲ့လှူတာပါ။

ရေဘေးသင့်ပြည်သူများကလည်း ကိုယ်ရတဲ့ ပစ္စည်း ကျေကျေနပ်နပ်နဲ့ ဝမ်းမြောက်စွာ လက်ခံရယူပြီး အလှူရှင်များကို မေတ္တာပို့ဖို့ လိုအပ်ပါတယ်။ အလှူရှင်များရဲ့ကိုယ်စား အကျိုးဆောင်ဝေငှပေးနေတဲ့ပုဂ္ဂိုလ်များကိုလည်း ကျေးဇူးတင် ဝမ်းမြောက်ကြောင်း စကားပြန်ပြောဖို့လည်း မမေ့စေလိုပါ။

အဲဒီလို ကိုယ့်ဘက်၊ သူ့ဘက်၊ မင်းနဲ့ ပြည်သူ၊ ရဟန်းရှင် လူ ကြည်ဖြူစွာ တစ်ဦးနှင့်တစ်ဦး အကူအညီပေးကြလျက် မေတ္တာနဲ့ နေထိုင်သွားကြရင်အားလုံး အဆင်ပြေကြမှာပါ။ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူး၊ မိဘရဲ့ဂုဏ်ကျေးဇူး၊ ပေးကမ်းထောက်ပံ့ကြတဲ့ အလှူရှင်များရဲ့ကျေးဇူးအားလုံးကို ကျေးဇူးတင်ကြရမှာပါ။

ခုချိန်မှာ ခါတိုင်းထက် ကုသိုလ်တရားတွေ ပွားများအောင် အားထုတ်ကြရမှာပါ။ ကုသိုလ်တရားတွေနဲ့ မွေ့လျော်နိုင်ကြပါစေ။ ။

**အကျိုးဆောင်အဖွဲ့အစည်းများကလည်း ရေဘေးသင့်ကြတဲ့ နေရာဒေသမရွေးလိုက်ပြီး ဝေငှဖို့လိုအပ်ပါတယ်။ သူ့လူ၊ ကိုယ့်လူ၊ သူ့ဘက်၊ ကိုယ့်ဘက်၊ သူ့ဆွေမျိုး၊ ငါ့ဆွေမျိုး၊ ငါ့ပါတီဝင်၊ သူ့ပါတီဝင်၊ သူကရန်သူ၊ သူကမိတ်ဆွေဆိုတဲ့ အစွဲတွေနဲ့ ခွဲခြားပြီး၊ ဘက်လိုက်ပြီး မစီစဉ်မိဖို့ အရေးကြီးပါတယ်။**

## ရေဆင်းစပ်မျိုး (၁) နေကြာ ၃၆ ဧက စိုက်ပျိုးအောင်မြင်

**မိတ္ထီလာ အောက်တိုဘာ ၁၂**

မိတ္ထီလာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများပူးပေါင်းဆောင်ရွက်မှုဖြင့် ထမုကန်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာတွင် စိုက်ပျိုးထားသည့် ရေဆင်းစပ်မျိုး (၁) နေကြာ ၃၆ ဧကအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

"ရေဆင်းစပ်မျိုး (၁) နေကြာကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ပူးပေါင်းပြီးတော့ မျိုးသန့်ပြန်ထုတ်ထားတဲ့စပ်မျိုးနေကြာကို ၃၆ ဧကစိုက်ပျိုးထားတာဖြစ်ပါတယ်။ မျိုးသန့်စပ်မျိုးနေကြာကို မျိုးသန့်ထုတ်ပြီးတာနဲ့ အထက်မြန်မာပြည်မျိုးစေ့အရည်အသွေးစာတ်ခွဲဌာနကို ပေးပို့စမ်းသပ်ပြီးတော့ မျိုးသန့်အဖြစ်ထုတ်လုပ်စိုက်ပျိုးနိုင်တယ်ဆိုတဲ့ အသိအမှတ်အပြုမှုကိုရရှိပြီးမှ စိုက်ပျိုးထုတ်လုပ်တာပါ။ မနှစ်က ငါးဧက မျိုးသန့်ပြန်ထုတ်တယ်။ ဒီနှစ်တော့ ၁၀ ဧကလောက်ကို မျိုးသန့်ပြန်ထုတ်မှာပါ။ ဒီစပ်မျိုးနေကြာက နေကြာရွက်ခြောက်ရောဂါဒဏ်ကိုလည်းခံနိုင်တယ်။ အထွက်နှုန်းလည်းကောင်းပါတယ်။ ဒါကြောင့် ကိုယ်တိုင်စိုက်ပျိုးရုံတင်မကဘူး၊ တောင်သူများကိုလည်း မျိုးစေ့ပြန်လည်ရောင်းချပေးတာ အခုဧက ၁၃၀ စာလောက်စပ်မျိုး နေကြာမျိုးစေ့တွေရောင်းချပေးပြီးသွားပါပြီ။ တစ်ဧက စိုက်ပျိုးဖို့အတွက် သုံးကီလိုကိုငွေကျပ် တစ်သောင်းနှစ်ထောင်နဲ့ ပြန်လည်ရောင်းချပေးပါတယ်"ဟု ညောင်ပင်သာ ကျေးရွာ တွင် စပ်မျိုးနေကြာ ၃၆ ဧကစိုက်ပျိုးထားသူ ဒေသခံတောင်သူ ဦးခင်မောင်ဝင်းက ပြောသည်။ ညောင်ပင်သာကျေးရွာမှထွက်ရှိသည့် စပ်ပျိုးနေကြာမျိုးစေ့များကို မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာများမှ တောင်သူများက လာရောက်ဝယ်ယူပြီးပြန်လည်စိုက်ပျိုးလျက် ရှိရာ စပ်ပျိုး နေကြာတစ်တင်းလျှင် ဆီကြိတ်ပါက လေးပိဿာမှ လေးပိဿာခွဲခန့်အထိ ထွက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



## ကျေးရွာလုံးကျွတ်မီးလင်းရေးလုပ်ငန်း ဖွင့်ပွဲကျင်းပ

**ပခုက္ကူ အောက်တိုဘာ ၁၂**

ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် အောက်ဆိပ်ကျေးရွာရှိ အထကကျောင်း၌ ကျေးရွာလုံးကျွတ် မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ ရက်က ကျင်းပခဲ့သည်။

အောက်ဆိပ်ကျေးရွာ လျှပ်စစ်မီးလင်းရေးလုပ်ငန်းအား မွေးမြူရေးနှင့်ရေလုပ်ငန်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာနမှ ရန်ပုံငွေကျပ် ၂၈၆ ဒသမ ၉ သိန်းနှင့် ကျေးရွာပြည်သူများမှထည့်ဝင်ငွေကျပ် ၂၀၁ ဒသမ ၈ သိန်း စုစုပေါင်းငွေကျပ် ၄၈၈ ဒသမ ၇ သိန်းဖြင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လျှပ်စစ်ဝန်ကြီးဌာနတို့၏ ကူညီ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အခမ်းအနားသို့ မြို့နယ် ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာ နေပြည်သူများ စုစုပေါင်း ၃၀၀ ခန့်တက်ရောက်ခဲ့ကြောင်းသိရသည်။

**ကျော်ဇေယျ**

## ဒက္ခိဏသီရိမြို့နယ် ဆည်စုကျေးရွာ မီးလင်းပြီ

**နေပြည်တော် အောက်တိုဘာ ၁၂**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ် ကျွန်းတက်ပဲ့ကျေးရွာအုပ်စု ဆည်စုကျေးရွာ အုပ်စုလုံးကျွတ် မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ ရက်က ဆည်စုကျေးရွာ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးစောလှနှင့် ဦးမျိုးညွှန့်၊ လျှပ်စစ်အင်ဂျင်နီယာချုပ် ဦးကိုကိုနိုင်၊ ဒက္ခိဏခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာနှင့် NGO အဖွဲ့အစည်းများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ ဒေသခံပြည်သူ ၂၀၀ ခန့် တက်ရောက်ခဲ့သည်။

ကျွန်းတက်ပဲ့ကျေးရွာအုပ်စုတွင် ညောင်တုန်းကျေးရွာနှင့်ဆည်စုကျေးရွာဟူ၍ ရွာနှစ်ရွာရှိရာ ညောင်တုန်းကျေးရွာတွင် အိမ်ခြေ ၁၄၆ အိမ်နှင့် ဆည်စုကျေးရွာတွင် အိမ်ခြေ ၇၀ လျှပ်စစ်မီးရရှိပြီဖြစ်သောကြောင့် ဒေသခံများအတွက် လူနေမှုအဆင့် မြင့်၍ စိတ်ချမ်းသာမှုရရှိနေကြကြောင်း သိရသည်။

**မင်းမင်းလတ် (ရှုပဗေဒ)**




## လူကုန်ကူးမှုပပျောက်ရေးအတွက် ထိုင်းနိုင်ငံအစိုးရက အပြည့်အဝကူညီပေးမည်ဟု ထိုင်းသံအမတ်ကြီးပြောကြား

**မော်လမြိုင် အောက်တိုဘာ ၁၂**

လူကုန်ကူးခံရသူများ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ အဆောက်အအုံနှင့် အထောက်အကူပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၈ရက် မွန်းလွဲ ၂ နာရီက မော်လမြိုင်မြို့ စမ်းကြီးရပ်ကွက်ရှိ စမ်းကြီးလူငယ်သင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးက အမှာစကားပြောကြားရာတွင် လွန်ခဲ့သောနှစ်နှစ်ခန့်က ဤနေရာသို့ ပထမအကြိမ်ရောက်ရှိခဲ့ရာ အဆောက်အအုံများကောင်းမွန်ခြင်းမရှိသဖြင့် ပြင်ဆင်ပေးပြီး ယာယီစောင့်ရှောက်ရေးဂေဟာ အဆောက်အအုံ၌ လိုအပ်သောအထောက်အကူပစ္စည်းများဖြစ်သော ရေချိုးခန်း၊ အိမ်သာ၊ တီဗွီ၊ အဝတ်လျှော်စက်၊ ပန်ကာများကို ဖြည့်တင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ လုပ်ငန်းအားလုံးအတွက် စုစုပေါင်း ကုန်ကျငွေမှာ ထိုင်းဘတ်ငွေ ငါးသန်းခန့်ရှိကြောင်း၊ မြန်မာနိုင်ငံ၌ လူကုန်ကူးမှုများပပျောက်ရေးအတွက် ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့်ပူးပေါင်းကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မွန်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစိုးပြည်ကို ထိုင်းနိုင်ငံသံအမတ်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။

**တင်ထွဋ်(မော်လမြိုင်)**

# အခြေခံပညာဆရာ ဆရာမများ မွမ်းမံသင်တန်း(ဖောင်ကြီး)ဆင်းပွဲကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၂**

အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၉၄)ဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီက ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက် အမှာစကားပြောကြားသည်။**(ယာပုံ)**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံဖြစ်သည့် ပညာရေးအဆင့်အတန်းနှင့် အရည်အသွေးမြင့်မားရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီလိုဆောင်ရွက်ရာတွင် ရေရှည်အတွက် ဥပဒေတစ်ရပ်ရှိမှသာ ထိရောက်ခိုင်မာစွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းကို ပြည်တွင်း ပြည်ပ ပညာရှင်များပါဝင်သည့် ဘက်စုံ လွှမ်းခြုံသော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေး အစီရင်ခံစာက အကြံပြုတင်ပြချက်အရ ပညာရေးဥပဒေကို ပညာရှင်များက ရေးဆွဲပြီး အများဆန္ဒသဘောထားရယူကာ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်မှ အမျိုးသားပညာရေးဥပဒေကိုလည်းကောင်း၊ ၂၀၁၅ ခုနှစ် ဇွန် ၂၅ ရက်မှာ အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကိုလည်းကောင်း ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကဏ္ဍမှာ ဆရာ ဆရာမ သုံးသိန်းကျော် ခန့်ထားပြီးသော်လည်း နှစ်စဉ်တိုးတက်နေသည့် ကျောင်းသား ဦးရေအပေါ်မှာ ဆရာ ဆရာမ လိုအပ်ချက်မျှတစေရန် ဖြည့်ဆည်းခန့်ထားလျက်ရှိကြောင်း၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် အထက်တန်းပြ ၉၀၁၄ ဦး၊ အလယ်တန်းပြ ၂၃၄၁၇ ဦးကို ဖြည့်ဆည်းပေးခဲ့ပြီး မူလတန်းပြ ၄၄၅၆၂ ဦးလိုအပ်နေသည့်အတွက် ဖြည့်ဆည်းပေးသွားရန် စီစဉ်လျက်ရှိကြောင်း၊ ပညာရေးအသုံးစရိတ်ကို ၂၀၁၁-၂၀၁၂ မှာ ငွေကျပ် ၃၁၀ ဘီလီယံကျော်က နေ ၂၀၁၅-၂၀၁၆ မှာ ငွေကျပ် ၁၄၀၉ ဘီလီယံကျော်အထိ လေးဆကျော် တိုးမြှင့်သုံးစွဲသွားမည်ဖြစ်ကြောင်း၊ အမျိုးသားပညာရည်မြင့်မားရေးနှင့် ပညာရေးအရည်အသွေးအာမခံချက်ရရှိရန်အတွက် ပညာသင်ကြားပေးသူ ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် အရေးပါပြီး ဆရာ ဆရာမများ၏အရည်အချင်းနှင့် အရည်အသွေးပြည့်ဝမှုသည် အထူးအရေးကြီးကြောင်း၊ အသစ်ဖွဲ့စည်းလိုက်သည့် ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အနေဖြင့် အခြေခံပညာဦးစီးဌာနမှ လိုအပ်သော ဆရာ ဆရာမအရေအတွက်ပြည့်မီအောင် မွေးထုတ်နိုင်ရေးအပြင် လုပ်ငန်းခွင်အတွင်းရောက်ရှိ တာဝန်ထမ်းဆောင်နေသည့် ဆရာ ဆရာမများ၏ အရည်အသွေးမြှင့်တင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပညာရေး ဥပဒေအရ အခြေခံပညာကို KG-12 စနစ်ဖြင့် လာမည့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ သူငယ်တန်းကစပြီးပြုပြင်ပြောင်းလဲသွားမည်ဖြစ်ကြောင်း၊ စတင်ဖွင့်လှစ်သင်ကြားပေးနိုင်ရန်အတွက် KG ဆရာလိုအပ်ချက် ၈၀၀၀၀ ခန့်ကို သင်တန်းများ ဖွင့်လှစ်ပို့ချပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အရည်အသွေးပြည့်ဝတဲ့ ဆရာ ဆရာမများဖြစ်အောင် မိမိကိုယ်မိမိ အစဉ်လေ့ကျင့်ပျိုးထောင်ကြိုးစားအားထုတ်ကြရမည်ဖြစ်ကြောင်း စသည်ဖြင့် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ထူးချွန်ဆုရ သင်တန်းသား သင်တန်းသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# အထွေထွေရွေးကောက်ပွဲတွင် ရှာငံမြို့နယ်မှ ဆန္ဒမဲပေးသူ ၅၄၀၀၀ ကျော်ရှိ

**ရှာငံ အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ်မှ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်အထက် ဆန္ဒမဲပေးနိုင်ခွင့်ရှိသူ ယနေ့အထိ ၅၄၁၄၀ ရှိကြောင်း သိရသည်။

ရှာငံမြို့နယ်၌ မြို့ပေါ် သုံးရပ်ကွက်နှင့် ကျေးရွာပေါင်း ၁၂၅ ရွာတွင် မဲဆန္ဒနယ် အမှတ်(၁)နှင့် အမှတ်(၂)နှစ်ခုရှိပြီး မဲရုံပေါင်း ၅၂ ရုံရှိသည်။ နိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီနှင့် ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီဟူ၍ ပါတီငါးခုရှိရာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှာ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိပါ။ ရှာငံမြို့နယ်၌ နိုင်ငံရေးပါတီလေးခုမှ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၄ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ရှာငံ)**

# ပညာရေးငွေပဒေသာပင်လှူဒါန်းပွဲ ကျင်းပ

**နတ်မောက် အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ရွှေပန်းတော အထကမှ အငြိမ်းစား ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများ စုပေါင်း၍ ပညာရေးငွေပဒေသာပင်ပေးအပ်ပွဲကို အောက်တိုဘာ ၅ ရက်က ယင်းကျောင်းခန်းမ၌ ကျင်းပရာ ဆရာကြီး ဦးမိုးမြင့်(ငြိမ်း)က အမှာစကားပြောကြားပြီး ဆရာမ ဒေါ်ဝင်းဝင်း (မိတ္ထီလာပညာရေးကောလိပ်)က အထက ရွှေပန်းတော၌ အခြေခံပညာအထက်တန်းဆင့်ကို ငွေကြေးချို့တဲ့၍ ပညာမသင်ကြားနိုင်သော ကျောင်းသား ကျောင်းသူများအတွက် ယခု ပညာရေးဖောင်ဒေးရှင်းကို စတင်ဖွဲ့စည်းခြင်းဖြစ်ကြောင်း ပြောကြားသည်။

စေတနာရှင်ပြည်သူများအလှူငွေများထည့်ဝင်လှူဒါန်းလိုပါက ဆရာမ ဒေါ်မူမူမြင့် (ငြိမ်း) ဖုန်း-၀၉-၂၅၉၁၈၀၃၀၅၊ ဆရာမ ဒေါ်ဝင်းဝင်း(မိတ္ထီလာပညာရေးကောလိပ်) ဖုန်း-၀၉-၄၀၂၇၅၅၇၈၅ နှင့် ရန်နိုင်အောင် ဖုန်း-၀၉-၄၂၁၁၆၀၄၀၂၂ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**အောင်သန်းထွန်း (နတ်မောက်)**

# သွားကျန်းမာရေးစစ်ဆေး၊ အသိပညာပေးဟောပြောမည်

**ရန်ကုန် အောက်တိုဘာ ၁၂**

မြန်မာဒေါင်းဆင်ဒရုန်းအသင်း(ဖြစ်မြောက်ရေးကော်မတီ)နှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)တို့ပူးပေါင်း၍ အောက်တိုဘာလတွင်ကျရောက်မည့် World Down Syndrome Awareness Month အထိမ်းအမှတ်အဖြစ် သွားကျန်းမာရေးစစ်ဆေး ပေးခြင်းနှင့် သွားကျန်းမာရေး ပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၅ ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် သံတမန်လမ်း အမှတ်(၂)ရှိ မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်း၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ တက်ရောက်လိုသူများအနေဖြင့် ဖုန်း-၀၉-၅၀၄၀၀၉၆ ၊ ၀၉-၅၀၆၃၇၆၆ နှင့် ၀၉-၄၂၀၇၂၃၀၉၉ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **မင်းသစ်**

# မြန်မာကျောင်းသားများ ပညာရေးတွင် ကောင်းမွန်စွာရွေးချယ်နိုင်ရန် ပညာရေးပြပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၂**

မြန်မာကျောင်းသားများ ပညာရေးကဏ္ဍတွင်ကောင်းမွန်စွာရွေးချယ်နိုင်ရန်ရည်ရွယ်၍ နိုင်ငံတကာတက္ကသိုလ်ပေါင်း ၁၀၀ ကျော်၏ ဝင်ခွင့်နှင့် ပညာသင်ဆုများလျှောက်ထားနိုင်မည့် CROWN GLOBAL EDUCATION EXPO 2015 ကို ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပညာရေးပြပွဲများကို ရန်ကုန်မြို့ Summit Parkview Hotel, Ball Room ၌ အောက်တိုဘာ ၂၄ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိလည်းကောင်း၊ မန္တလေးမြို့ Hotel Mandalay, Ball Room ၌ အောက်တိုဘာ ၂၅ရက်တွင် မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ " နှစ်စဉ် နိုင်ငံတကာ ပညာရေးပြပွဲတွေကို CROWN Education အနေနဲ့ ကျင်းပလာခဲ့တာ ၁၀ နှစ်တာ ခရီးလောက်ရှိပါပြီ။ အရေအတွက် အတိအကျမပြောနိုင်တော့ပေမယ့် မြန်မာလူငယ်တွေကို သူတို့နဲ့ အနီးစပ်ဆုံးသင့်တော်စေမယ့် ပညာရေးလမ်းကြောင်းတွေကို အကြံပြုလမ်းညွှန်ပေးခဲ့ပါတယ်။ ပညာသင်ဆုတွေရရှိအောင်လည်း ကူညီပေးခဲ့ပါတယ်။ အဓိကရည်ရွယ်ချက်က ပြည်ပကိုမှ မဟုတ်ဘူး ပြည်တွင်းမှာလည်း တက္ကသိုလ်ပညာရေးလမ်းကြောင်းကို ရွေးတဲ့အခါမှာ လူငယ်တွေအနေနဲ့ ကိုယ့်မှာရှိတဲ့ အရည်အသွေးနဲ့ ကိုက်ညီတဲ့ လမ်းကြောင်းကို မှန်မှန်ကန်ကန်ရွေးချယ်နိုင်စေဖို့ပါ။ ကိုယ်စွမ်းနိုင်တဲ့ ကာယအင်အား၊ ဉာဏအင်အား၊ ငွေအင်အားတွေနဲ့ ဘယ်ပညာရေးလမ်းကြောင်းဟာဖြင့် အသင့်တော်ဆုံးဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ကကူညီလမ်းညွှန် အကြံပြုပေးနိုင်ဖို့ ရည်ရွယ်ပါတယ်" ဟု CROWN Education မှ ပညာရေးအတိုင်ပင်ခံ ဦးအောင်ကျော်ဆန်းက ပြောသည်။

CROWN GLOBAL EDUCATION EXPO 2015 ပွဲတွင် အမေရိကန်၊ ယူကေ၊ ဩစတြေးလျ၊ ကနေဒါ၊ ဂျပန်၊ စင်ကာပူ၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့ရှိ ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်၊ ကောလိပ်များနှင့် နိုင်ငံတကာ ပညာရေးအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ပြသသွားမည်ဖြစ်ပြီး နိုင်ငံတကာ တက္ကသိုလ်ပညာရေးလမ်းညွှန် စာစောင်များအခမဲ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

CROWN Education သည် ပညာရေးအတိုင်ပင်ခံ တစ်ခုအနေဖြင့် ၁၀ နှစ်ကျော်အတွင်း မြန်မာနိုင်ငံအတွင်းရှိ ကျောင်းသား လူငယ်များအတွက် ပြည်တွင်း ပြည်ပ ပညာရေးလမ်းကြောင်းများကို အခမဲ့အကြံပေးဆွေးနွေးပေးလျက်ရှိပြီး လက်ရှိပညာရေးဝန်ဆောင်မှုများအနေဖြင့် သမ္မတပညာသင်ဆု လျှောက်ထားလိုသူများအတွက် အခမဲ့ အကြံပေးတိုင်ပင်ဆွေးနွေးပေးခြင်း၊ နိုင်ငံတကာကျောင်းများမှ ကျောင်းဝင်ခွင့်လက်ခံရရှိရန် လျှောက်ထားပေးခြင်းများကို လုပ်ဆောင်ပေးလျက်ရှိကြောင်းသိရပြီး သမ္မတပညာသင်ဆုရရှိသူများအတွက် အခမဲ့ အများဆုံးလျှောက်ထား ဆောင်ရွက်ပေးထားသော မြန်မာပြည်၏ တစ်ခုတည်းသောဝန်ဆောင်မှု ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ အနာဂတ်အပြောင်းအလဲတွင် အခန်းကဏ္ဍအလိုက် လိုအပ်လာမည့် အတတ်ပညာရပ်များ၊ လူငယ်များအဓိကထားလေ့လာသင်ကြားသင့်သည့် ဘာသာရပ်များအကြောင်းကို နိုင်ငံတကာကျောင်းများမှ ပညာရှင်များကို ဖိတ်ခေါ်ပြီး ရန်ကုန်၊ မန္တလေးမြို့ကြီးများတွင် အခမဲ့ ပညာရေးဆွေးနွေးပွဲများကိုပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**သီဟသူ**

# အမေရိကန် DV ဗီဇာကံစမ်းမဲ ၂၀၁၇ လျှောက်ထားနိုင်

**ရန်ကုန် အောက်တိုဘာ ၁၂**

အမေရိကန်နိုင်ငံမှ နှစ်စဉ် ခေါ်ယူနေကျဖြစ်သော အမေရိကန် ကံစမ်းမဲရွေးချယ်မှု၌ နိုင်ငံတကာကို နှစ်စဉ် လူဦးရေ ငါးသောင်း ရွေးချယ်သည့်အစီအစဉ်အတွက် လျှောက်လွှာများကို ယခုနှစ်အောက်တိုဘာ ၁ရက်မှ နိုဝင်ဘာ ၃ ရက် အတွင်း လျှောက်ထားနိုင်ကြောင်း၊ အောက်တိုဘာ ၈ ရက် ညနေ ၆နာရီက ရန်ကုန်မြို့ YMCA ခန်းမ ၌ ကျင်းပသော အမေရိကန်ပြည်ဝင်ခွင့် DV ဗီဇာ ကံစမ်းမဲသတင်းစာရှင်းလင်းပွဲ၌ အမေရိကန်သံရုံးမှ တာဝန်ရှိသူကပြောကြားသည်။ "နှစ်စဉ် အမေရိကန်နိုင်ငံမှာ DV ဗီဇာကံစမ်းမဲဝင်ခွင့်အတွက် ကမ္ဘာ့နိုင်ငံတော်တော်များများက လူငါးသောင်းကို ပြည်ဝင်ခွင့်ပေးဖို့ သတ်မှတ်ထားတယ်။ ဒီအထဲမှာ မြန်မာနိုင်ငံလည်းပါဝင်တယ်။ ၂၀၁၅ခုနှစ်အတွက် မြန်မာနိုင်ငံက ၄၅၃ဦး ပေါက်ခဲ့တယ်။ ကံစမ်းခွင့်ပေးရတာကတော့ အမေရိကန်ပြည်ထောင်စုမှာ မတူညီတဲ့လူမျိုးတွေရဲ့ မတူညီတဲ့ ယဉ်ကျေးမှုတွေဖလှယ်နိုင်ဖို့အတွက်ဖြစ်ပါတယ်။ ကံစမ်းမှုနဲ့ပတ်သက်ပြီး အရေးအကြီးဆုံးအချက်တွေကတော့ ဒီကံစမ်းမဲအစီအစဉ်ဟာ အခမဲ့အစီအစဉ်ဖြစ်တယ်။ ကံစမ်းမဲပေါက်မပေါက်နဲ့ပတ်သက်ပြီး ဘယ်ကမှ အကြောင်းမကြားဘူး။ အမေရိကန်သံရုံးကနေ အီးမေးလ်မပို့ဘူး။ အွန်လိုင်းကနေ ကိုယ့်ဘာသာလျှောက်ထားတာကိုပဲ ကိုယ်တိုင်စစ်ဆေးရမှာဖြစ်တယ်။ မိမိရဲ့ Form မှာ DV information ကုတ်နံပါတ်ကို သေချာစွာသိမ်းဆည်းမှတ်ထားရမှာဖြစ်ပြီး ၂၀၁၆ ခုနှစ် မေ ၃ ရက်ကစပြီး ကံစမ်းမဲပေါက်မပေါက်ကို ဝင်ရောက်ကြည့် နိုင်မှာဖြစ်ပါတယ်"ဟုပြောသည်။ လျှောက်ထားသူများအနေဖြင့် အွန်လိုင်းလိပ်စာ www.dvlottery.state.gov ၌ လိုအပ်သည့် အချက်အလက်များကို ရယူနိုင်ကြောင်း၊ ပညာအရည်အချင်းသတ်မှတ်ချက်မှာအနိမ့်ဆုံးအဆင့် တက္ကသိုလ်ဝင်ခွင့်အောင်မြင်ရန်လိုအပ်ကြောင်း၊ တစ်ဦးလျှင် တစ်စောင်သာလျှောက်ထားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်အတွေ့အကြုံအနည်းဆုံး နှစ်နှစ်ဆက်တိုက် အလုပ်တစ်ခုလုပ်ကိုင်ဖူးသူ၊ အမေရိကန်ပြည်ထောင်စု၏ အလုပ်သမားဥပဒေနှင့်ကိုက်ညီသော သတ်မှတ်ချက် အရည်အချင်းရှိရန်လိုကြောင်း၊ အသက် ၁၈ နှစ်အထက်မှစတင် လျှောက်ထားနိုင်ကြောင်း၊ ရွေးချယ်ခံရလျှင် မွေး စာရင်းမူရင်း ၊ ဆယ်တန်းအောင်လက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ သန်းခေါင်စာရင်းမူရင်းနှင့် အိမ်ထောင်ရှင်များအနေဖြင့် လက်ထပ်စာချုပ်မူရင်းတို့လိုအပ်ကြောင်းသိရသည်။လျှောက်ထားသူ၏ဓာတ်ပုံမှာ နှစ်လက်မပတ်လည်အရွယ်ဖြစ်ပြီး 600 ×600 pixels တစ်ပုံရှိရန်လိုအပ်သည်။ DVပေါက်မပေါက်ကိုလည်းအထက်ပါ ဝက်ဆိုက်လိပ်စာမှပင်ကြည့်ရှုစစ်ဆေးနိုင်ကြောင်း သိရသည်။

အမေရိကန်သို့ အခြေချနေထိုင်နိုင်သည့် အဆိုပါကံစမ်းမဲအစီအစဉ်ကို ၁၉၆၅ခုနှစ် လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေကိုအခြေခံ၍ ဗီဇာငါးသောင်းအား အမေရိကန်ကွန်ဂရက် လွှတ်တော်က နှစ်စဉ်ချီးမြှင့်ပေးပြီး လျှောက်ထားသူများကို ကွန်ပျူတာထဲတွင် ကျပန်းစနစ်ဖြင့် ရွေးချယ်ခဲ့ကြောင်း သိရသည်။

**မြတ်စန္ဒီ**

# အခမဲ့တိုင်းရင်းဆေးရုံဖွင့်လှစ်ပေး၍ ဒေသခံများဝမ်းသာ




**မြင်းမူ အောက်တိုဘာ ၁၂**

မြင်းမူ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံသည် မြင်းမူမြို့ အောင်ဇေယျရပ်ကွက်တွင်တည်ရှိပြီး တိုင်းရင်းဆေးရုံဖွင့်ပွဲမကျင်းပမီ ဩဂုတ် ၁၀ ရက်ကစတင်ဖွင့်လှစ်ကာ အောက်တိုဘာ ၉ ရက်အထိ ဆေးရုံတက်အတွင်းလူနာ ၄၃ ဦး သက်သာပျောက်ကင်း၍ ဆေးရုံမှဆင်းသွားသည့် လူနာ ၃၅ ဦး နှင့် လက်ရှိကုသနေသော လူနာရှစ်ဦးရှိကြောင်း သိရသည်။ ဝန်ထမ်းအင်အား ၁၄ ဦးဖြင့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

မြင်းမူ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံသည် အလျား ၁၂၄ ပေ၊ အနံ ၇၉ ပေ၊ တစ်ထပ်သံကူ ကွန်ကရစ်အဆောက်အအုံဖြစ်ပြီး ၂၀၁၄-၂၀၁၅ ပြည်ထောင်စု ဘတ်ဂျက်ဖြင့် ငွေကျပ် ၁၁၅၈ သိန်း ကုန်ကျခံ တည်ဆောက်ခဲ့ကြောင်း သိရသည်။

မြင်းမူမြို့၌ တိုင်းရင်းဆေးခန်းယခင် ၂၇-၁၂-၁၉၈၈ခုနှစ်မှစ၍ တိုင်းရင်းဆေးရုံအဆင့်သာ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခြင်းခဲ့ခြင်းဖြစ်ရာ ရောဂါဖြစ်ပွားလာပါက မန္တလေး၊ မုံရွာ တိုင်းရင်း ဆေးရုံကြီးသို့ သွားရောက်ရန်မလိုတော့ဘဲ မြင်းမူ၌ ပင်ကုသနိုင်ပြီဖြစ်သည်။ ဆေးရုံ တက်ရောက်ကုသနေသည့် လူနာကို ချစ်ကိုကိုက "အခု ကျွန်တော်ဖြစ်တာက အကြောတွေရော၊ ဒူးအဆစ်တွေပါဖြစ်တာ၊ အခု လောလောဆယ်တော့ သက်သာပါတယ်"ဟု ပြောကြားသည်။ "ကျွန်မက မြင်းမူမြို့ ဗန္ဓုလရပ်ကွက်က ဒေါ်အေးအေးသန်းပါ။ အသက်(၅၆ နှစ်)ပါ၊ လွန်ခဲ့တဲ့ ကိုးနှစ်ခန့်က လေဖြတ်ထားတာ၊ ဆေးရုံက သောက်ဆေးပေးတယ်၊ အကြောပြင်ပေးတယ်။ ကြပ်ပူတိုက်ပေးတယ်။ အခုသက်သာလာပါတယ်။ ဂရုလည်းစိုက်ပါတယ် "ဟု ပြောပြသည်။

မြင်းမူ တိုင်းရင်းဆေးရုံ၌ လူနာများကို ထိရောက်စွာ ကုသမှုပေးနိုင်ရေးအတွက် အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းရန်လိုအပ်လျက်ရှိရာ စေတနာရှင်များ လာရောက် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၇၉)**

# မီးသတ်သင်တန်းဆင်းပွဲကျင်းပ ထူးချွန်သင်တန်းသားများ ဆုချီးမြှင့်

**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင် ဗဟိုမီးသတ်သင်တန်းကျောင်း အခြေခံ မီးသတ်ပညာသင်တန်း (တပ်သားသစ်) (၆/၁၅) ဆင်းပွဲကို အောက်တိုဘာ ၁၀ ရက်က သင်တန်းကျောင်းစစ်ရေးပြကွင်း၌ ကျင်းပရာ ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းကျော်ကျော် သင်တန်းဆင်း မိန့်ခွန်းပြောကြားပြီး သင်တန်းထူးချွန်ဆုများ ချီးမြှင့်ခဲ့သည်။

သင်တန်းများတွင်စံပြဆု ပထမ နေပြည်တော်မှ တပ်သားရှိန်းကိုကို၊ ဒုတိယဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမှ တပ်သားလှုမြင့်၊ တတိယ မွန်ပြည်နယ် ပေါင်မြို့မှ တပ်သားဇွဲရန်နိုင်နှင့် သေနတ်ပစ်ပထမဆု ကချင်ပြည်နယ် ဆင်ဘိုမြို့နယ်မှ တပ်သားဆန်းဝင်းအောင်၊ ဒုတိယဆု ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်မှ ကျော်စိုးနိုင်၊ တတိယဆု စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်မှ မောင်မောင်နိုင်နှင့် သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တပ်သားသစ် ၄၉၉ ဦးတက်ရောက်ပြီးသင်တန်းမှာ ရက်သတ္တပတ် ၁၂ ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(၀၂၆)**

## ပြောက်အိုး၊ မီးရှူးမီးပန်းများ ရောင်းချခြင်းမရှိစေရေး နှိုးဆော်

**ဟုမ္မလင်း အောက်တိုဘာ ၁၂**

ဟုမ္မလင်းမြို့ပေါ်ရပ်ကွက်များတွင် ပြောက်အိုး၊ မီးရှူးမီးပန်း၊ ရှူးဒိုင်းနှင့်မီးဒုံး(ရှူးဒိုင်း)များ ပစ်ဖောက်ခြင်းများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများထံမှတစ်ဆင့် ရည်ရွယ်ချက်ဖြင့် ရပ်ရွာအေးချမ်းသာယာရေးနှင့်လုံခြုံရေးကို ထိခိုက်လာနိုင်ခြင်းတို့ကြောင့် ပြောက်အိုး၊ မီးရှူးမီးပန်းနှင့် ရှူးဒိုင်း၊ မီးဒုံးများကို လူစည်းကာရာနေရာများ၊ မြို့ပေါ်ရပ်ကွက်နှင့်ဈေးများ၊ လမ်းမကြီးများတွင် ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းမရှိစေရေး သိရှိလိုက်နာကြရန် အောက်တိုဘာ ၈ ရက်က ဟုမ္မလင်းမြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့မရဲစခန်းမှ အသိပေးနှိုးဆော်ထားပြီး တွေ့ရှိပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လိုင်းလင်းမူ(ပြန်/ဆက်)**

# အသည်းရောင်အသားဝါ(ဘီ)ရောဂါကာကွယ်ဆေး အခမဲ့ထိုးပေး

**မိတ္ထီလာ အောက်တိုဘာ ၁၂**

မြန်မာနိုင်ငံ ဆရာဝန်အသင်း အသည်း၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ အထူးကုဆရာဝန်များအဖွဲ့ နယ်လှည့်ဆေးကုသရေးနှင့် ကျန်းမာရေးပညာပေး အစီအစဉ်ဖြင့် အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီက မိတ္ထီလာခရိုင် ပြည်သူ့ဆေးရုံကြီး အရေးပေါ် ပြင်ပလူနာဌာနတွင် ဒေသခံပြည်သူ ၅၀၀ အား အသည်းရောင်အသားဝါ(ဘီ)ရောဂါကာကွယ်ဆေး အခမဲ့ထိုးပေးခဲ့ကြောင်း သိရသည်။

"ဒေသခံပြည်သူတွေကို အခုနောက်ပိုင်း အဖြစ်များလာတဲ့ အသည်းရောင်အသားဝါရောဂါနဲ့ ပတ်သတ်လို့မဖြစ်ပွားအောင် ဆောင်ရန် ရှောင်ရန်တွေ အသိပညာပေးရင်းနဲ့ရောဂါကာကွယ်ဆေးတွေ အခမဲ့ထိုးပေးတာဖြစ်ပါတယ်။ သုံးကြိမ်တိတိ အခမဲ့ထိုးပေးမှာဖြစ်ပါတယ်။ သုံးကြိမ်တိတိထိုးမှ ကာကွယ်ဆေးက အထမြောက်တာပါ"ဟု အသည်းရောင်အသားဝါရောဂါ အခမဲ့ဆေးကုသမှုပေးရာတွင်ပါဝင်သည့် ဒေသခံသမားတော်တစ်ဦးဖြစ်သည့် ဒေါက်တာပိုင်စောက ပြောသည်။

"အသည်းရောင်အသားဝါရောဂါကာကွယ်ဆေးကို အခုလိုအခမဲ့လာရောက်ထိုးပေးတဲ့အတွက် ဝမ်းသာပါတယ်။ အပြင်မှာ အသည်းရောင်အသားဝါ(ဘီ)ရောဂါကာကွယ်ဆေးထိုးဖို့ဆိုတာ ဆေးဖိုးကုန်ကျစရိတ်နဲ့ အထွေထွေကုန်ကျစရိတ်တွေမလွယ်ကူဘူး။ သုံးကြိမ်တိတိ ထိုးရမှာဆိုတော့ သွားရေးလာရေးလည်း ခက်ခဲနိုင်တယ်လေ။ အခုတော့ နောက်တစ်လခြား တစ်ကြိမ်နှစ်ကြိမ်လာရောက်ထိုးနှံဖို့ ဒီကစာရင်းသွင်းထားတဲ့ကတ်ပြားကိုယူလာရုံပဲ။ ပြီးတော့ အခုနောက်ပိုင်းအဖြစ်များတဲ့ အသည်းရောင် အသည်းဝါရောဂါ(ဘီ)အကြောင်း အသိပညာပေးဟောပြောမှာဆိုတော့ ဒေသခံတွေအားလုံးအတွက် ကျန်းမာရေးအသိပညာတွေတိုးပွားတာပေါ့"ဟု အဆိုပါ ရောဂါကာကွယ်ဆေးလာရောက်ထိုးနှံသူ မိတ္ထီလာဒေသခံတစ်ဦးက ပြောသည်။

အသည်းရောင်အသားဝါ (ဘီ) ရောဂါကာကွယ် အခမဲ့ထိုးပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းများအတွက် UNITED PHARMA က အဓိကကူညီပံ့ပိုးပြီး ရန်ကုန်မြို့မှ မြန်မာနိုင်ငံဆရာဝန်အသင်းဝင် အသည်းအထူးကုဆရာဝန်များအဖွဲ့၊ မိတ္ထီလာခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမြတ်ခိုင်နှင့် တာဝန်ရှိသူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ပြီး အသည်းရောင်အသားဝါရောဂါအကြောင်းသိကောင်းစရာဟောပြောပွဲတွင် ပါမောက္ခဦးဝင်းနိုင် (အသည်းအထူးကုဆရာဝန်ကြီး)က ပြင်ပလူနာဌာန ပရိဝုဏ်အတွင်းရှိ ရှင်းလင်းဆောင်တွင် အသိပညာပေးဟောပြောခဲ့ကြောင်းသိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# ရွေးကောက်ပွဲလုံခြုံရေးအသိပညာပေးဆွေးနွေး

## ရန်ကုန်

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်၏ ၂၀၁၅ အထွေထွေရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာပထမပတ်က အထက(၁)ကြည့်မြင်တိုင် မြဝတ်ရည်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကြည့်မြင်တိုင်မြို့နယ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်က အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးက ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိန်သန်းက ရွေးကောက်ပွဲဆိုင်ရာဥပဒေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## မန္တလေး

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၁ ရက်က အထက(၈)၏ ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်သိန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်ဝင်းတို့က အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းတွင် မဲရုံမှူးနှင့် မဲရုံတာဝန်များ၊ လုပ်ပိုင်ခွင့်များ စသည်တို့ကို ပို့ချသွားကြောင်းသိရသည်။ **စိုးဝင်းဗိုလ်(အရာတော်)**

## သန်လျင်

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာဒုတိယပတ်က သန်လျင်မြို့ အမှုထမ်းရပ်ကွက် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမိုးမြင့်က မြို့နယ်အဆင့် အထွေထွေရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ ကော်မတီဖွဲ့စည်းထားရှိမှုအခြေအနေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဦးက သန်လျင်မြို့နယ်အတွင်းထားရှိမည့် မဲရုံ ၂၃၃ ရုံတွင် လုံခြုံရေးဆိုင်ရာ ဆောင်ရွက်မည့်ကိစ္စရပ်များ၊ အထူးရဲလုံခြုံရေး ဆောင်ရွက်ထားရှိမှုတို့ကို အသေးစိတ်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် သန်လျင်မြို့နယ် အထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးချစ်ညွန့်က ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သက်ခိုင်(ပြန်/ဆက်)**

## နမ့်ခမ်း

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၉ ရက်က နမ့်ခမ်းမြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ နမ့်ခမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဇော်မင်းက တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်အေးက ရွေးကောက်ပွဲကာလ မဲရုံများလုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးထွန်းလင်းကျော်က ရွေးကောက်ပွဲနှင့်ပတ်သက်သည့် ဥပဒေဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ဉာဏ်မင်း(နမ့်ခမ်း)**

## မိုးမောက်

၂၀၁၅ အထွေထွေရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၉ ရက်က ကချင်ပြည်နယ် မိုးမောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်ငယ်က ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းမှုအခြေအနေ၊ အထူးရဲအရည်အချင်းကန့်သတ်ချက်များနှင့် လေ့ကျင့်မှုလုပ်ငန်းတာဝန်များအား ရှင်းလင်းပြောကြားခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

## ရပ်စောက်

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများလွယ်ကူစွာမဲပေးနိုင်ရန်နှင့် အဆင်ပြေချောမွေ့စေရန်ရည်ရွယ်၍ မဲရုံမှူးနှင့် ဒုမဲရုံမှူးများကို လုပ်ငန်းစဉ်ဆောင်ရွက်ပုံ သင်တန်းဖွင့်လှစ်ပို့ချခြင်းကို ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့ ရဿဝတီခန်းမ၌ အောက်တိုဘာ ၁၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါက်တာထွန်းအေးက အမှာစကားပြောကြားပြီး တောင်ကြီးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ဦးက ပို့ချမှုအစီအစဉ်များကို ရှင်းလင်းသည်။ ဆက်လက်ပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရွေးကောက်ပွဲအရာရှိက မဲရုံစီမံခန့်ခွဲမှု၊ အသုံးပြုမည့်ပစ္စည်း၊ မဲရုံအခင်းအကျင်း၊ လုံခြုံရေးတာဝန်များကိုလည်းကောင်း၊ ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌက မဲရုံမှူး မဲရုံတာဝန်လမ်းညွှန်ကိုလည်းကောင်း ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြဝတီမြို့၌ ကျေးလက်နေပြည်သူများ၏အိမ်ခြံမြေကွက်များ အထောက်အထားခိုင်မာစွာ နေထိုင်နိုင်ရေး မြေငှားဂရန်များချထားပေး

**မြဝတီ အောက်တိုဘာ ၁၂**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျေးလက်နေပြည်သူများ ပိုင်ဆိုင်နေထိုင်သည့် အိမ်ခြံမြေကွက်များကို ပိုင်ဆိုင်မှု အထောက်အထားကင်းမဲ့စွာ နေထိုင်ရခြင်းအစား ခိုင်မာသည့်တရားဝင်အထောက်အထား၊ မြေငှားဂရန်ရရှိခြင်းအားဖြင့် ကျေးရွာနေပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုများ ပိုမိုရရှိလာစေရန် ရည်ရွယ်ပြီး ကျေးလက်နေပြည်သူများ နေထိုင်ပိုင်ဆိုင်သည့် အိမ်ခြံမြေကွက်များကို ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့ မဲကနယ်ကျေးရွာအုပ်စု မဲကနယ်လမ်းကျေးရွာ မြေငှားဂရန်ပေးအပ်ပွဲကို အောက်တိုဘာ ၁၀ ရက်က အဆိုပါကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြဝတီခရိုင် မြေငှားဂရန်ချထားပေးရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက မြေငှားဂရန်ထုတ်ပေးမှုနှင့်ပတ်သက်၍ မြေငှားဂရန်ထုတ်ပေးရန် ကျေးရွာများ ရွေးချယ်ရာတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး မြေပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းသည့်ရွာများကို ရွေးချယ်ရပါကြောင်း၊ ယခုကဲ့သို့ မြေငှားဂရန်များ ချထားပေးသည့်အတွက် ပြည်သူများ အစဉ်အဆက်နေထိုင်လာသော အိုးအိမ်မြေနေရာများကို ပိုင်ဆိုင်မှု အထောက်အထားအဖြစ် ခိုင်ခိုင်မာမာရရှိပြီး လုံခြုံစိတ်ချစွာ နေထိုင်နိုင်တော့မည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်လယ်မြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးခွန်ထွန်းသက်အောင်က ကျေးရွာမြေငှားဂရန်ထုတ်ပေးရာတွင် လမ်းနယ်နိမိတ်နှင့် မလွတ် ကင်းသည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် တာဝန်ရှိသူများက အိမ်ခြံမြေပိုင်ရှင် ၁၅၀ ကို မြေငှားဂရန်များ ပေးအပ်ခဲ့သည်။

"အခုလို ကျေးရွာအရောက် လာရောက်ဆောင်ရွက်ပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်၊ ဝမ်းလည်းဝမ်းသာပါတယ်၊ ကျွန်မတို့ဘာသာလုပ်မယ်ဆို ဘယ်သွားလို့ ဘယ်လာရမှန်းမသိဘူး"ဟု မဲကနယ်လမ်းကျေးရွာမှ ဒေါ်ထွေးရင်က ပြောသည်။ "အရင်တုန်းကလည်း မြေဂရန်လုပ်ဖို့ ကြိုးစားခဲ့ပေမယ့် မသိတာနဲ့ ကုန်ကျစရိတ်တွေရှိတာနဲ့ မလုပ်ဖြစ်ခဲ့ပါဘူး။ အခုလို ရွာအရောက်လာလုပ်ပေးတော့ နောင်ရေးစိတ်အေးရပါတယ်"ဟု မဲကနယ်လမ်းကျေးရွာမှ ဦးဇော်ဇော်လင်းက ပြောသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**



# ပြည်နယ်တရားလွှတ်တော်တရားသူကြီး အချုပ်ခန်းများစစ်ဆေး

**မော်လမြိုင် အောက်တိုဘာ ၁၂**

ရေးမြို့ မြို့မရဲတပ်ဖွဲ့အချုပ်စခန်းကို မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီးဦးညီညီစိုးသည် မွန်ပြည်နယ်တရားရေးဦးစီးမှူး ဦးဌေးဝင်းနှင့် မော်လမြိုင်ခရိုင် တရားသူကြီး ဦးကြင်သောင်းတို့သည် အောက်တိုဘာ ၈ ရက်က သွားရောက်စစ်ဆေးခဲ့ကြသည်။

ရေးမြို့မရဲစခန်း၊ စခန်းမှူးဒုတိယရဲမှူးမင်းဆွေက အချုပ်သားများအခြေအနေ၊ နေထိုင်စားသောက်မှု၊ အမျိုးသမီးအချုပ်ခန်းများလုံခြုံမှု၊ သောက်သုံးရေရရှိမှု၊ အချုပ်ခန်းလုံခြုံမှုအစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မွန်ပြည်နယ် တရားလွှတ်တော်တရားသူကြီးနှင့်အဖွဲ့သည် အမျိုးသားအချုပ်ခန်း၊ အမျိုးသမီးအချုပ်ခန်းများ လုံခြုံမှု၊ သောက်သုံးရေရရှိမှု၊ သန့်စင်ခန်းများ အခြေအနေတို့ကို စစ်ဆေးကြည့်ရှု၍ အချုပ်သား တရားခံများနှင့်တွေ့ဆုံပြီး နေရာထိုင်ခင်း၊ အစားအသောက်နှင့် ကျန်းမာရေးအခြေအနေ၊ အမျိုးသမီးတရားခံများထားရှိမှု အခြေအနေနှင့် အချုပ်သားများအား နှိပ်စက်ညှဉ်းပန်းခြင်းရှိ/မရှိတို့ကို မေးမြန်းတင်ပြစေပြီး အချုပ်တရားခံများ၏တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(၁၀၇)**

# သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း နေ့စဉ်မောင်းနှင်သွားလာလျက်ရှိသော မော်တော်ယာဉ်များအနက် စည်းကမ်းမဲ့မောင်းနှင်သွားလာလျက်ရှိသော မော်တော်ယာဉ်များအား အရေးယူပေးပါရန် စည်းကမ်းလိုက်နာမှုရှိသည့်ပြည်သူများမှ အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး Online Complaint Center(OCC)သို့ ဓာတ်ပုံမှတ်တမ်းများပေးပို့ တိုင်တန်းလျက်ရှိပါသည်။

၃၀-၉-၂၀၁၅ ရက်နေ့အထိ စာရင်းအရ ကိုယ်ပိုင်ယာဉ် ၆၃၀ စီး၊ တက္ကစီယာဉ် ၃၀၇ စီး၊ အငှားကုန်တင်ယာဉ် ၁၅၃ စီး၊ ခရီးသည်တင်ယာဉ် ၁၆၉ စီး၊ စုစုပေါင်း ၁၂၅၉ စီးအား အရေးယူထားရှိပြီးဖြစ်ရာ ယာဉ်ပိုင်ရှင်၊ ယာဉ်လိုင်းများသိရှိစေရန်အတွက် အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးမှ ဆင့်ခေါ်စာများ အပတ်စဉ်ပေးပို့လျက်ရှိပြီး နေ့စဉ်/အပတ်စဉ်ထုတ်သတင်းစာ/ဂျာနယ်များတွင်လည်း တိုင်ကြားခံရသည့်ယာဉ်အား ယာဉ်အမှတ်၊ ယာဉ်အမျိုးအစား၊ ကျူးလွန်ပုံများဖော်ပြ အသိပေးသွားမည်ဖြစ်ပါသည်။

တိုင်ကြားခံရသည့် မော်တော်ယာဉ်များအား တည်ဆဲဥပဒေအရ တရားရုံးသို့ တရားစွဲတင်ပို့လျက်ရှိပြီး တရားရုံးမှချမှတ်သည့် ပြစ်ဒဏ်ကျခံရမည်ဖြစ်ရာ အငှားယာဉ်မောင်းထားရှိသည့် ယာဉ်ပိုင်ရှင်များအနေဖြင့် နစ်နာမှုမရှိစေရေးအတွက် မိမိတို့၏ယာဉ်မောင်းများအား ကြပ်မတ်ထိန်းသိမ်းပေးရန်လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ယာဉ်စည်းကမ်းလမ်းစည်းကမ်း ချိုးဖောက်လျက်ရှိသည့် မော်တော်ယာဉ်များအား ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ ပြည်သူများမှစောင့်ကြည့်အရေးယူလျက်ရှိပါသဖြင့် သတ်မှတ်စည်းကမ်းများနှင့်အညီ မောင်းနှင်သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# လမ်းသွယ် ၁၀ လမ်းအား ယာဉ်များ တစ်လမ်းမောင်းအဖြစ်သတ်မှတ်

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်မြို့တွင် ယာဉ်ကြောကျပ်တည်းမှု ဖြေလျော့စေရေးနှင့် ယာဉ်သွားလာမှု လွယ်ကူအဆင်ပြေစေရေးတို့အတွက် ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၊ မြို့နယ်စည်ပင်သာယာ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့တို့၏ ပူးပေါင်းညှိနှိုင်းတင်ပြမှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး (အရှေ့)ရပ်ကွက်၊ ကန်တော်ကလေး (အနောက်) ရပ်ကွက်အတွင်းရှိ တောင်နှင့်မြောက်လမ်းသွယ် ၁၀ လမ်းကို အောက်တိုဘာ ၁၀ ရက်မှစတင်က ယာဉ်များဝင်ထွက်သွားလာမှု (တစ်လမ်းမောင်း)အဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည်။

အောက်တိုဘာ ၁၀ ရက်မှစတင်က မြို့နယ်စည်ပင်သာယာမှ ပြုလုပ်ပေးထားသော မဝင်ရအမှတ်သင်္ကေတနှင့်ဝင်ရန် အမှတ်အသားရေးဆွဲထားသော လမ်းညွှန်တားမြစ် အမှတ်အသားမြေစိုက်တိုင်များကို သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ လမ်းသာယာရေးကော်မတီများက ဝိုင်းဝန်းပူးပေါင်းစိုက်ထူကြသည်။ အဝင်လမ်း၊ မဝင်ရလမ်းသတ်မှတ်ရေးဆွဲထားသည့် မြေပုံကားချပ်များကိုလည်း ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများ၌ ချိတ်ဆွဲပြသ အသိပေးထားပြီး ကန်တော်ကလေး(အရှေ့) ရပ်ကွက်ရှိ ၉၄ လမ်း၊ ၉၃ လမ်း၊ ၉၂ လမ်း၊ ၉၁ လမ်းနှင့် မန္တလေးလမ်း၊ မြောင်းကြီးအရှေ့ဘက်နှင့် ကန်တော်ကလေး (အနောက်)ရပ်ကွက်ရှိ လမ်း ၉၀၊ ၈၉ လမ်း၊ ၈၈ လမ်း၊ ၈၇ လမ်းနှင့် မန္တလေးလမ်း (မြောင်းကြီးအနောက်ဘက်) စုစုပေါင်း ၁၀ လမ်းတို့ဖြစ်ကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**




# အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်

**ခန္တီး အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း လက်သမား၊ ပန်းရန် အမှတ်စဉ် (၁/၂၀၁၅) သင်တန်းဖွင့်ပွဲကို စိန်နန်းကျေးရွာ အမကကျောင်း၌ အောက်တိုဘာ ၈ ရက်က ကျင်းပသည်။

အဆိုပါသင်တန်းကို ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများ၌ သင်တန်းသား ၃၀ တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းနည်းပြဆရာများက အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းနှင့် လက်သမား၊ ပန်းရန်ဆရာ ဦးဝင်းထွန်း (လက်တွေ့)တို့က ပို့ချသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ချန်လော(ခန္တီး)**

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ယာဉ်တိုက်မှုရာခိုင်နှုန်းလျော့နည်းကျဆင်းပြီး ထိခိုက်ဒဏ်ရာရသေဆုံးမှုများလာ

**စစ်ကိုင်း အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယာဉ်စီးရေအရ ယာဉ်တိုက်မှုရာခိုင်နှုန်း လျော့နည်းကျဆင်းသော်လည်း ထိခိုက်ဒဏ်ရာရသေဆုံးမှုများပြားကြောင်း တွေ့ရသည့်အတွက် ယာဉ်တိုက်မှုအန္တရာယ်ကျဆင်းရေး အပြည်ပြည်ဆိုင်ရာယာဉ်စည်းကမ်းထိန်းသိမ်းရေးစနစ် (S'E'System) နှင့်အညီ အကောင်းဆုံးပြုပြင် ထိန်းသိမ်းလိုက်နာဆောင်ရွက်ကြရန်လိုအပ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အမှတ် ၁၄ ယာဉ်ထိန်းရဲ ဒုတိယရဲတပ်ဖွဲ့ခွဲမှူး ရဲမှူးခင်ဇော်မြင့်က ပြောကြားသည်။

"ယာဉ်တိုက်မှုအန္တရာယ်တွေ လျော့နည်းကျဆင်းသွားစေဖို့အတွက် ယာဉ်တိုက်မှုဖြစ်ပွားတဲ့ အချိန်နေရာနဲ့ အုပ်စုတွေလေ့လာသုံးသပ်ပြီး ထိထိရောက်ရောက်ပညာပေးဟောပြောဖို့နဲ့ အရေးယူဆောင်ရွက်ဖို့လိုပါတယ်။ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးဟောပြောမှုအနေနဲ့ ၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ ၁၇၃၅ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး ဇန်နဝါရီလမှ စက်တင်ဘာလအထိ စည်းကမ်းပျက်မော်တော်ယာဉ် ၄၀၉၅စီး၊ ဆိုင်ကယ် ၂၈၅၈၄ စီး၊ ထော်လာဂျီ ၁၂၇၀ စီးနဲ့ သုံးဘီးယာဉ် ၂၂၁၄စီး စုစုပေါင်း ၃၆၁၆၄ စီး အရေးယူခဲ့ပြီး ပညာပေးဟောပြောမှု ၁၇၃၅ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယာဉ်တိုက်မှုများ နေ့စဉ်နှင့်အမျှဖြစ်ပွားလျက်ရှိရာ ၂၀၁၂ ခုနှစ်တွင် ယာဉ်တိုက်မှု၁၁၃၂မှုဖြစ်ပွားခဲ့ပြီး ဒဏ်ရာရသူ ၁၈၃၄ ဦး၊ သေဆုံးသူ ၃၄၄ဦး၊ ၂၀၁၃ ခုနှစ်တွင် ယာဉ်တိုက်မှု ၁၄၀၉မှု ဖြစ်ပွားခဲ့ရာဒဏ်ရာရရှိသူ ၂၁၇၆ ဦး၊ သေဆုံးသူ ၃၈၄ ဦး၊၂၀၁၄ ခုနှစ်တွင် ယာဉ်တိုက်မှု ၁၅၇၅မှု ဖြစ်ပွားခဲ့ရာ ဒဏ်ရာရသူ ၂၇၄၃ဦး သေဆုံးသူ ၄၀၅ ဦးနှင့် ၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ ယာဉ်တိုက်မှု ၁၀၂၀ ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ ၁၇၇၀၊ သေဆုံးသူ ၃၀၆ ဦး ရှိခဲ့ကြောင်း အမှတ် ၁၄ ယာဉ်ထိန်းရဲဒုတိယရဲတပ်ဖွဲ့ခွဲမှူးရုံးမှ သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ယာဉ်အစီးရေ တစ်ရက်ထက်တစ်ရက် တိုးလာတာနဲ့အမျှ ယာဉ်တိုက်မှုဖြစ်ရင် ဖြစ်ပွားတဲ့အချိန်နေရာနဲ့ အသက်အုပ်စုခွဲ ဆောင်ရွက်ဖို့လိုပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ၂၀၁၅ ခုနှစ်အတွင်း တစ်ရက်ယာဉ်တိုက်မှုသုံးမှုခန့် ပျမ်းမျှဖြစ်နေတာတွေ့ရသလို သေဆုံးမှုဟာ တစ်ရက်ကိုတစ်ဦးခန့်ရှိနေတာကို တွေ့နေရပါတယ်"ဟု ရဲမှူးခင်ဇော်မြင့်က ပြောပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မြေငှားဂရန်များပေးအပ်

**မန်စီ အောက်တိုဘာ ၁၂**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် နမ့်မဖွဲကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ အောက်တိုဘာလပထမပတ်က ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲအခမ်းအနားကျင်းပရာ ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး ခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်က အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာမြေငှားဂရန်ထုတ်ပေးရေးအဖွဲ့ဝင်များက ကျေးရွာဒေသခံများထံ မြေငှားဂရန် ၁၂၄ ခုကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
## ကျောက်မျက်ရတနာသတ်မှတ်/ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်လုပ်ကွက်များအတွက် အဆိုပြုလွှာများတင်သွင်းရန်
## ကြေညာချက် (၁၀/၂၀၁၅)
**နေပြည်တော်၊ ၁၃၇၇ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ရက်**
**(၂၀၁၅ခုနှစ် အောက်တိုဘာလ ၈ရက်)**

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၆ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅)တို့နှင့် အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသောကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်) နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement) ကို ပူးတွဲတင်ပြ လျှောက်ထားရမည် ဖြစ်ပါသည်။

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်းအဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာထုတ်ယူခြင်း။ ၂၀၁၅ခုနှစ် အောက်တိုဘာ ၁၄ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေး ငွေများပေးသွင်း၍ မှတ်ပုံတင်ပြီးအဆိုပြုလွှာထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) အဆိုပြုလွှာများတင်သွင်းခြင်း။ အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့် ပူးတွဲ ပုံစံ(သမ-၁)တို့တွင် လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ (ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင်ချိပ်ထိုးပြီး ၂၀၁၅ခုနှစ် အောက်တိုဘာ ၁၄ရက်မှ နိုဝင်ဘာ ၁၃ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (Deposit) ကျပ်တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်းရပါမည်။

၅။ အဆိုပြုလျှောက်ထားသော ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ကြမ်းခင်းဈေးမှာ လုပ်ကွက်တစ်ကွက်လျှင် ကျပ် ၁၀၀၀၀၀၀/-(ကျပ်တစ်ဆယ်သိန်းတိတိ) ဖြစ်ပါသည်။

၆။ အမည်မည်း (Black List) စာရင်းတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု(မပြု)ပါ။

၇။ ကြေညာခေါ်ယူမည့်လုပ်ကွက်များစာရင်းနှင့် မြေပုံများအားလုံးကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်တွင်လည်းကောင်း၊ သက်ဆိုင်ရာရတနာ နယ်မြေများအလိုက် ကြေညာခေါ်ယူမည့်လုပ်ကွက်များစာရင်းနှင့် မြေပုံများကို မိုးကုတ်မြို့၊ မိုင်းရှူးမြို့များတွင်ရှိသည့် ကျောက်မျက်တူးဖော်ရေး ဌာနများနှင့် ဖားကန့်မြို့၊ မိုးညှင်းမြို့၊ ခန္တီးမြို့များတွင်ရှိသည့် ကျောက်စိမ်းတူးဖော်ရေးစခန်းများတွင်လည်းကောင်း ကြေညာသင်ပုန်းများတွင် ကြော်ငြာထားပါသဖြင့် အသေးစိတ်သိရှိလိုသူများသည် ၎င်းဌာနများသို့ သွားရောက်ဆက်သွယ်ကြည့်ရှုနိုင်ပါသည်။

**ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး**
**စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

---

**ဦးမြစိုး (၁၂/ဥကမ(နိုင်)၀၆၀၅၇၀)-ဒေါ်နွယ်နီလှိုင်မင်း**
**(၁၀/သထန(နိုင်)၀၉၆၇၃၈)(လင်းလက်ဇာနည်ဆောက်လုပ်ရေး)တို့နှင့်**
## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ ရတနာ(စီမံ-၂)လမ်း၊အမှတ်(၁၈၈)၊ မြေကွက်အမှတ်(၁၈၈)၊ မြေတိုင်းအမှတ်(၁၄/၂)၊ ဧရိယာ (ပေ၃၀×ပေ၆၀)အကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်ပေါ်တွင် နှစ်ဦး သဘောတူ ကန်ထရိုက်တိုက်ခန်း ဆောက်လုပ်ရန်အတွက် လင်းလက်ဇာနည်ဆောက်လုပ်ရေးမှ ကန်ထရိုက်တာ ဦးမြစိုး၊ ဒေါ်နွယ်နီလှိုင်မင်းတို့နှင့် မြေရှင်ဖြစ်သူ ဒေါ်ခင်တင့်တို့သည် ၂၂-၁၂-၂၀၁၃ ရက်စွဲပါ ကန်ထရိုက်စနစ်ဖြင့် အဆောက်အအုံအား ဆောက်လုပ်ခြင်းကတိစာချုပ်တစ်ရပ်ကို သဘောတူပြုလုပ်ချုပ်ဆိုခဲ့ကြသော်လည်း ကန်ထရိုက်များဖြစ်ကြသည့် ဦးမြစိုးနှင့်ဒေါ်နွယ်နီလှိုင်မင်းတို့ဘက်မှ ကတိစာချုပ်ပါ နှစ်ဦးသဘောတူညီမှုထားသည့် စည်းကမ်းချက်များအရ ဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် ချုပ်ဆိုခဲ့သည့်ကတိစာချုပ်အရ တစ်နှစ်အတွင်း တိုက်ခန်းပြီးမြောက်အောင်ဆောက်လုပ်၍ မြေရှင်လက်ဝယ်သို့ ရပိုင်ခွင့်ရှိသည့် တိုက်ခန်းများပေးအပ်ရန် သတ်မှတ်ထားရှိမှုနှင့်ပတ်သက်၍ ယနေ့အချိန်အထိသတ်မှတ်ကာလအား ကျော်လွန်ခဲ့သော်လည်း ကန်ထရိုက်များအနေဖြင့် တိုက်ခန်းဆောက်လုပ်မှုနှင့်ပတ်သက်ပြီး သက်ဆိုင်ရာဌာနများတွင် ဆောက်လုပ်ခွင့်ရရှိရေးပြုလုပ်ခဲ့ခြင်းမရှိသည့်အပြင် တိုက်ခန်းဆောက်လုပ်မှုလုံးဝစတင် ပြုလုပ်ဆောင်ရွက်ခြင်းမရှိ၊ မြေရှင်နှင့် ကန်ထရိုက်ကတိစာချုပ်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ လင်းလက်ဇာနည်ဆောက်လုပ်ရေးမှ ဦးမြစိုး၊ ဒေါ်နွယ်နီလှိုင်မင်းနှင့် မြေရှင်ဒေါ်ခင်တင့်တို့ ပြုလုပ်ချုပ်ဆိုခဲ့သည့်ကတိစာချုပ်အရ ကန်ထရိုက်တာဘက်မှ ပျက်ကွက်ခြင်းများဖြစ်သည့်အတွက် စာချုပ်ပါစည်းကမ်းများအရ မြေရှင် ဒေါ်ခင်တင့်မှ လင်းလက်ဇာနည်ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပြုလုပ်ခဲ့သော ကတိစာချုပ်သည် ပျက်ပြယ်ပြီး ကတိစာချုပ်တစ်ရပ်ဖြစ်ပါကြောင်း လင်းလက်ဇာနည်ဆောက်လုပ်ရေးမှ ဦးမြစိုး၊ ဒေါ်နွယ်နီလှိုင်မင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်တင့်**
**၁၂/တတန(နိုင်)၀၆၃၃၀၇**

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေ(Kyats) ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်း/ပစ္စည်းအမျိုးအမည် | တင်ဒါပုံစံရောင်းမည့်ရက် | တင်ဒါပိတ်ရက်၊အချိန် |
|---|---|---|---|---|
| (က) | 3-3(T)/MESC/2015-2016 | 66/33kv နှင့် 33/11kv Transformer (8)Nos | ၁၂-၁၀-၂၀၁၅ | ၂၃-၁၀-၂၀၁၅ ၁၃း၀၀ နာရီ |
| (ခ) | 3-4(T)/MESC/2015-2016 | Cable & Accessories(1)Lot | ၁၂-၁၀-၂၀၁၅ | ၃၀-၁၀-၂၀၁၅ ၁၃း၀၀ နာရီ |
| (ဂ) | 3-5(T)/MESC/2015-2016 | Switch Gear & Sub-Station Equipment (1)Lot | ၁၂-၁၀-၂၀၁၅ | ၃၀-၁၀-၂၀၁၅ ၁၃း၀၀ နာရီ |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
၇၇ လမ်း၊ ၂၆-၂၇ ကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့
ဖုန်း-၀၂-၇၃၈၀၁

---

### အမည်မှန်
ကျောက်တံခါးမြို့နယ်၊ ကန်ကလေးကျေးရွာအုပ်စု၊ ကန်ကလေးကျေးရွာနေ (ဘ)ဦးမန်ဟာရီ(မိ)ဒေါ်ရွှေဒါရ်၏သမီး မရှိဆီ(ခ)မရီကီ၏ အမည်မှန်မှာ မငွေစီ ၇/ကတခ(နိုင်)၁၃၂၆၈၄ ဖြစ်ပါသည်။
**မငွေစီ**

---

### ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်
ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ် အထက ရေနီ တက္ကသိုလ်ဝင်တန်း(B)မှ မနှင်းပွင့်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်မြင့် ၉/လဝန(နိုင်)၀၁၆၇၀၄ဖြစ်ပြီး မွေးသက္ကရာဇ်မှာ ၁၀-၄-၁၉၉၉ ဖြစ်ပါသည်။ **ဦးခင်မောင်မြင့်**

---

### တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်
တပ်ကုန်းမြို့နယ်၊ ရေအေးအုပ်စု၊ ရေအေးကျေးရွာတပ်ကုန်း အထက(၂)၊ တက္ကသိုလ်ဝင်တန်း($S_2$)မှ မခင်မိုးဦးနှင့် မညွန့်ဝင်းခိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း၊ ၎င်း၏ဖခင်အမည်မှန်မှာ ဦးကိုဥ ၉/တကန(နိုင်)၀၂၄၄၄၁ ဖြစ်ပါကြောင်း။
**ဦးကိုဥ**

---

### သတ္တုတွင်းဝန်ကြီးဌာန
### သတ္တုတွင်းဦးစီးဌာန
### (စက်သုံးဆီသိုလှောင်ခွင့်လိုင်စင်များ သက်တမ်းတိုးရန်နှိုးဆော်ခြင်း)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ ထုတ်ပေးထားသော ရေနံထွက်ပစ္စည်းသိုလှောင်ခွင့်လိုင်စင်များသည် ၂၀၁၅ခုနှစ် ဒီဇင်ဘာ၃၁ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ရာ ရေနံနည်းဥပဒေ(၁၁၉)အရ သက်တမ်းကုန်ဆုံးသော နေ့ရက်မတိုင်မီ နှစ်လကြိုတင်၍ နောင်လာမည့်နှစ်အတွက် သက်တမ်းတိုးမြှင့်လျှောက်ထားရန် လိုအပ်ပါသည်။

၂။ ရေနံထွက်ပစ္စည်းသိုလှောင်ခွင့်လိုင်စင်များသက်တမ်းတိုးမြှင့်မှုကို ၁-၁၁-၂၀၁၅ရက်မှ ၃၁-၁၂-၂၀၁၅ ရက်အတွင်း လျှောက်ထားကြရန်နှင့် ပျက်ကွက်သည့် သိုလှောင်ခွင့်လိုင်စင်များအတွက် ရက်လွန်ဒဏ်ကြေးအဖြစ် ၁-၁-၂၀၁၆ ရက်မှ စတင်ကာ တစ်ရက်လျှင် သိုလှောင်ခွင့် လိုင်စင်ကြေး၏ ၂ ရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်ပါသည်။

၃။ သက်တမ်းတိုးရန်လျှောက်ထားသည့်အခါ အောက်ပါစာရွက်စာတမ်းများ တစ်ပါတည်း ယူဆောင်လာရန် နှိုးဆော်အပ်ပါသည်-

(က) သတ်မှတ်ပုံစံဖြင့်လျှောက်လွှာ၊
(ခ) ဤဦးစီးဌာနမှ ထုတ်ပေးထားသောမူရင်းလိုင်စင်။
(ဂ) သိုလှောင်ကန်/သိုလှောင်ရုံများ၏လက်ရှိမှတ်တမ်းဓာတ်ပုံများ
(ဃ) ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊

**စစ်ဆေးရေးဌာနခွဲ**
**သတ္တုတွင်းဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန**
**ရုံးအမှတ်(၁၉)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၉၃၇၆**

---

## မြေကွက်များ ဝယ်လိုပါသည်
ဒဂုံအရှေ့၊ ဒဂုံတောင်၊ ဒဂုံဆိပ်ကမ်း မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။
**ဖုန်း-၀၉-၂၆၀၆၆၄၄၈၀၊ ၀၉-၂၆၀၆၆၄၄၉၀**

---

### ကား (၁)စီး-
### Toyota Prado, Year: 1996 to 1999,
## ဝယ်ယူလိုပါသည်
လိုအပ်သည့် အချက်အလက်များကို အမှတ်(၅-၅၉)၊ အေးရတနာလမ်း၊ သီရိဂုဏ်အိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း စုံစမ်းနိုင်ပါသည်။
**ဖုန်း+၉၅(၁)၈၅၅၁၂၆၄၊+၉၅(၁)၈၅၅၀၈၂၀၊ +၉၅(၁)၁၂၂၁၃၀၈တွင် ရုံးချိန် အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။**

---

## ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)
**ယုဇနကုမ္ပဏီ၏နယ်ရုံးခွဲအသီးသီးတွင် တာဝန်ထမ်းဆောင်ရန်**
**အောက်ပါဝန်ထမ်းများအလိုရှိသည်**

| | | | |
|---|---|---|---|
| ၁။ | အင်ဂျင်နီယာ | (B.E) (Civil) | ကျား (၅) ဦး |
| ၂။ | အင်ဂျင်နီယာ | (B.E/B.Tech/A.G.T.I) (Civil) | ကျား (၁၀) ဦး |
| ၃။ | အင်ဂျင်နီယာ | (B.E/B.Tech/A.G.T.I) (Mechanical) | ကျား (၁၀) ဦး |
| ၄။ | အင်ဂျင်နီယာ | (B.E/B.Tech/A.G.T.I) (EC) | ကျား (၁၀) ဦး |
| ၅။ | အင်ဂျင်နီယာ | (B.E/B.Tech/A.G.T.I) (EP) | ကျား (၁၀) ဦး |

လျှောက်ထားလိုသူများသည် ခြောက်လအတွင်း ရိုက်ထားသော ဓာတ်ပုံတစ်ပုံ၊ ဘွဲ့လက် မှတ်မူရင်း/ မိတ္တူ၊ မှတ်ပုံတင်မူရင်း/မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်၊ ရဲစခန်းထောက်ခံစာ၊ သန်းခေါင်စာရင်းမိတ္တူ/အလုပ်သမားမှတ်ပုံတင်များနှင့်အတူ ယုဇနကုမ္ပဏီအမှတ်(၁၃၀)၊ ယုဇနစင်တာတတိယထပ်၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်သို့ ကြော်ငြာပါသည့်ရက်မှ နှစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

---

**ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင်ပါရှိရန်အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ချိန်းဆိုသောနေ့ရက်အကြောင်း**
## အကြောင်းကြားစာ
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)**
**ပြင်ဦးလွင်ခရိုင်တရားရုံးတော်**
**၂၀၁၅ ခုနှစ် ဇာရီမှုအမှတ် ၁၀**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၉၆**

ဦးတင့်နိုင်ဦး နှင့် ဦးမောင်ဦး
**ဒီကရီရရှိသူ** **တရားရှုံး**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုးတောင်ရွာ၊ အမှတ်၁၂၁နေ ဦးမောင်ဦး(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

အထက်အမည်ပါအမှုတွင် တရားရှုံးပိုင်ခြံမြေကို ပထမအကြိမ် လေလံကြမ်းခင်းဈေး ကျပ်သိန်း ၄၅၀ ဖြင့် ရောင်းချပါမည့်အကြောင်း ဒီကရီရသူ တရားနိုင်ဘက်မှ လျှောက်ထားသောကြောင့် သင်သိစေရန် အကြောင်းကြားလိုက်သည်မှာ ရောင်းချမည့်အကြောင်းကြော်ငြာစာပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂၃ ရက် မွန်းမတည့်မီ ၁၀ နာရီတွင် ချိန်းဆိုပြီးဖြစ်သည်။

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဌေးလွင်)**
**ဒုတိယခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈၊ လူနေရပ်ကွက်အမှတ် ၆/၁၄၊ မြေကွက်အမှတ် ၁၇၅၊ ဧရိယာ ၀ ဒသမ ၀၅၅၈ဧက၊ အကျယ်ပေ(၄၀×၆၀)၊ မြေအမျိုးအစား နှစ်၆၀ ဂရန်မြေပေါ်ရှိ အမှတ် ၁၇၅၊ ရွှေလီလမ်း၊ မော်လမြိုင်ပန်းခြံ၊ (၆/၁၄)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ရှင် ဦးကျော်ဝင်းဆွေ PPN-၀၀၉၄၁၂ [၁၂/ရပသ(နိုင်)၀၂၃၅၃၁]ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင် ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကောင်းမြတ်ဇော် အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅)**
**အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၃၄ယ/၉၆၉၄၂ Hi Bo Bo 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ကျော် ၉/မရမ(နိုင်)၀၁၁၉၆၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၃၄ယ/၃၂၀၅၅ YAMAHA 150 FZ.5 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းနိုင် ၉/မဟမ(နိုင်) ၀၂၀၄၀၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း
ကျွန်မ ဒေါ်အေးသီတာအောင်ဗစ်တိုးရီးယား ၁၂/မဂတ(နိုင်)၀၈၅၀၄၉ ပိုင်ဆိုင်သည့် ပြင်ဦးလွင်မြို့၊ သီရိပဒေသာယာဉ်ရပ်နားစခန်း၊ နှစ်ထပ်ပွဲရုံ လူနေတိုက်ခန်း အမှတ်(A-5)၊ အခန်း(ခ)၏ အာမခံစာအုပ်သည် ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် ပိုင်ရှင်အမည်ပေါက် ပိုင်ဆိုင်ခွင့်စာအုပ်အသစ်ပြန်လည်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက မည်သူမဆို အထောက်အထားအပြည့်အစုံဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**ဒေါ်အေးသီတာအောင်ဗစ်တိုးရီးယား**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း
သန်လျင်မြို့၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သီရိမင်္ဂလာ ၁ လမ်း၊ အမှတ် ခ/၅၀၄၊ ဦးမျိုးသန့် L/RGN-၀၂၆၄၇၇ အမည်ပေါက် ဂရန်မြေအမျိုးအစား ဧရိယာ ၀ ဒသမ ၀၅၄နှင့် ယင်းနှင့်စပ်ဆက်လျက်ရှိသော ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်ရပ်ရပ်တို့ကို လက်ရှိထား ပိုင်ဆိုင်လျက်ရှိသူ ဦးကျော်ခိုင် ၉/ရမသ(နိုင်)၀၃၆၈၆၅ထံမှ ကျွန်ုပ်က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ် စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ကြော်ငြာပါသည့်ရက်မှစပြီး ငါးရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။
**ဦးဇော်မောင်မောင်သန့် ၁၂/လမန(နိုင်)၁၃၁၇၇၈**
**ဖုန်း-၀၉-၅၀၅၃၉၂၄၊ ၀၉-၉၇၉၈၇၄၀၃၈**

## ဒေါ်မြမြ

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ ခရေ ၄လမ်း၊ တိုက် ၂၃၊ အခန်း ၂၀၂နေ (ဦးကျောက်ရှန်း-ဒေါ်အရှောင်)တို့၏သမီး၊ (ဦးလုံ)၏ဇနီး၊ ဦးထွန်းဝင်း(ခ)ဦးထွန်းအောင်-ဒေါ်ထွေးထွေး၊ ဒေါက်တာအောင်သိန်းငွေ(ရန်ကုန်ပြည်သူ့ဆေးရုံ၊ အရိုးအထူးကုဆရာဝန်ကြီး)-(ဒေါက်တာဒေါ်ခင်လှဝင်း)၊ ဒေါ်ခင်သက်ဝေ-ဦးလှမြင့်၊ ဒေါ်ညွန့်ညွန့်စိန်၊ ဒေါ်ဝါဝါ-ဦးမောင်ယုတို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၁၁-၁၀-၂၀၁၅ရက် နံနက် ၅း၀၇နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးဖူကျန့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ညွန့်ညွန့် (ပုသိမ်)

**မော်ကွန်းရပ်ရှင်(ငြိမ်း)**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်း၊ အမှတ် ၇၄နေ(ဦးမောင်ကြီး-ဒေါ်သန်း)တို့၏သမီး၊(ဦးတင်ထွဋ်၊ ယောနင်း)၏ဇနီး၊ ဒေါ်နီနီထွဋ်-ဦးချစ်ထွေး၊ (ဒေါ်သီတာတင်ထွဋ်)-ဦးဆန်းဝင်း၊ ဒေါ်ဝါဝါတင်ထွဋ်၊ ဒေါ်နီလာတင်ထွဋ်-ဦးမြင့်အောင်၊ ဦးရဲတင်ထွဋ်(ခ)ဦးရဲထွန်း (ဥက္ကဋ္ဌ၊ သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းဆင်းများအသင်း)-ဒေါ်မို့မို့အေးကျော်(MD-Ko MYANMAR CO.,Ltd.)တို့၏ချစ်လှစွာသောမိခင်ကြီး၊(ဒေါ်အုံးတင့်)၊ဒေါ်မြင့်မြင့်-(ဦးထွန်း)၊ ဦးခင်စိုး-ဒေါ်နီနီလွင်တို့၏အစ်မ/ညီမ၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၁-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ညွန့်ညွန့် (ပုသိမ်)

**မော်ကွန်းရပ်ရှင်(ငြိမ်း)**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်း၊ အမှတ် ၇၄နေ(ဦးမောင်ကြီး-ဒေါ်သန်း)တို့၏သမီး၊ (ဦးတင်ထွဋ်၊ ယောနင်း)၏ဇနီး၊ ကိုချမ်းသာဦး-မအေးအေးအိ၊ ကိုငြိမ်းဟံသာ၊ ကိုအောင်ဆန်းဝင်း၊ မောင်ဇော်ရဲထွဋ်၊ မမေသူသူခိုင်၊ မခိုင်ဇင်ရဲထွန်း(ခေတ္တ-USA, T.T.C)၊ မောင်ဝေယံရဲထွန်း(Grade-10, A၊ အထက-၃၊ ကမာရွတ်)၊ မဝတီရဲထွန်း(Grade-7, G, T.T.C)တို့၏ဘွားဘွားကြီး၊ မောင်အောင်မြတ်ဖုန်း(ခ)ဒွဲဘူ(အထက-၅၊ဗိုလ်တထောင်)တို့၏အဘွားသည် ၁၁-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ညွန့်ညွန့် (ပုသိမ်)

**မော်ကွန်းရပ်ရှင်(ငြိမ်း)**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်း၊ အမှတ် ၇၄နေ(ဦးမောင်ကြီး-ဒေါ်သန်း)တို့၏သမီး၊ (ဦးတင်ထွဋ်၊ ယောနင်း)၏ဇနီး၊ ကမာရွတ်မြို့နယ်၊ အောင်မင်းခေါင်ရိပ်သာ၊သံလွင်လမ်း၊အမှတ် ၁၆နေ ဦးရဲထွန်း(ဥက္ကဋ္ဌ၊ သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းဆင်းများအသင်း)-ဒေါ်မို့မို့အေးကျော်(MD-Ko MYANMAR CO., Ltd.)တို့၏ချစ်လှစွာသောမိခင်ကြီး၊ မခိုင်ဇင်ရဲထွန်း(ခေတ္တ-USA, T.T.C)၊ မောင်ဝေယံရဲထွန်း(Grade-10, A၊ အထက-၃၊ ကမာရွတ်)၊မဝတီရဲထွန်း(Grade-7, G, T.T.C)တို့၏ဘွားဘွားသည် ၁၁-၁၀-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၁၀-၂၀၁၅ရက်(အင်္ဂါနေ့)ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးထင်နိုင်

**(လက်ထောက်ကထိကဟောင်း၊ ဗဟိုနိုင်ငံရေးတက္ကသိုလ်)**

**အသက်(၇၈)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နေ(ဦးအောင်ညွန့်-ဒေါ်လွန်း)တို့၏သား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နေ (ဦးဘခင်-ဒေါ်ရင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သုရဿတီလမ်း၊(၈)ရပ်ကွက်၊ အမှတ် ၈၇နေ ဒေါ်စန်းစန်း၏ခင်ပွန်း၊ ဦးစိုးနိုင်-ဒေါ်လဲ့လဲ့နိုင်၊ ဦးဇော်ဝင်းနိုင်-ဒေါ်ခင်မျိုးသိမ်း၊ ဦးဇော်မင်းနိုင်-ဒေါ်သန္တာခိုင်၊ ဦးညီညီအောင်-ဒေါ်လွင်လွင်နိုင်၊ ဗိုလ်မှူးဇော်ထွန်းနိုင်(ငြိမ်း)-ဒေါ်ခင်သီတာအေး၊ ဗိုလ်ကြီးဇော်လင်းနိုင်-ဒေါ်စောစန္ဒာခင်တို့၏ ချစ်လှစွာသောဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၁၁-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၉း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၁၀-၂၀၁၅ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် မိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်နန်းအိမ်

**အသက်(၇၂)နှစ်**

လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ မြေစာရင်း၊ မြေတိုင်းနှင့်ပုံနှိပ်ဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာဝင်းထွဋ်-ဒေါ်ကြည်ကြည်စိန်တို့၏မိခင် ဒေါ်နန်းအိမ် အသက်(၇၂)နှစ်သည် ၁၀-၁၀-၂၀၁၅ရက် ညနေ ၃း၄၀နာရီတွင် ရန်ကုန်မြို့ အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်း၊ အမှုထမ်းများ**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**

ဝမ်းနည်းကြေကွဲခြင်း

## ဦးတင်မောင်ဆွေ

**အသက်(၆၀)**

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ညိုညိုဦး၏ဖခင် ဦးတင်မောင်ဆွေ အသက်(၆၀)သည် ၉-၁၀-၂၀၁၅ရက် (သောကြာနေ့) ည ၁၀နာရီတွင် ကချင်ပြည်နယ်၊ ဟိုပင်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကျင်စိန်(သနပ်ပင်) အသက်(၁၀၃)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ သုနန္ဒာ ၄လမ်း၊ အမှတ် ၅၅နေ (ဦးစံခင်မား-ဒေါ်ကြင်မြိုင်)တို့၏သမီး၊ (ဦးရွှေရီ-ဒေါ်ကျင်မြိုင်)တို့၏ချွေးမ၊ (ဦးစိုးမောင်)၏ဇနီး၊ AUNG KYUN THAR CO., LTD လုပ်ငန်းစု၏မိခင်ကြီး၊ ဦးစုလင်း-ဒေါ်ကျင်စိုး၊ ဦးမြင့်စိန်-ဒေါ်နုနု၊ ဒေါ်အေး၊ ဦးစိုးကြင်-ဒေါ်ခင်မမ၊ ဒေါ်ကြည်ကြည်အေး၊ ဦးအောင်သင်း-ဒေါ်စန်းစန်းအေး၊ ဒေါက်တာမျိုးသန့်-ဒေါက်တာထွေးထွေးစန်းတို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၂ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၁-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၄၇နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၁၅-၁၀-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် သဃ်္ဃန်းကျွန်းနေအိမ်မှ ရေဝေးဖူကျန့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၀-၂၀၁၅ရက် (စနေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကျင်စိန် (သနပ်ပင်)

**အသက်(၁၀၃)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ သုနန္ဒာ ၄လမ်း၊ အမှတ် ၅၅နေ(ဦးစံခင်မား-ဒေါ်ကြင်မြိုင်)တို့၏သမီး၊ (ဦးရွှေရီ-ဒေါ်ကျင်မြိုင်)တို့၏ချွေးမ၊ (ဦးစိုးမောင်)၏ဇနီး၊ အောင်ကျွန်းသာကုမ္ပဏီလုပ်ငန်းစု)၏မိခင်ကြီး၊ ဒေါက်တာအေးအေးစု၊ ကိုစိုးလင်းအောင်၊ ကိုမျိုးလင်းအောင်၊ ကိုကောင်းထိုက်၊ ကိုပြည့်စုံ-ဒေါက်တာဝင်းမာသီ၊ဒေါက်တာတင်အေးခိုင်-Dr. Valentine၊ ဒေါက်တာဟိန်းလင်း-ဒေါက်တာနှင်းနွယ်နွယ်အောင်၊ မရည်မွန်အေး-ကိုအောင်သူရ၊ မထက်ထက်ခိုင်-ကိုမင်းမင်း၊ ဒေါက်တာမီမီပြုံး၊ ဒေါက်တာဝေဖြိုးသန့်၊ မောင်ဟိန်းထက်တို့၏အဘွား၊ ဖွဲထက်သူရ၊ ဇွန်ဖူးပွင့်ခိုင်၊ Kai Kai တို့၏ဘွားဘွားကြီးသည် ၁၁-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၄၇နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် သဃ်္ဃန်းကျွန်းနေအိမ်မှ ရေဝေးဖူကျန့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၀-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်နှင်းမြ (ခရိုက်သစ်ကျေးရွာ၊ ချောင်းဆုံမြို့)

**အလယ်တန်းပြဆရာမ(ငြိမ်း)**

**အသက်(၇၈)နှစ်**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ခရိုက်သစ်ကျေးရွာနေ (ဦးတု-ဒေါ်ငြိမ်းရင်)တို့၏သမီးသည် ၁၁-၁၀-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၁၁း၄၅နာရီတွင် ခရိုက်သစ်ကျေးရွာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ဘုရားကြီးကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးထင်အောင်ဝင်း

**(ပုဂံ/ချောက်)**

**စာရင်းစစ်မှူး(ငြိမ်း)**

**အသက်(၇၄)နှစ်**

ချောက်မြို့၊ ရွှေသူဌေးရပ်နေ [ဦးအေး(မြေစာရင်း)-ဒေါ်စိန်အေး]တို့၏သား၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊အောင်ရိပ်သာ ၄လမ်း၊အမှတ် ၁၂နေ (ဒေါ်သန်းသန်း)၏ ခင်ပွန်း၊ ဦးထိန်ဝင်း-(ဒေါ်နွယ်နွယ်ဦး)၊ ဦးမျိုးမြင့်-ဒေါ်ချိုချို၊ ဦးဝင်းထွဋ်-ဒေါ်သင်းသင်းမြင့်၊ ဦးကျော်ထင်-ဒေါ်ခင်ဝေတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၁-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၀-၂၀၁၅ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## မနှင်းအိဝေ (ထားဝယ်-ရဲ)

**အသက်(၃၀)**

(ဦးသန်းမြိုင် - ဒေါ်ကျင်အေး)၊ (ဦးကျင်မောင် - ဒေါ်သန်းသန်း)တို့၏မြေး၊ မရမ်းကုန်းမြို့နယ်၊ ဝိဇ္ဇာလမ်း၊ (၉)မိုင်၊ အမှတ် ၂၅နေ ဦးကိုဝေ-ဒေါ်တင်တင်မွေးတို့၏သမီး၊ မောင်သော်ဇင်ဝေ (CME Engineer Ooredoo Co.,Ltd.)၊ မောင်ဆက်ပိုင်ဝေ(Canoe Co.,Ltd)တို့၏အစ်မ၊ ဦးမြင့်ဝင်း-ဒေါ်ဖြူဖြူအေး (ကထိက၊ မြန်မာစာဌာန၊ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်)၊ ဒေါ်မာမာဝင်း(အလယ်တန်းပြ၊ အမက-၁၂၊ အင်းစိန်)၊ ဒေါ်စန္ဒာဝင်း(YESC မရမ်းကုန်းမြို့နယ်)တို့၏တူမသည် ၁၁-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့) ည ၁၀း၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၀-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးတင်လှိုင် (ဒေးဒရဲ)

**ကန်တော်ကလေး**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး(တောင်)ရပ်ကွက်၊ ၉၃လမ်း၊ အမှတ် ၅၃၊ ငါးလွှာနေ ဒေါ်ခင်စန်း၏ချစ်လှစွာသောခင်ပွန်း၊ (ဦးခင်မောင်လွင်)-ဒေါ်နီလာမြင့်(AGM မြန်မာ့ရေနံဆောင်ဘဏ်၊ သိမ်ဖြူရုံးချုပ်)၊ ဦးတင်မောင်လတ်-ဒေါ်သန်းသန်းအေး(MEHL ရုံးချုပ်)၊ (ဦးတင်မောင်အေး)တို့၏ ချစ်လှစွာသောဖခင်၊ မအိခိုင်လတ်(Final Part-1, ဆေး-၂)၊ မောင်အောင်ခန့်ကျော်(Grade-10, အထက-၂၊ ကမာရွတ်)တို့၏အဘိုးသည် ၁၁-၁၀-၂၀၁၅ရက်(တနင်္ဂနွေနေ့) ည ၁၁း၅၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၃-၁၀-၂၀၁၅ရက် (အင်္ဂါနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးရဲထွန်း(ခ)ဦးမြင့်အောင်

**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အေးသိဒ္ဓိ(၁)လမ်း၊ အမှတ် ၈၈၉နေ (ဦးဟန်ထွန်း-ဒေါ်စိန်စိန်)တို့၏သား၊ (ကြီးကြီးဒေါ်ခင်ရွှေ)၏တူ၊ ဖော့ကန်ရပ်ကွက်၊ သီတာလမ်း၊ အမှတ် ၄/၂နေ (ဦးစိန်လွင်)-ဒေါ်သိန်းတင်တို့၏သားသမက်၊ ဒေါ်သင်းသင်းရီ၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးမြင့်ဦး(ငြိမ်း)၊ ဦးမြင့်သိန်း၊ ဦးလှသန်း(ခရိုင်အုပ်ချုပ်ရေးမှူး၊ ငြိမ်း)-ဒေါ်သန်းသန်းလွင်(ခရိုင်တရားသူကြီး၊ထားဝယ်ခရိုင်တရားရုံး)တို့၏ညီ/မောင်၊ ဒေါက်တာဟန်စိန်(မေ့ဆေးအထူးကုဆရာဝန်ကြီး၊ ပြည်သူ့ဆေးရုံအင်းစိန်) - ဒေါ်နန်းနွယ်ခမ်း၊ ဦးစိန်လင်း (Komatsu Manufalturing Myanmar) - ဒေါ်ဌေးဌေးထွန်းတို့၏အစ်ကို၊ ဦးညီညီအောင်-ဒေါ်မြတ်သန္တာထွန်း၊ကိုအောင်ဇော်မျိုး၊ မမေသဥ္ဇာထွန်း (Teambuild Construction Singapore)တို့၏ဖခင်၊ တူ/တူမကိုးယောက်၊ ကျော့ရှင်းစန္ဒီတို့၏အဘိုးသည် ၁၀-၁၀-၂၀၁၅ရက် (စနေနေ့) ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၁၀-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ပိုက်

**အသက်(၉၀)**

ဦးဖိုးဆိတ်-ဒေါ်မယ်သန့်တို့၏သမီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စာဂလမ်း၊ အမှတ် ၆၁၀နေ ဒေါ်အမာကြည်(စာပေစိစစ်၊ ငြိမ်း)၊ ဒေါ်အမာညို(ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဇရာဝတီတိုင်း စာရင်းရုံး)၊ [ဦးအောင်မြင့်(ခ) Richard] - ဒေါ်မိမိပြုံး(Australia)၊ ဦးအောင်ထွန်းဦး(ခ)ဝွန်လူလေး - ဒေါ်မိမိချို(Australia)၊ ဦးထွန်းလင်းဦးတို့၏ မိခင်ကြီး၊ Australia နေ မချိုဇင်သော်၊ နွေး၊ မောင်ကြည်စင်သန့်တို့၏ဘွားဘွားကြီးသည် ၁၁-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့)ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၅ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၇- ၁၀-၂၀၁၅ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး

## ဒေါ်မြစိန်(ခ)ဒေါ်ဦးညွန့်စိန်

**အသက်(၈၄)နှစ်**

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၂၀)ရပ်ကွက်၊စွယ်တော်လမ်း၊ အမှတ် ၆၀/ကနေ [ဦးစံသိမ်း (စာရေးဆရာ သီဟဆွေ၊ သဒ္ဒမ္မဇောတိကဓဇ)]၏ဇနီး၊ ဦးအောင်မြတ်သိမ်း-(ဒေါ်စန်းရီ)၊ (ဦးအောင်ပြည်သိမ်း) - ဒေါ်အေးခင်၊ ဒေါ်ချယ်ရီသိမ်း (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်)တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်ငါးယောက်တို့၏အဖီးသည် ၁၂-၁၀-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၉နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမျိုးခင် (ကစလ)

**ကြည့်မြင်တိုင်**

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊အမှတ် ၁၆၀၉(က)နေ (ဦးအောင်စိန်-ဒေါ်အေးမှျင်)တို့၏သား၊ ဦးမျိုးမြင့်မောင်၏ညီ၊ ဒေါ်ခင်သန်း၏မောင်၊ (ဦးကျော်မြ)၊ (ဒေါ်စန်းငွေ)၊ ဦးအောင်မြင့်စိန်၊ ဒေါ်ခင်မြင့်သောင်းတို့၏အစ်ကို၊ ဦးမြင့်ကြည်-ဒေါ်သူဇာ၊ဦးမျိုးနိုင်ဦး၊ မောင်နေလင်းဦး၊ မသက်အိခင်တို့၏ချစ်လှစွာသောဖခင်၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုး၊ ဒေါ်မြင့်အေး၏ခင်ပွန်းသည် ၁၂-၁၀-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၆း၃၀နာရီတွင်ကွယ်လွန်သွားပါ၍ ၁၄-၁၀-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ကျီစုသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးစန်းဝင်း (ရန်ကင်း)

**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၁)တိုးချဲ့ရပ်ကွက်၊ ဦးဝိစာရလမ်း၊တော်ဝင်အိမ်ရာ၊တိုက် ၈၊ အခန်း ၂၆နေ (ဦးလှမြင့်-ဒေါ်ကြင်မြိုင်)တို့၏သား၊ (ဦးသန်းမောင်-ဒေါ်အုန်းကြည်)တို့၏သားသမက်၊ ဒေါ်ညိုညိုမောင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးဌေးဦး၏ညီ၊ ဦးဘိုကြီး - ဒေါ်စုစုဝင်းတို့၏အစ်ကို၊ မောင်နေလင်းအောင် - မဇွန်မာပွင့်၊ မောင်အောင်မြင့်ထွန်းတို့၏ ချစ်လှစွာသောဖခင်သည် ၁၂-၁၀-၂၀၁၅ရက် (တနင်္လာနေ့)မွန်းလွဲ ၁၂း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၁၀-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများနံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

သဲအင်းဂူဆရာတော်

## ဦးမုနိန္ဒ (ကျိုက်ဝိုင်း)

**သက်တော်(၇၃)နှစ်၊ သိက္ခာတော်(၅၃)ဝါ**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ မင်းဓမ္မလမ်း၊ သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ ရန်ကုန်တစ်မြို့လုံးဆိုင်ရာ သဲအင်းဂူ သာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ၊ ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက မူလသဲအင်းဂူ ဆရာတော်ကြီး၏ အန္တေဝါသိက တပည့်ရင်း ဘဒ္ဒန္တမုနိန္ဒ(ကျိုက်ဝိုင်းဆရာတော်)သည် (၁၃၇၇ခုနှစ် တော်သလင်းလပြည့်ကျော် ၁၀ရက်) ၈-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၃း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ရက်) ၁၄-၁၀-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီတွင် အန္တိမအဂ္ဂိဈာပနသဘင် ဆက်ယင်ကျင်းပ၍ ဒည့်ပရိသတ်များအား ကျွေးမွေးဧည့်ခံပြီး မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သဲအင်းဂူကမ္မဋ္ဌာန်းကျောင်း မင်းဓမ္မလမ်းသို့ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ရန်ကုန်တစ်မြို့လုံးဆိုင်ရာ
သဲအင်းဂူသာသနာပြုအဖွဲ့
မိုးကောင်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

## ဦးထွန်းအောင် အသက်(၉၃)နှစ်

**B.A, B.L, D.M.A, D.E.P**

**ပို့ဆောင်ရေးချုပ်(ငြိမ်း)၊ မြန်မာ့မီးရထား**

(ဦးဘိုးသိုက်-ဒေါ်ဖွားခင်)တို့၏သား၊ (ဒေါ်အီ)၏ခင်ပွန်း၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အင်းလျားမြိုင်လမ်း၊ အမှတ်(၄၇-က)နေ ဦးစောအောင်ကြီး (MRTV-4 ဘာသာပြန်ဌာန)-ဒေါ်ခင်ခင်ပြုံး(ခ)ဆရာမ (Rose V.C.F)၊ ဦးခင်ဇော်-ဒေါ်အေးအေးနိုင်တို့၏ဖခင်၊ ကိုခင်ဇော်(M.K Group) - မမြပွင့်ဇွန် (Child's Place Group International Preschool)၊ မမေဇင်သော်(2nd Year T.U သန်လျင်)၊ မခင်ဆုမွန်အောင်(ခ) Charity (Grade-VIII, Y.A.S)၊ မောင်ထက်ဝေယံဇော်တို့၏ဘိုးဘိုးသည် ၁၁-၁၀-၂၀၁၅ရက်(တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၅ရက်(အင်္ဂါနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၀-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

## ဦးလှတင် (ဟင်္သာတ)

**အသက်(၈၈)နှစ်**

ဦးကျော်ဝင်း(ဦးစီးအရာရှိ၊ ငွေစာရင်း) တည်ဆောက်ရေး(၅)ဆည်မြောင်းဦးစီးဌာန၏ဖခင် ဦးလှတင် အသက်(၈၈)နှစ်သည် ၇-၁၀-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၅နာရီတွင် ဟင်္သာတမြို့၊ ပန်းဘဲတန်းရပ်ကွက်၊ ပန်းပေါင်း ၂လမ်း၊ အမှတ် ၇၄၄နေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူး(ငွေစာရင်း)**
**နှင့်ငွေစာရင်းဝန်ထမ်းများ**
**ဆည်မြောင်းဦးစီးဌာန**

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစိုးတင့် အသက်(၇၇)နှစ်

**အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းနှင့်**
**စာရင်းအင်းဦးစီးဌာန၊ သစ်တော ရေးရာဝန်ကြီးဌာန**
**ပါမောက္ခချုပ်ဟောင်း၊ သစ်တောတက္ကသိုလ်၊ ရေဆင်း-နေပြည်တော်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်း၊ ဘုရင့်နောင်ရိပ်သာ ၄လမ်း၊ အမှတ် ၁၀၄နေ (ဒေါ်တင်တင်နွဲ့)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မီမီစိုး(အလယ်တန်းပြ၊ TTC ကမာရွတ်)၊ဦးဉာဏ်စိုး(Norstar Shipmanagement)-ဒေါ်နှင်းဝတ်ရည်၊ သားသမက် ဦးဖေချစ်(ဒု-ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးရုံးချုပ်၊ နေပြည်တော်၊ ၉၁ခုနှစ်၊ သစ်တောဘွဲ့ရ)-ဒေါ်သီသီစိုး၊ ဦးဟန်စိုး(Miraco Shipping)-ဒေါ်တင်မိုးဝေတို့၏ဖခင်၊ ကျွန်တော်တို့၏ ဆရာသခင် ကျေးဇူးရှင်သည် ၁၀-၁၀-၂၀၁၅ရက်(စနေနေ့) မွန်းလွဲပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်တကွ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။ **၁၉၉၁ခုနှစ်၊ သစ်တောဘွဲ့ရကျောင်းသားများ**

ဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်

**အသက်(၇၁)နှစ်**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ ဦးပြည့်ဖြိုးဝေ၏ဖခင် ဦးကျော် အသက်(၇၁)နှစ်သည် ၉-၁၀-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ဝန်ထမ်းမိသားစု**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

မြန်မာနိုင်ငံစာရင်းကိုင်များအသင်း
(ဥက္ကဋ္ဌ)

## ဦးထွန်းအောင်ကျော်

**(ခတ္တိယ)**

**(B.A, R.A, C.P.A, F.B.S.A)**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၄၅၊ ခြောက်လွှာ/ကနေ (ဦးသာဒွေး-ဒေါ်အေးရှင်)တို့၏ သား၊ (ဦးပု-ဒေါ်သိန်း)တို့၏ သားသမက်၊ ဒေါ်ခင်စော (ခ) ဒေါ်ညို၏ ခင်ပွန်း၊ မဥမ္မာအောင်၊ မောင်ရဲနောင်-မသန်းသန်းနိုင်တို့၏ဖခင်၊ မောင်ရဲမင်းသူ၏ အဘိုးသည် ၁၁-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ဦးသိန်းဝင်း

**အသက်(၆၂)နှစ်**

ရေကျော်၊ အိမ်ကြီးလမ်း၊ အမှတ် ၂၅၊ မြေညီ(ယာ)နေ (ဦးသိန်းမောင်-ဒေါ်ကျင်လှ)တို့၏သား၊ ဦးမြင့်သိန်း၏ညီ၊ ဒေါ်ခင်စန်းမြင့်၊ ဒေါ်မြင့်မြင့်အေး [ပုဇွန်တောင်ဈေး (A)ရုံ]တို့၏ အစ်ကိုသည် ၁၁-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၆း၂၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၂-၁၀-၂၀၁၅ရက် (တနင်္လာနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၁၀-၂၀၁၅ရက် (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လှေစီးရွှေ့ပြောင်းသွားလာသူ ၁၀၃ ဦးအား ဆင့်မအကြိမ်မြောက် လွှဲပြောင်းပေးအပ်



ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လှေစီးရွှေ့ပြောင်းသွားလာသူ ၁၀၃ ဦး နေရပ်သို့ ပြန်လည်ထွက်ခွာစဉ်။ (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၁၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လှေစီးရွှေ့ပြောင်းသွားလာသူ ၁၀၃ ဦးအား နှစ်နိုင်ငံအလံတင်အစည်းအဝေးပြုလုပ်၍ လွှဲပြောင်း/လက်ခံခြင်းကို ယနေ့ နံနက် ၁၁ နာရီက ရခိုင်ပြည်နယ် မောင်တောမြို့နယ် တောင်ပြို(လက်ဝဲ)မြို့အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ အမှတ်(၁၇)နယ်ခြားစောင့်တပ်(BGB)(ကော့ဘဇား)မှ ခေတ္တတပ်ရင်းမှူး ဗိုလ်မှူးအဆင့်ရှိ အမိရာန်အူလ္လာဆာရ်ကာရ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ၁၉ ဦး၊ လေ့လာသူ ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်၊ ကော့ဘဇားနယ်မြေမှူး ဗိုလ်မှူးကြီး အဆင့်ရှိ MM အာနီဆူရာမာန်နှင့် အထူးကိုယ်စားလှယ်အဖြစ် ဒုက္ခသည်များ ကယ်ဆယ်ရေးနှင့် ပြန်လည်ပို့ဆောင်ရေးကော်မရှင်နာမင်းကြီး (Refugees Relief and Repatriation Commissioner-RRRC)မှ မစ္စတာ မိုဟာမတ် ဂူလာဖ်ဖာရုတ် စုစုပေါင်း ၂၁ ဦး တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံဘက်မှ မောင်တောခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင် ဦးစီး ၁၈ ဦး၊ လေ့လာသူများအဖြစ် နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီး မျိုးဆွေ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ယာယီတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးကျော်တေဇ စုစုပေါင်း ၂၀ တက်ရောက်ခဲ့ကြသည်။

စာမျက်နှာ ၅ ကော်လံ ၅

# သဖန်းဆိပ်ရေလှောင်တမံမှ ရေထုတ်လွှတ်လျက်ရှိရာ ရေလှောင်တမံ ကြံ့ခိုင်ကောင်းမွန်ပြီး တမံအောက်ဘက်ဒေသများ စိုးရိမ်ဖွယ်ရာမရှိ



သဖန်းဆိပ်ရေလှောင်တမံ ရေဝင်ရောက်မှုအခြေအနေကို တွေ့ရစဉ်။ (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၁၂**

သဖန်းဆိပ်ရေလှောင်တမံသည် စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သဖန်းဆိပ်ကျေးရွာအနီး မူးမြစ်ပေါ်၌ တည်ဆောက်ထားပြီး ဘက်စုံအကျိုးပြုလျက်ရှိသည်။ မူးမြစ်မှစီးဝင်ရေကို ထိန်းညှိသိုလှောင်ပြီး တမံအောက်ဘက်ရှိ ကင်းတပ်ရေလွှဲတမံနှင့် ကာဘိုးရေလွှဲဆည်များသို့ ရေကို ထိန်းညှိထုတ်လွှတ်ပေးကာ ဆည်ရေသောက်ဧရိယာဧက ငါးသိန်းခန့်ကို အကျိုးပြုလျက်ရှိသည်။

မူးမြစ်သည် ၂၈၅ မိုင်ခန့် ရှည်လျားပြီး ဧရာဝတီမြစ်၏ ကြီးမားသော မြစ်လက်တက်တစ်စင်းဖြစ်ကာ ရေဆင်းဧရိယာ စတုရန်းမိုင်ပေါင်း ၃၄၆၀ ခန့်ရှိသဖြင့် ရေဆင်းဧရိယာ အတွင်းရှိ ကောလင်း၊ ဝန်းသို၊

စာမျက်နှာ ၉ ကော်လံ ၁

# မြန်မာနှင့် လာအိုတို့ ကမ္ဘာ့ဖလားခြေစစ်ပွဲကစားမည်

သတင်း-ညီမြတ်သော်တာ

**ဗန်ကောက် အောက်တိုဘာ ၁၂**

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ အာရှဇုန်ဒုတိယအဆင့် ခြေစစ်ပွဲအုပ်စုပွဲစဉ်(၅)ကို အောက်တိုဘာ ၁၃ ရက် **(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းမှာ လာအိုအသင်းနှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းနှင့် လာအိုအသင်းတို့၏ ကမ္ဘာ့ဖလားခြေစစ်ပွဲကို ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ စူပါချာလာစိုင်းကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယခုပွဲမှာ မြန်မာအသင်းအတွက် ပထမဆုံးနိုင်ပွဲရရှိရေးအတွက် အရေးပါလျက်ရှိပြီး အိမ်ကွင်း၌နိုင်ပွဲရရှိရေး ကြိုးပမ်းရမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များအပြီးတွင် နှစ်သင်းစလုံးနိုင်ပွဲမရသေးဘဲ ရမှတ်တစ်မှတ်စီသာရရှိသေးသည်။ မြန်မာအသင်းမှာ အမှတ်တူနေသော်လည်း ဂိုးကွာခြားချက်ဖြင့် ဇယားအောက်ဆုံး၌ရပ်တည်လျက်ရှိသည်။ မြန်မာအသင်းအနေဖြင့် ဇယားအောက်ဆုံးမှ လွတ်မြောက်ရန် ယခုပွဲမှာအကောင်းဆုံးအခွင့်အရေးဖြစ်နေပြီး

စာမျက်နှာ ၁၄ ကော်လံ ၁




မြန်မာ့အလင်း
mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS